# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (29-9-2015) (၈၃၃၈)


## အေးစေ မြစေ မေတ္တာရေ

- ❁ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- ❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- ❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- ❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- ❁ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
- ❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- ❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံမမုန်း။
- ❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- ❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်



# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံမတ်ကြီးအား လက်ခံတွေ့ဆုံ မြန်မာနှင့် ထိုင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးဆွေးနွေး

သတင်းစာမျက်နှာ - ၃

# တောင်သမန်အတွက် မနက်ဖြန်များ

သတင်းဆောင်းပါး - သပြေ



ဓာတ်ပုံ - သူရိန်(မန်း)

> ဦးပိန်တံတားကြီးကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်ရမှာပါ။ အခုတံတားကြီးမှာ ဆွေးမြည့်နေတဲ့ တံတားတိုင် ၁၀၀ လဲလှယ်ဖို့၊ အောက်ခြေဆွေးမြည့်နေတဲ့ တံတားတိုင် ၁၇ တိုင် ဖြတ်ဆက်ပြုပြင်ဖို့၊ ဆွေးမြည့်ပျက်စီးနေတဲ့ တိုင်အခေါင်း ၄၆ တိုင်ကို အစားထိုးဆက်ပြီး ပြုပြင်ဖို့ - - -

ယိုယွင်းစပြုလာပြီဖြစ်သော တောင်သမန်အင်းနှင့် တောင်သမန်တံတား၏ ရုပ်သွင်ကို ယမန်နှစ်ကတည်းက သတိပြုမိလာသည်။ သဘာဝတရား၏ ဖောက်ပြန်မှုသဘောအတိုင်း ပျိုရာမှ အို၊ သစ်ရာမှ ဟောင်းကြရစမြဲ။

တောင်သမန်တံတား(ခေါ်) ဦးပိန်တံတားကြီး သစ်လွင်ခဲ့စဉ်က လန်းဆန်းတက်ကြွမှု၊ ဣန္ဒြေကြီးစွာ တည်ရှိမှုတံတားကြီး၏ အလှနှင့် တောင်သမန်အင်း၏ သဘာဝတရားတို့ လိုက်ဖက်တင့်တယ်မှုဖြင့် ပနံရစွာတည်ရှိမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဝင် ရှေးဟောင်းသစ်သားတံတားကြီးအဖြစ် "မြန်မာ" သာမက ကမ္ဘာကျော်သည်အထိ ထင်ရှားကျော်ကြားမှု၊ စိတ်ချမ်းမြေ့ဖွယ် အပန်းပြေစေမှုနှင့် ပတ်ဝန်းကျင်တစ်ခုလုံး၏ သွားလာရေးနှင့် စီးပွားရေးအရ အထောက်အကူပြုမှုတို့ကို အတတ်နိုင်ဆုံးဝန်ဆောင်မှုပေးခဲ့ပြီး တာဝန်အလီလီကျေခဲ့ပြီ။

ဦးပိန်တံတားကြီး ရင့်ရော်လာမှုနှင့်အတူ တောင်သမန်အင်းရေပြင် ကျဆင်းလာချိန်တွင် တံတားကြီးကို မူလအနေအထားမပျက်ယွင်းစေဘဲ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်ထိန်းသိမ်းရန်နှင့် တောင်သမန်အင်း သန့်ရှင်းသာယာလှပစေရန်အတွက် ဖေးမကူညီလုပ်ဆောင်ပေးရမည့်တာဝန်မှာ သက်ဆိုင်သူအားလုံး ဖြစ်လာခဲ့သည်။

**ဦးပိန်တံတားကြီး-**

**"အင်းကအောင်အာ"**ဟု တံတားကြီးတည်ဆောက်ခဲ့သည့်(၁၂၁၁)ခုနှစ်ကိုလည်းကောင်း၊ **"အင်းကအောင်ညီ"**ဟု တံတားကြီး ဆောက်လုပ်ပြီးစီးခဲ့သည့်(၁၂၁၃)ခုနှစ်ကို လည်းကောင်း စာချိုးဖြင့်ဖော်ပြခဲ့မှု၊ ပုဂံမင်းလက်ထက်တွင် အမရပူရမြို့စာရေး မောင်ပိန်က တောင်သမန်ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူများသွားလာမှုအဆင်ပြေစေရန် တောင်သမန်အင်းကိုဖြတ်၍ နှစ်နှစ်ခန့်ကြာ ဆောက်လုပ်ခဲ့မှု၊ စစ်ကိုင်းနှင့် အင်းဝမြို့များမှ နန်းတော်ဟောင်းနှင့် အိမ်တော်ဟောင်းများမှ သစ်သားဟောင်းများကို ပုဂံမင်းက အများပြည်သူအတွက် တံတားဆောက်လုပ်ရန် ခွင့်ပြုခဲ့မှုနှင့် ဘုရင့်စစ်လှေကြီးများ၊ ပြည်ကြီးမွန်စသည့် ဘုရင့်ဖောင်တော်ကြီးများ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်စေရေး လွယ်ကူစွာဖြုတ်နိုင်၊ တပ်နိုင်ရန် **စာမျက်နှာ ၉ ကော်လံ ၁ သို့**



ကြေးမုံ စာ တ ည်း ရှု ထော င့် ၂၉-၉-၂၀၁၅၊ အင်္ဂါနေ့

# စားသုံးသူအကာအကွယ်ပေး

ယခုအခါ ပြည်သူအများစုတွင် အစားအသောက်နှင့်ပတ်သက်၍ ဘေးထွက်ဆိုးကျိုးများ ကြုံတွေ့လာသည်ဟု ဆိုရမည်ဖြစ်သည်။ အကျိုးဆက်အားဖြင့် အသက်အရွယ်မရွေး အသက်အန္တရာယ်နှင့် ခန္ဓာကိုယ်ကို ထိခိုက်စေနိုင်သော ရောဂါအသစ်အဆန်းများ ခံစားလာရ၍ ဆေးကုသမှုခံယူနေရသူများကို ဆေးရုံ၊ ဆေးခန်း တစ်နေ့တခြား မြင်တွေ့လာရသည်။

များသောအားဖြင့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အဆုတ်၊ ကျောက်ကပ်နှင့် အစာအိမ်၊ အူမကြီးဆိုင်ရာ ရောဂါများသာမက ကုသရမလွယ်ကူသည့် ကင်ဆာရောဂါများပါ အဖြစ်များလာသည်။ အဆိုပါ ရောဂါများမှာ ကူးစက်ရောဂါများမဟုတ်ဘဲ အများအားဖြင့် နေထိုင်မှုပုံစံနှင့် အစားအသောက်များကြောင့်ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ထို့အပြင် လူငယ်လူရွယ်များသာမက အသက်အရွယ်မရွေး အမျိုးသားများ လွယ်လွယ်ကူကူ သောက်သုံးတတ်ကြသည့် အဖျော်ယမကာများကြောင့်လည်း ကျန်းမာရေးထိခိုက်သည်ကို တွေ့ရသည်။ သောက်သုံးသူများအား အကျိုးမပြုစေသည့် စံချိန်စံညွှန်းမမီသည့် အဖျော်ယမကာများကို နေ့စဉ်မှီဝဲလာသောအခါ ရေရှည်တွင် အသက်အန္တရာယ်ကို ဖြစ်စေသည့် အနေအထားများသို့ပင် ရောက်လာခဲ့သည်။

ထို့ကြောင့် စားသုံးသူများအား အကာအကွယ်ပေးနိုင်ရေးအတွက် စားသုံးရန် မသင့်သည့် အစားအစာများကို သက်ဆိုင်ရာအဖွဲ့အစည်းများက နေ့စဉ်ကွင်းဆင်းစစ်ဆေးကာ ရောင်းချသူများကို ပညာပေးလျက်ရှိသကဲ့သို့ စားသုံးသူများကိုလည်း မသန့်ရှင်းသော အစားအစာများကို မစားသုံးမိစေရန် အသိပညာများပေးဝေနေသည်ကို တွေ့ရပါသည်။

လူအများ နေ့စဉ်စားသုံးနေသော အစားအစာများတွင် မီးဖိုချောင်သုံးစားသောက်ကုန်ဖြစ်သည့် စားသုံးဆီသည် လူတို့ကျန်းမာရေးအတွက် အရေးကြီးသောပစ္စည်းဖြစ်လာသည်။ မြန်မာတို့အနေဖြင့် ချက်ပြုတ်ရာတွင် ဆီမပါလျှင် မပြီးချေ။ ဝယ်ယူစားသုံးသော အစားအစာများတွင်လည်း စားသုံးဆီနှင့် မလွတ်ကင်းချေ။ ထို့ကြောင့် သန့်ရှင်းသော စားသုံးဆီဖြစ်ရန်လိုအပ်လာသည်။

ဆီကြောင့်ဖြစ်တတ်သော ရောဂါများမှာ များပြားလွန်းသဖြင့် ဆီလျှော့စားသုံးရန် ကျန်းမာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ် အသိပညာပေးနေသော်လည်း ပြည်သူများမှာ အစားအတွက်ဘေးဖြစ်မည်ကို မကြည့်ဘဲ နေ့စဉ် မှန်မှန်စားသုံးနေကြသည်။ စားသုံးသူများအနေဖြင့် ဆီအမျိုးမျိုးကို ဝယ်ယူသုံးစွဲလျက်ရှိသည့်အနက် ဓာတုပစ္စည်းရောနှောထားသည့် ရောဆီနှင့် ပြန်ကြော်ဆီဖြစ်သည့် အရောင်ချွတ်ရောင်းချသော ဆီများကို မစားသုံးမိဖို့လိုသည်။

ဆီတွင် သဘာဝဆီဟုခေါ်သည့် မပြည့်ဝဆီနှင့် အစားထိုးဆီဟုခေါ်သည့် ပြည့်ဝဆီဟူ၍ နှစ်မျိုးရှိရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က အတည်ပြုထားသော ဆီတို့ကိုသာ စားသုံးသင့်ပါသည်။ အရောအနှောဆီများ၊ မသန့်ရှင်းသောဆီများကို စားသုံးမိပါက စားသုံးသူများတွင် အထက်ဖော်ပြပါ ရောဂါတစ်မျိုးမျိုးမက ရရှိစေပါသည်။

သို့ဖြစ်ရာ ပြည်သူများ အစားအသောက်ကြောင့် ဘေးဒုက္ခမရောက်စေရန် စားသုံးသူများ အကာအကွယ်ပေးရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနေပါသည်။ စားသုံးသူများကလည်း မိမိတို့ကျန်းမာရေးအတွက် သန့်ရှင်းသော အစားအစာများကို ရွေးချယ်စားသုံးတတ်စေရန် တိုက်တွန်းအပ်ပါသည်။ ။

# အခြေခံသမဝါယမအသင်းသားများအား ချေးငွေများထုတ်ချေး

**စဉ့်ကိုင် စက်တင်ဘာ ၂၈**

စဉ့်ကိုင်မြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆီစက်၊ ဆန်စက်လုပ်ငန်းများ၊ ငါးမွေးကန်လုပ်ငန်း၊ စတိုးဆိုင်လုပ်ငန်း၊ အသေးစားချေးငွေလုပ်ငန်း၊ ဓာတ်မြေဩဇာဖြန့်ဖြူးခြင်းလုပ်ငန်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာသုံး စက်ကိရိယာများ အရစ်ကျဝယ်ယူရရှိရေး ပံ့ပိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ကျေးလက်နေပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုအနေဖြင့် အရည်အသွေးကောင်းမွန်သည့် ဆန်များထုတ်လုပ်နိုင်ရန်အတွက် ဆန်စက်ကို တစ်လလျှင် ငွေကျပ် ၁၈၀၀၀၀ နှုန်း၊ သိရိဟေမာဆီစက်အား တစ်လလျှင် ငွေကျပ် ၇၅၀၀၀ နှုန်းနှင့် ငါးမွေးကန်လုပ်ငန်းများကို တစ်နှစ်လျှင် ငွေကျပ် ကိုးသိန်းနှုန်းဖြင့် ပုဂ္ဂလိကနှင့်အကျိုးတူဆောင်ရွက်ခြင်း၊ စတိုးဆိုင်လုပ်ငန်းကို ရင်းနှီးငွေကျပ် ၁၅ သိန်းဖြင့် ပုဂ္ဂလိကနှင့် အကျိုးတူဆောင်ရွက်ခြင်း၊ သမဝါယမမိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် တစ်ဦးလျှင် ချေးငွေကျပ်နှစ်သိန်းကို အတိုး ၁ကျပ် ပြား ၅၀ နှုန်းဖြင့် ဆယ်လအရစ်ကျစနစ်ဖြင့် ငွေကျပ် ၄၆၄ သိန်းကို ထုတ်ချေးပေးခြင်း၊ အသင်းသားတောင်သူလယ်သမားများ အသုံးပြုရန်လိုအပ်သည့် ဓာတ်မြေဩဇာ ၂၅၉၂ အိတ်ကို ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် Daedorg လယ်ထွန်စက်ကြီးလေးစီး၊ ဆက်စပ်ပစ္စည်း ၁၀မျိုး၊ လက်တွန်းထွန်စက်နှစ်စီး၊ ထော်လာဂျီတစ်စီး တန်ဖိုးငွေကျပ် ၃၁၂၇ ဒသမ ၇၄၂ သိန်းကို အရစ်ကျစနစ်ဖြင့် ဝယ်ယူပေးနိုင်သည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချစေရန်အတွက် သမဝါယမအသင်းစုချုပ်မှ ပံ့ပိုးချေးငွေ ၂၅၁၃ ဒသမ ၇၀ သိန်း၊ CB ဘဏ်မှ ချေးငွေ ၁၇၄၁ ဒသမ၅၀သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ ချေးငွေကျပ် ၉၆၂၅ ဒသမ ၁၀ သိန်း စုစုပေါင်းငွေကျပ် ၁၃၈၈၀၉ ဒသမ ၃၀ သိန်းကို အခြေခံသမဝါယမအသင်း ၁၂၀ မှ အသင်းသား ၁၆၂၆၅ အား ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ကြောင်းသိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# သန့်ရှင်းရေးဆောင်ရွက်၊ စုပေါင်းသွေးလှူဒါန်း

**ပဲခူး စက်တင်ဘာ ၂၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ပဲခူးမြို့ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူးတင်မင်းဦး ဦးဆောင်သော လုံခြုံရေးရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၅၀ တို့သည် စက်တင်ဘာ ၂၇ ရက် နံနက် ၇ နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး ရဲတပ်ဖွဲ့ဝင် ၁၀၀ တို့မှာ ဆေးရုံကြီး၏ အမျိုးသား သွေးလှူဒါန်းဌာနတွင် သွေးလှူဒါန်းမှု ပြုလုပ်ခဲ့သည်။ သွေးလှူဒါန်မှု ပြုလုပ်ခဲ့သော ရဲတပ်ဖွဲ့ဝင် ၁၀၀ တို့အတွက် ဆေးရုံအုပ် ဒေါက်တာ စောသက်လျာအောင်က လိုအပ်သည့်ဆေးဝါးများကို ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်သူများ အရေးပေါ် သွေးလိုအပ်ပါက ပဲခူးမြို့ အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ် ၀၉-၅၁၁၅၁၀၄၁၊ ၀၉-၄၀၂၅၆၃၉၇၅ တို့နှင့်အတူ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းစစ်သူ(ပဲခူး)**

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ. အ. မ. ဖ)ပါတီ၊ ရခိုင်အမျိုးသားပါတီနှင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၉ ရက် ည ၇နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**


# သန်းခေါင်စာရင်းအချက်အလက် အသိပညာပေးသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရရှိခဲ့သည့် လူဦးရေဆိုင်ရာအချက်အလက်များဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း ခရိုင်အဆင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဒက္ခိဏခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ညိုက သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် အချက်အလက်များဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ ဆက်)**




# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၈**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၂၁-၉-၂၀၁၅ ရက်နေ့မှ ၂၅-၉-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၂၉ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၇၉ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၆၅၀၀ | - | ၇၇၆၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၇၆၅၀၀ | - | ၇၇၆၅၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၄၀. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၁. ၇၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၅၇၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၂. ၆၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၄၃၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၆၈. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၇၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၂. ၅၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၂. ၀၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# မြန်မာနှင့်ထိုင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု စူဗန်နဂျာတာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဟံစိန်၊ ဦးသန့်ရှင်း၊ ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီစနု စူဗန်နဂျာတာအား တွေ့ဆုံနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

## မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက် ဖြစ်ပေါ်နေမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၅ ဒသမ ၅၀ လက်မ၊ စဉ့်ကိုင်မြို့တွင် ၃ ဒသမ ၂၄လက်မ၊ အမရပူရမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ တံတားဦးမြို့တွင် ၂ ဒသမ ၂၈လက်မ၊ မှော်ဘီမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၅၈ လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ ဒသမ ၄၁ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

# ဂျပန်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် ရထားတွဲဆိုင်း ရန်ကုန်-ကြည့်မြင်တိုင်-ပဲခူးလမ်းပိုင်းအား စတင်စမ်းသပ်ပြေးဆွဲ




**ရန်ကုန်-ကြည့်မြင်တိုင်-ပဲခူးလမ်းပိုင်းအား စတင်စမ်းသပ်ပြေးဆွဲသော RBE ( DMUs) ရထားတွဲဆိုင်းကို တွေ့မြင်ရစဉ်။**

**ရန်ကုန် စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံ East Japan Railway ကုမ္ပဏီမှ မြန်မာ့မီးရထားသို့ ပေးပို့လှူဒါန်းသည့် ဂျပန် ယန်း ၁၀၀ တန် RBE ( DMUs)ခြောက်စီးပါ RBE ရထားတွဲဆိုင်းမှာ ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်-ကြည့်မြင်တိုင်-ပဲခူးလမ်းပိုင်းအား ခရီးသည်မတင်ဆောင်ဘဲ စတင်စမ်းသပ်ပြေးဆွဲခဲ့သည်။

ဂျပန်နိုင်ငံ East Japan Railway ကုမ္ပဏီမှ မြန်မာ့မီးရထားသို့ ပေးပို့လှူဒါန်းမည့် RBE ( DMUs) ၁၉ စီးအနက် ခြောက်စီးနှင့်နည်းပညာ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်ဘူတာကြီးရှိ စခန်းသာအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံ သံအမတ်ကြီးတို့မှ အမှာစကားများပြောကြားကြသည်။

ထို့နောက်မှ East Japan Railway မှ Deputy President TAKAO NISHIYAMA က မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းအား DMU များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဂျပန်နိုင်ငံသံအမတ်ကြီးက "အာရှနိုင်ငံတွေထဲမှာ မြို့ပတ်ရထားများပြေးဆွဲနေတာကတော့ ရန်ကုန်မြို့နဲ့တိုကျိုမြို့ဆိုတဲ့ မြန်မာနှင့်ဂျပန်နိုင်ငံတို့ပဲရှိတာပါ။ ရထားလမ်းပိုင်းတည်ဆောက်ထားမှုနှစ်ကာလနှင့် ပမာဏကလည်း နှစ်နိုင်ငံစလုံးတူညီကြပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအရှည်က ၄၈ ဒသမ ငါးကီလိုမီတာအရှည်ရှိတယ်လို့သိရပါတယ်။မြန်မာနိုင်ငံကဲ့သို့ ကောင်းမွန်ထူးခြားအသုံးပြုနိုင်သော အခြေခံအဆောက်အအုံများဟာ အခြားနိုင်ငံများမှာမရှိပါဘူး။ တိုကျိုမြို့မှာဆို ရထားစီးခရီးသည်က နိုင်ငံ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းရှိပါတယ်။ ရန်ကုန်မြို့မှာတော့ ရထားစီးခရီးသည်တစ်ရက်ကို ခုနစ်သောင်းဝန်းကျင်ရှိတော့ တိုကျိုမြို့နဲ့နှိုင်းယှဉ်ရင် ရထားစီးခရီးသည်က နည်းပါးပါတယ်။ နောက်ပိုင်းဆို ရန်ကုန်မြို့မှာ စီးပွားရေးပိုမိုတိုးတက်လာမှာဖြစ်ပြီး ခရီးသွားပြည်သူများ ပိုမိုများပြားလာမှာဖြစ်ပါတယ်။ အဲဒီအခါမှာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းဖို့အတွက်ရထားလုပ်ငန်းများချဲ့ထွင်ဖို့ မဖြစ်မနေလိုအပ်ပါတယ်။ အဲဒီတော့ ဒီမှာက လက်ရှိရထားအသုံးပြုသူ ၁ ရာခိုင်နှုန်းနဲ့ ကားအသုံးပြုသူ ၆၀ ရာခိုင်နှုန်း ဖြစ်နေတာဆိုတော့ အနာဂတ်ကာလမှာ ရထားအသုံးပြုသူ ၆၀ ရာခိုင်နှုန်းဖြစ်လာမယ်လို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမိပါတယ်။ ဒါကြောင့် လက်ရှိကျွန်တော်တို့ဂျပန်နိုင်ငံက ရန်ကုန်မြို့ပတ်ရထားအဆင့်မြှင့်တင်ရေးသာမကဘဲ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများပါ ကူညီထောက်ပံ့ပြီးတော့မြန်မာနိုင်ငံရဲ့ရထားပို့ဆောင်ရေးကဏ္ဍအဆင့်မြှင့်တင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်တဲ့အခါမှာလည်း ရထားတွဲဆိုင်းများသာမက ရထားတွဲများထိန်းသိမ်းရေးအတွက် နည်းပညာများပါ သင်ကြားပေးသွားမှာပါ။ JREAST အနေနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို အထူးကျေးဇူးတင်ရှိတယ်လို့ပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းကလည်း "ဂျပန်နိုင်ငံကနေပေးပို့လှူဒါန်းမယ့် ၁၉ စီးထဲကနေ ခြောက်စီးကိုတွဲဆိုင်းပြုလုပ်ပြီး မြို့ပတ်လမ်းပိုင်းမှာပြေးဆွဲပေးသွားမှာပါ။ ဒါပေမယ့် ဒီတွဲဆိုင်းကတော့ အဲကွန်းမပါပါဘူး။ ပန်ကာပါရှိပါတယ်။ ဒီတော့ ဒီတွဲဆိုင်းကို မြို့တစ်ပတ်ပတ်မယ့် မြို့ပတ်လမ်းပိုင်းမှာပဲ အစားထိုးထည့်သွင်းပြေးဆွဲသွားမှာပါ။ ရထားလက်မှတ်ခ သတ်မှတ်နှုန်းထားကလည်း အရင်နှုန်းထားအတိုင်း လက်မှတ်တစ်စောင်ကို ငွေကျပ်၂၀၀ နှုန်းနဲ့ ရထားစီးခရီးသည်များအတွက် ရောင်းချပေးသွားမှာပါ။ ရထားတွဲတစ်တွဲကိုတော့ မြန်မာငွေကျပ်သိန်းတစ်ထောင်ရှိပါတယ်။ အရင်ကလည်း မြန်မာ့မီးရထားကို ဂျပန်နိုင်ငံကရထားတွဲများ လှူဒါန်းခဲ့ပါတယ်။ မြန်မာ့မီးရထားမှ ဂျပန်နိုင်ငံက ဝယ်ယူတင်သွင်းတာနဲ့ ဂျပန်နိုင်ငံကပေးပို့လှူဒါန်းတာ အားလုံးပေါင်းလိုက်ရင် စုစုပေါင်း ရထားတွဲ ၂၇၇ တွဲရှိသွားပါပြီ"ဟု ယနေ နံနက်ပိုင်းက RBE ရထားတွဲဆိုင်းစမ်းသပ်မပြေးဆွဲမီရှင်းပြသည်။

လက်ရှိရန်ကုန်မြို့ပတ်ပြေးဆွဲနေသော မြို့ပတ်တွဲဆိုင်း ၂၃ တွဲရှိပြီး East Japan Railway ကုမ္ပဏီနှင့် Japan Railway Central ကုမ္ပဏီတို့မှပေးပို့လှူဒါန်းမည့် ရထားတွဲ ၃၁ စီး အနက် တွဲပေါင်း ၁၈ စီးရောက်ရှိပြီး ၁၃ စီး ကျန်ရှိသေးကြောင်း၊ ဂျပန်နိုင်ငံ JICA နှင့် ပူးပေါင်း၍ ရေရှည် Urban Transport စီမံကိန်းအရ ရန်ကုန်မြို့ပတ်လမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းများတိုးချဲ့ခြင်း စီမံကိန်းများရှိနေရာ လက်ရှိ JICA မှ ကြီးကြပ်ဆောင်ရွက်၍ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများဖြင့် ရန်ကုန်-တောင်ငူ၊ တောင်ငူ-ရမည်းသင်း၊ ရမည်းသင်း-မန္တလေးလမ်းပိုင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့နံနက်ပိုင်းက ရန်ကုန်-ကြည့်မြင်တိုင်-ပဲခူးလမ်းပိုင်းအား စတင်စမ်းသပ်ပြေးဆွဲခဲ့သော တွဲပေါင်း ခြောက်တွဲပါ မြို့ပတ်တွဲဆိုင်းမှာ တစ်တွဲလျှင်ထိုင်စီး၊ ရပ်စီး ခရီးသည်ဦးရေ ၁၀၀ လိုက်ပါစီးနင်းနိုင်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**(၀၄၀)**

# သင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသည့် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးသင်တန်း၊ အမျိုးသား၊အမျိုးသမီး တန်းတူညီမျှရေးဖိုရမ်သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းဝေနှင့် အလုပ်အမှုဆောင် ဒေါ်ဝင်းအိခိုင်တို့သည် စက်တင်ဘာ ၂၆ ရက်ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**(စွမ်းဆောင်ရှင်များအသင်း)**

# အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် အိုင်အက်စ်အဖွဲ့က တိုက်ခိုက်မှုကြောင့် လူ ၃၁ ဦးသေဆုံး

**ရာမာဒီ(အီရတ်) စက်တင်ဘာ ၂၈**

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် စက်တင်ဘာ ၂၇ ရက်က ဖြစ်ပွားသော အိုင်အက်စ်အဖွဲ့၏ အသေခံဗုံးဖောက်ခွဲမှုနှစ်ကြိမ် အပါအဝင် လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် လေကြောင်းမှပစ်ခတ်တိုက်ခိုက်မှုများကြောင့် လူ ၃၁ ဦး သေဆုံးခဲ့ကြောင်း ယင်းပြည်နယ်လုံခြုံရေးသတင်းရင်းမြစ်များက ပြောကြားသည်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့၏ အနောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဖလူဂျာမြို့ အရှေ့ပိုင်းရှိ အီရတ်စစ်အခြေစိုက်စခန်းတစ်ခုကို ပေါက်ကွဲပစ္စည်းများ အပြည့်တင်ဆောင်လာသည့် ကားနှစ်စီးဖြင့် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ အီရတ်တပ်ဖွဲ့ဝင် ၁၂ ဦးနှင့် ဟက်ရှီရှာကီပြည်သူ့စစ်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း ပြည်နယ်လုံခြုံရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ယင်းစစ်စခန်း၌ ကြီးမားသော ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားပြီးနောက် အိုင်အက်စ်စစ်သွေးကြွဦးရေ ဒါဇင်များစွာက နောက်ဆက်တွဲ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ယင်းစစ်သွေးကြွများစွာလည်းသေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ထို့ပြင် ဘဂ္ဂဒက်မြို့တော်အနောက်ဘက် ကီလိုမီတာ ၁၁၀ အကွာရှိ ပြည်နယ်မြို့တော် ရာမာဒီ၏ အရှေ့ဘက်ဆင်ခြေဖုံးဒေသ ရှယ်လ်ရှာကီရာတွင် အီရတ်ရဲတပ်ဖွဲ့နှင့် အိုင်အက်စ်အဖွဲ့တို့ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ပွဲများအတွင်း အိုင်အက်စ်စစ်သွေးကြွရှစ်ဦးသေဆုံးပြီး ၎င်းတို့၏ ကုန်တင်ယာဉ်များစွာကို ဖျက်ဆီးနိုင်ခဲ့သည်ဟု ပြည်နယ်လုံခြုံရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ထိုစဉ်အတွင်း ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက် ကီလိုမီတာ ၁၆၀ အကွာရှိ အိုင်အက်စ်သူပုန်များ သိမ်းယူထားသည့် ဟီးတ်မြို့ကို အီရတ်လေတပ်က စီးနင်းတိုက်ခိုက်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွသုံးဦးနှင့် အရပ်သားလေးဦးတို့ သေဆုံးခဲ့ကြောင်း ဒေသဆိုင်သတင်းများတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# ကုလသမဂ္ဂမိန့်ခွန်းများတွင် ဆီးရီးယားပြဿနာနှင့် ရွှေ့ပြောင်းဒုက္ခသည်များအရေး အလေးထား

**နယူးယောက် စက်တင်ဘာ ၂၈**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များသည် ၎င်းတို့၏မိန့်ခွန်းများတွင် ဆီးရီးယားပြည်တွင်းစစ်ပြဿနာနှင့် ရွှေ့ပြောင်းဒုက္ခသည်များပြဿနာကို အလေးထားဆွေးနွေးပြောကြားဖွယ်ရှိသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အစီရင်ခံစာဖြင့် စက်တင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့သည်။ အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင် ၁၅၀ ကျော် တက်ရောက်ခဲ့သည်။ ယခုနှစ်သည် ကုလသမဂ္ဂအဖွဲ့ကြီးတည်ထောင်သည့် နှစ် ၇၀ ပြည့်အထိမ်းအမှတ်နှစ်ဖြစ်သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမား၊ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တောင်ကိုရီးယားသမ္မတ ပါ့ခ်ဂွန်ဟေးတို့သည် စက်တင်ဘာ ၂၈ ရက်တွင် မိန့်ခွန်းပြောကြားခဲ့ကြသည်။ ယင်းသို့ မိန့်ခွန်းများပြောကြားရာတွင် ဆီးရီးယားနိုင်ငံနှင့် အခြားဒေသများမှ ရွှေ့ပြောင်းဒုက္ခသည်များအရေးနှင့် ဆီးရီးယားနိုင်ငံတွင်ဖြစ်ပွားနေသည့် ပြည်တွင်းစစ်အခြေအနေတို့ကို အလေးထားပြောကြားဖွယ်ရှိသည်။ နောက်ထပ်အလေးထားဆွေးနွေးပြောကြားမည့် အကြောင်းအရာမှာ ကမ္ဘာကြီးပူနွေးလာမှုအကြောင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက စက်တင်ဘာ ၂၉ ရက်တွင် မိန့်ခွန်းပြောကြားရန် စီစဉ်ထားပြီး ညီလာခံကို အောက်တိုဘာ ၃ ရက်ထိ ကျင်းပသွားရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ။**



# လူမှုသတင်းမီဒီယာများကို ကြိုဆိုအားပေးလိုက်သည့် မိုဒီ

**နယူးယောက် စက်တင်ဘာ ၂၈**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်ရှိ ဖေ့စ်ဘွတ်ခ်ဌာနချုပ်သို့ အလည်အပတ်ရောက်ရှိခဲ့စဉ်က လူမှုသတင်းမီဒီယာများ၏ ထိရောက်သည့် အကျိုးသက်ရောက်မှုစွမ်းအားများကို ချီးကျူးဂုဏ်ပြုခဲ့သည်။

“ဒီကနေ့ လူမှုသတင်းမီဒီယာများရဲ့ စွမ်းအားဟာ အစိုးရတွေရဲ့ မှားယွင်းစွာလုပ်ကိုင်ဆောင်ရွက်နေတာတွေကို ထောက်ပြပြောဆိုနိုင်သလို ဦးတည်ချက်မှားယွင်းနေတဲ့လုပ်ရပ်တွေကိုလည်း ရပ်တန့်သွားအောင် စွမ်းဆောင်နိုင်ပါတယ်” ဟု မိုဒီက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

“ကျွန်တော်တို့ ရွေးကောက်ပွဲတွေကို ငါးနှစ် တစ်ကြိမ်လုပ်ကြပါတယ်။ အခုဆိုရင် ငါးမိနစ်တစ်ကြိမ်လည်း လုပ်နိုင်ပါတယ်” ဟု နည်းပညာအကြောင်း နားလည်သဘောပေါက်နေသည့် မိုဒီက ပြောကြားသည်။

အသက် (၆၅)နှစ်ရှိ မိုဒီသည် ဖေ့စ်ဘွတ်ခ်နှင့် တွစ်တာ လူမှုသတင်းမီဒီယာစာမျက်နှာများကို ပုံမှန်သုံးစွဲပြီး ၎င်း၏ အွန်လိုင်းမိတ်ဆွေသန်းပေါင်းများစွာနှင့် ဆက်ဆံနေသူဖြစ်သည်။

မိုဒီသည် အိန္ဒိယကျေးရွာထောင်ပေါင်းများစွာတွင် အင်တာနက်ချိတ်ဆက်သုံးစွဲနိုင်ရန်နှင့် နည်းပညာရင်းနှီးမြှုပ်နှံမှုတိုးတက်ရန် တစ်ခါတစ်ရံ ၎င်း၏ ‘ဒစ်ဂျစ်တယ်အိန္ဒိယ’ လှုပ်ရှားမှုကို အားပေးမြှင့်တင်လေ့ရှိသည်။

**ဆင်ဟွာ။**



# အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းရန် ရုရှား၊ အီရန်၊ အီရတ်နှင့် ဆီးရီးယားတို့ သတင်းအချက်အလက်များဖလှယ်ရန်သဘောတူ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၈**

ရုရှားအစိုးရက အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရာတွင် အထောက်အကူပြုသည့် လုံခြုံရေးနှင့်ထောက်လှမ်းရေးသတင်းအချက်အလက်များကိုဖလှယ်ရန် အီရတ်၊ အီရန်နိုင်ငံများအပါအဝင် ဆီးရီးယားအစိုးရတို့နှင့် သဘောတူညီမှုရယူခဲ့ကြောင်း သတင်းများအရ သိရသည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံရှိ စစ်သွေးကြွများ၏အမာခံနယ်မြေများကို ရှင်းလင်းသုတ်သင်ရန်နှင့် စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုများကို လက်တုံ့ပြန်ရန် အီရတ်အစိုးရက လေးနိုင်ငံသတင်းဖလှယ်ရေးအစီအစဉ်ကို သဘောတူညီခဲ့ခြင်းဖြစ်သည်ဟု စက်တင်ဘာ ၂၇ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

လေးနိုင်ငံအချင်းချင်း အိုင်အက်စ်စစ်သွေးကြွများနှင့် ပတ်သက်သော လုံခြုံရေးနှင့် ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖလှယ်ရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းရန် လိုအပ်ကြောင်း အီရတ်ဝန်ကြီးချုပ်၏ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

ရုရှားနှင့်အီရန်နိုင်ငံတို့က ဆီးရီးယားသမ္မတ ဘာရှားအာဆတ်ကို ထောက်ခံအားပေးသည်။ ထို့ကြောင့် ရုရှားက စက်တင်ဘာလအစောပိုင်းတွင် စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရာတွင် အထောက်အကူဖြစ်စေရန် ဆီးရီးယားအစိုးရအား တိုက်လေယာဉ်အသစ်များကို ထောက်ပံ့ပေးခဲ့သည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့အနေဖြင့် စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရာတွင် သိသာထင်ရှားသော ရလဒ်များမရရှိသေးမီ ရုရှားအစိုးရက စစ်သွေးကြွများကို ချေမှုန်းရန် ၎င်းတို့၏စစ်အင်အားနှင့် လုပ်နိုင်စွမ်းပကားတို့ကို မြှင့်တင်ရန် ကြိုးစားလျက်ရှိသည်ဟု လေ့လာစောင့်ကြည့်သူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ရုရှား-မြန်မာ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ မစ္စတာ အလက်ဇန်ဒါ ဖိုမင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးဇင်ယော်နှင့် ဒေါ်လှဲ့လှဲ့သိန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr.Vasily Pospelov လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် ရဟတ်ယာဉ်နှင့်သက်ဆိုင်သည့် လုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်၌ ဖွဲ့စည်းထားသည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်း အမှတ်(၅၉)ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

# နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် အလုပ်သမားရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Mr.Kawasaki Jiro ဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံကာ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Mr. Kawasaki Jiro က မြန်မာနိုင်ငံ၏ ရေပေးဝေမှုစနစ်၊ ကျန်းမာရေးအာမခံစနစ်၊ ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ပစ္စည်းကိရိယာများနှင့် နည်းပညာများ ပံ့ပိုးပေးမည့် အစီအစဉ်များကို ပြောကြားရာ ပြည်ထောင်စုဝန်ကြီးက ရေကောင်းရေသန့် ရရှိရေးသည် ကျန်းမာရေးအတွက် အလွန်အရေးကြီးသဖြင့် ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ဆေးပညာသင်ကြားရေးနှင့် ကုသရေးလုပ်ငန်းများအတွက် နည်းပညာနှင့် ပစ္စည်းကိရိယာများ ပံ့ပိုးကူညီခြင်းများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်မှုပညာဌာနနှင့် ဂျပန်နိုင်ငံမှ Japan International Medical Co- Operation Organization (JIMCO) အဖွဲ့တို့ ကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်မှုပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာမြတ်သူက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် Mr. Kawasaki Jiro တို့သည် ဆေးတက္ကသိုလ်(၁) ရန်ကုန်ရှိ Emergency Medicine Skill lab Training Room တွင် ဂျပန်နိုင်ငံ Japan International Co-Operation Organization (JIMCO) အဖွဲ့မှ လှူဒါန်းထားသော သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားကာ Skill Training Laboratory တွင် လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား တာဝန်ချိန်သုံး ကျဉ်စက်များထုတ်ပေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်ရာတွင် တချို့သော စည်းကမ်းဖောက်ဖျက်သူများသည် အရေးယူမှုကို အသာတကြည်ခံယူမှုမရှိဘဲ တာဝန်အရ တရားဥပဒေနှင့်အညီ စစ်ဆေးမေးမြန်းသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား ကိုယ်ထိလက်ရောက်ပြုမှုများ ရှိလာသည်ကို တွေ့မြင်သိရှိနေရသည်။

အဆိုပါ ကိုယ်ထိလက်ရောက် ကျူးလွန်သူများကို ခုခံနိုင်ရန်နှင့် အသက်အန္တရာယ်ပြုမှုမှုများအတွက် ကာကွယ်နိုင်ရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးများအား ကျဉ်စက်များ ထုတ်ပေးထားကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်ရာတွင် ကျဉ်စက်များ အသုံးပြုမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက "တပ်ဖွဲ့ဝင်တွေ တာဝန်ထမ်းဆောင်တဲ့အခါ ရောင်ပြန်မီးချောင်းကို ဝဲဘက်ခါးမှာ ချိတ်ထားရမယ်။ စကားပြောစက်နဲ့ နံပါတ်တုတ်ကိုတော့ ညာဘက်ခါးမှာချိတ်ပြီး တာဝန်ထမ်းဆောင်ရပါတယ်။ ယူနီဖောင်းကိုလည်း သပ်ရပ်စွာ ဝတ်ဆင်ထားရမယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ အရ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခုခံပိုင်ခွင့်ရှိရမယ်။ ပုဒ်မ ၁၀၀ မှာ အချက် (၆)ချက်ရှိတယ်။ တပ်ဖွဲ့ဝင်တွေကိုလည်း ရှင်းလင်းချပြထားတယ်။ ပုဒ်မ ၁၀၀ အရ ကာကွယ်ခုခံပိုင်ခွင့်ရှိတဲ့ ဒီပစ္စည်းကို မိမိအသက်အန္တရာယ် ကာကွယ်ဖို့အတွက် သုံးစွဲရမယ်။ သာမန်အချိန်မှာ ကင်းလှည့်တာဆိုရင် နံပါတ်တုတ်၊ လျှပ်စစ်ဓာတ်မီးအနေနဲ့လည်း သုံးစွဲနိုင်ပြီး လိုအပ်ရင် ကျဉ်စက်အနေနဲ့ သုံးနိုင်တယ်။ အရှည် တစ်ပေခွဲလောက်ရှိပါတယ်။ တော်ရုံတန်ရုံ လက်နက်နဲ့လာရင် အဟန့်အတားတစ်ခုဖြစ်တယ်။ ရဲတပ်ဖွဲ့ဝင် အမျိုးသမီးတွေအတွက် ကျဉ်စက်က ရှစ်လက်မ၊ ၁၀ လက်မ လောက်ရှိတယ်။ အားသွင်းလို့ရတယ်။ မလိုအပ်လို့ ပါဝါပိတ်ထားရင် ဘာမှအန္တရာယ်မရှိဘူး။ ခါးမှာချိတ်ထားရမယ်။ အသက်အန္တရာယ်အတွက် အပြင်းအထန် အနေအထားတစ်ခုဖြစ်လာရင် မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်အနေနဲ့ ထည့်ပေးထားတာပါ။ ဒါကြောင့် တပ်ဖွဲ့ဝင်တွေအတွက် ထုတ်ပေးထားတာပါ။ ဘယ်အချိန်မှာ သုံးရမယ်ဆိုတာလည်း ပြောပြထားပါတယ်" ဟု ရှင်းလင်းပြောကြားသည်။



ယခုအခါ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွက် ကျဉ်စက် စုစုပေါင်း ၆၅၀ ကို အချိုးကျဖြန့်ဝေပေးထားပြီးဖြစ်ကြောင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ဥပဒေနှင့်အညီ စည်းကမ်းသတ်မှတ်ချက်အတိုင်း လိုက်နာအသုံးပြုလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **(သတင်းနှင့်ဓာတ်ပုံ-ဥမ္မာသန့်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ/အခြားအဆင့် (အမျိုးသား/အမျိုးသမီး) ဝတ်စုံများ အသစ်ပြဌာန်း သတ်မှတ်

**နေပြည်တော်　　စက်တင်ဘာ　　၂၈**

မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ/အခြားအဆင့် (အမျိုးသား/အမျိုးသမီး)များ လက်ရှိအသုံးပြုလျက်ရှိသည့် စစ်ဝတ်စုံများအား နိုင်ငံတကာတပ်မတော်များ၏ ဝတ်စုံများနှင့်အညီဖြစ်စေရေး၊ တပ်မတော်သားများ၏ စိတ်ဓာတ်ပိုမိုမြင့်မားတက်ကြွစေရေးနှင့် ရာသီဥတုအခြေအနေများနှင့် လိုက်လျောညီထွေစွာ ဝတ်ဆင်နိုင်ရေးအတွက် အသစ်ပြဌာန်းလိုက်ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ သတင်းရရှိသည်။

အသစ်ပြဌာန်းလိုက်သည့် ဝတ်စုံများအား ယှဉ်တွဲပါပုံများအတိုင်း သတ်မှတ်ထားကြောင်းနှင့် အဆိုပါ စစ်ဝတ်စုံအသစ်များအား သတ်မှတ်ရက်များအလိုက် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှစတင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) တစ်ရပ်လုံး ပြောင်းလဲဝတ်ဆင်ကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲရန်ကျန်ရှိသောစစ်ဝတ်စုံများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




























## အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာလ ၁-၅ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

**မိုးရွာရက်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိ ရေမှတ်များ၏ အထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့်ဖောင်းပြင်မြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့်မုံရွာမြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

## ညောင်လေးပင်မြို့နယ် ကလိန်ခင်ကျေးရွာတွင် ကျေးရွာမြေများ မြေငှားဂရန်ပေးအပ်

**ညောင်လေးပင် စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ကလိန်ခင်ကျေးရွာအုပ်စု ကလိန်ခင်ကျေးရွာတွင် ကျေးရွာမြေများ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက တောင်သီတာကျောင်းတိုက်ဓမ္မာရုံအတွင်း ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပဲခူးခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ကျေးရွာမြေများ မြေငှားဂရန် ပြုလုပ်ပေးရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြေငှားဂရန်စာချုပ်အားကျေးရွာနေပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်နိုင်ထံသို့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပဲခူးခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနခရိုင်ဦးစီးမှူး ဦးထွန်းထွန်းလင်း၊ ခရိုင်မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူ ၂၀၀ ကျော်တက်ရောက်ခဲ့ပြီး ကျေးရွာမြေငှားဂရန် ၂၂၁ စောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျား/မ တန်းတူရည်တူရှိရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်မှုဆောင်ရွက်ရန် ကမ္ဘာ့ခေါင်းဆောင်များ ကတိကဝတ်ပြု

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ကုလသမဂ္ဂဌာနချုပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် UN Women တို့က ကြီးမှူးသည့် ကျား/မ တန်းတူရည်တူရှိရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု အကောင်အထည်ဖော် ဆောင်ရွက်ရန် ကမ္ဘာ့ခေါင်းဆောင်များ၏ ကတိကဝတ်ပြုသည့် အခမ်းအနားသို့ တက်ရောက်သည်။

ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေး၏ နောက်ဆုံးနေ့တွင် ပေကျင်းကြေညာချက်နှင့် လုပ်ငန်းစဉ်၏ နှစ် (၂၀) ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အခမ်းအနားဖြစ်သည်။ အခမ်းအနားတွင် ကျား/မ တန်းတူရည်တူရှိရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုအတွက် “Beijing+20” ဗီဒီယိုကို ပြသခဲ့ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့က အဖွင့်မိန့်ခွန်း ပြောကြားသည်။

မစ္စတာ ဘန်ကီမွန်းက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့လူဦးရေထက်ဝက်အတွက် တန်းတူရည်တူနှင့် အပြည့်အဝအခွင့်အရေး မရရှိပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ ခုနှစ် အစီအစဉ် ရည်မှန်းချက်သစ်များကို အောင်မြင်ရရှိနိုင်မည် မဟုတ်ကြောင်း၊ ကျား/မ တန်းတူရည်တူရှိရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်မှုအတွက် ကမ္ဘာ့ခေါင်းဆောင်များက ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ၂၀၃၀ ခုနှစ် အစီအစဉ် ရည်မှန်းချက်များ ပြည့်မီရန် လူမှုအဖွဲ့အစည်းနှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ လူ့အခွင့်အရေး စောင့်ရှောက်သူများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ကျား/မ တန်းတူရည်တူရှိရေးပိုမိုမြှင့်တင်ရန် ပုဂ္ဂလိကကဏ္ဍကိုလည်း တိုက်တွန်းအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုနှင့် UN Women ၏ လုပ်ငန်းကို အထောက်အကူပြုရန်၊ ပေကျင်းကြေညာချက်နှင့် လုပ်ငန်းစဉ် အကောင်အထည်ဖော်ရန်နှင့် ၂၀၁၅ ခုနှစ် အလွန် ဖွံ့ဖြိုးမှုအစီအစဉ်၏ ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်ရန်အတွက် တရုတ်နိုင်ငံမှ UN Women သို့ အမေရိကန်ဒေါ်လာ ၁၀ သန်း ထည့်ဝင်သွားမည်ဖြစ်ကြောင်း၊ လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံသည် အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးစီမံကိန်း ၁၀၀ ကို အကောင်အထည်ဖော်ဆောင်ရာ၌ ကူညီသွားမည်ဖြစ်ကြောင်း၊ ဆေးဝါးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့များကိုလည်း စေလွှတ်သွားမည်ဖြစ်ကြောင်း၊ မိန်းကလေးငယ်များ ကျောင်းနေမှုတိုးမြှင့်ရန် ဘဏ္ဍာငွေထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီး ၃၀၀၀၀ အား တရုတ်နိုင်ငံတွင် သင်တန်းအစီအစဉ်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာသင်တန်း ၁၀၀၀၀၀ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မက္ကဆီကို၊ ဒိန်းမတ်နှင့် ကင်ညာနိုင်ငံတို့နှင့် အခြားနိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအကြီးအကဲများက မိန့်ခွန်းများ ဆက်လက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စပိန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ အစ်ဂ်နာဆီရို ဘနိစ်ရူဘီရိုနှင့် လည်းကောင်း၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောဂီ ဘရန်ဒီနှင့်လည်းကောင်း တွေ့ဆုံသည်။

ထို့နောက် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးအား ဂုဏ်ပြုကြိုဆိုသည့် နယူးယောက်မြို့ရှိ ဂျပန်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယူးယောက်မြို့ Time Square Sheraton ဟိုတယ်၌ ပြုလုပ်သည့် ကလင်တန်၏ ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် ၂၀၁၅ Clinton Global Citizen Award ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ Clinton Global Initiative (CGI) သည် ကမ္ဘာပေါ်တွင် ရင်ဆိုင်နေရသည့် အရေးကြီးကိစ္စရပ်များကို တီထွင်ကြံဆဖြေရှင်းရန် ဦးတည်သည့်အဖွဲ့အစည်းဖြစ်ပြီး အမေရိကန်သမ္မတဟောင်း ကလင်တန်က ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်သည်။ (သတင်းစဉ်)**



# ရွှေတိဂုံစေတီတော်နှင့် ကမ္ဘာအေးစေတီတော်တို့၌ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

ယနေ့သည် ၁၃၇၇ ခုနှစ် တော်သလင်းလပြည့်နေ့ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဂရုဓမ္မအခါတော်နေ့ တစ်နေ့ဖြစ်သည်။ ကိုယ်ကျင့်သီလစောင့်ထိန်းလိုက်နာရမည့် ဂရုဓမ္မ အခါတော်နေ့ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်နှင့် ကမ္ဘာအေးစေတီတော်တို့၌ ကျင်းပသည်။

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့အခမ်းအနားကို နံနက် ၆ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက ရွှေတိဂုံစေတီတော်မြတ်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြပြီး သူတော်ကောင်းတို့ အလေးဂရုထားကျင့်သုံးလိုက်နာသည့် ဂရုဓမ္မငါးပါးသီလတော်ဆိုင်ရာ အမွှမ်းများကို ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာပို့ဆုတောင်းခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာတင် သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ မင်္ဂလာအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးလှထွန်းက ဂရုဓမ္မ အခါတော်နေ့အကြောင်းကို မင်္ဂလာထောမနာစကားဖြင့် ရှင်းလင်းပြောကြားပြီး ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်း ၂၀ သင်းမှ အဖွဲ့ဝင်များက ဂရုဓမ္မဇာတ်တော်အမွှမ်းနှင့် ငါးပါးသီလကိုယ်ကျင့်တရားကဗျာတို့ကို စုပေါင်းရွတ်ဆိုပူဇော်ကြပြီး မေတ္တာပို့ဆုတောင်းအမျှဝေကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အသံမစဲ မဟာသမယသုတ်ရွတ်ဖတ်ပူဇော်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး စက်တင်ဘာ ၂၈**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ကျင်းပပြုလုပ်သော အသံမစဲ မဟာသမယသုတ်ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံဗုဒ္ဓဘာသာဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

အခမ်းအနားတွင် တရားနာဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝ(မဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် အရှင်သီလာစာရက သုံးလူ့ထွတ်ထားမြတ်ဘုရားအား ပင့်လျှောက်တော်မူပြီး ဆရာတော် အရှင်သံဝရက နတ်ပြဟ္မာများအား ပင့်လျှောက်ကာ ဆရာတော်သံဃာတော်များက အသံမစဲ မဟာသမယသုတ်ကို စတင်ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

အဆိုပါအသံမစဲမဟာသမယသုတ် ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့မှစ၍ စက်တင်ဘာ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် ဆရာတော်အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ်တော်မူကြမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

❐❐

**❐ စူပါတိုင်ဖုန်း ဒူဂျူအန်မှ**

ချိုင်းနားဆောက်သန်းက စက်တင်ဘာ ၂၈ ရက်တွင် တိုင်ပေမြို့တော်သို့ အသွားအပြန်ပျံသန်းမည့် လေကြောင်းခရီးစဉ် ၁၈ ခုကို ဖျက်သိမ်းရန် စီစဉ်ထားသည်။

တရုတ်အမျိုးသားမိုးလေဝသဌာနက လှေ၊ သင်္ဘောများအား ဆိပ်ကမ်းများသို့ ပြန်လာကြရန်အကြံပြုထားပြီး ဒေသဆိုင်ရာအာဏာပိုင်များက ရေကြီးရေလျှံမှုများနှင့် ဘူမိဗေဒဆိုင်ရာ ဘေးဒုက္ခများအတွက် အသင့်ပြင်ထားရန် နှိုးဆော်ထားသည်။ ဒေသခံများအနေဖြင့်လည်း မုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း မိမိတို့၏နေအိမ်များအတွင်း၌ နေထိုင်ကြရန် သတိပေးထားသည်။ **ဆင်ဟွာ။**

# အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အာရှ ယူ-၁၉ ခြေစစ်ပွဲစတင်

**ရန်ကုန် စက်တင်ဘာ ၂၈**

၂၀၁၆ အာရှယူ-၁၉ ပြိုင်ပွဲခြေစစ်ပွဲ အုပ်စု(G) ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ ဗီယက်နမ် အသင်းနှင့် တီမောအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

**(ပထမပွဲ)**

**ဗီယက်နမ် - သုံးဂိုး**

**ဟောင်ကောင် - တစ်ဂိုး**

ဗီယက်နမ်အသင်းအတွက် ဟောင်ကောင်အသင်းမှာ ပြိုင်ဘက်ကောင်းမဖြစ်ခဲ့ဘဲ လွယ်ကူသည့်နိုင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ဗီယက်နမ်အသင်းမှာ ယခုပွဲတွင် ခြေအသာဖြင့် တောက်လျှောက်ဖိကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း အဆုံးသတ်အားနည်းခဲ့၍သာ သုံးဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းမှာ အနိုင်ရရှိခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းချက်များရှိနေပြီး အခွင့်အရေးတစ်ကြိမ်ကို တစ်ဂိုးပေးခဲ့ရသည်။

အုပ်စု (G)တွင် ခြေစစ်ပွဲအောင်ရန် အိမ်ရှင်မြန်မာအသင်းနှင့်အတူ ရေပန်းစားနေသည့် ဗီယက်နမ်အသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားခဲ့သည်။ ပွဲအစ ခုနစ်မိနစ်မှာပင် ဗီယက်နမ်အသင်း ဦးဆောင်ဂိုးရခဲ့ရာ ပွဲကို စိတ်ကြိုက်ကစားနိုင်ခဲ့သည်။ ယင်းဂိုးကို ဟာဒူချင်က သွင်းယူခဲ့သည်။ ဗီယက်နမ်အသင်းက ယင်းနောက်ပိုင်းတွင် ပွဲကို ဆက်လက်ဖိကစားနိုင်ခဲ့သော်လည်း ပထမပိုင်းပြီးခါနီးတွင် မထင်မှတ်ဘဲ ဂိုးပြန်ပေးခဲ့ရသည်။ ဟောင်ကောင်အတွက် ချေပဂိုးကို ၄၂ မိနစ်တွင် ဟိုချင်းယန်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် ဗီယက်နမ်အသင်းက ဆက်လက်ဖိကစားခဲ့ပြီး ၄၇ မိနစ်တွင် ငုယင်သီလင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဗီယက်နမ်အသင်းကသာ ပွဲကို ထိန်းချုပ်သွားခဲ့ပြီး ၅၉ မိနစ်တွင် ဟာဒူချင်က တတိယဂိုးသွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် ဗီယက်နမ်နောက်ခံလူတစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ဟောင်ကောင်အသင်း ပင်နယ်တီကန်ခွင့်ရခဲ့သော်လည်း ဝင်အောင်မသွင်းနိုင်ခဲ့ပေ။

ဒုတိယပွဲစဉ်တွင် တီမောအသင်းက ဘရူနိုင်းအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ဟောင်ကောင်နှင့် တီမော၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဘရူနိုင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**



ဗီယက်နမ်အသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို သာသနာရေးဝန်ကြီးဌာနကဦးစီး၍ အလှူရှင်များ လှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။


ပြိုကျ/ပျက်စီး၍ အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းဖြစ်ပြီး ရေတိုက်စား မြေပြို၍ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းနှင့် ရေဝင်ရေမြုပ်၍ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းတို့ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်ပေးမည့် ပေ ၄၀×ပေ ၃၀(သံကူကွန်ကရစ်)ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ တန်ဖိုးမှာ ငွေကျပ် သိန်း ၅၀၀ ကုန်ကျမည်ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် တန်ဖိုးငွေကျပ်သန်း ၃၅၀၊ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ သန်း၊ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၄ သန်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၉ ဒသမ ၃၄ သန်း ကုန်ကျမည်ဖြစ်သည်။

စေတနာရှင် အလှူရှင်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းချင်း တစ်ဦးတည်းဒါယကာခံ၍ဖြစ်စေ၊ အသင်းအဖွဲ့လိုက်စုပေါင်း ဒါယကာခံ၍ဖြစ်စေ၊ တစ်ဦးချင်းတတ်အားသရွေ့ဖြစ်စေ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(နေပြည်တော်)ညွှန်ကြားရေးမှူး(ဦးစီး) ဦးထိန်လင်း ဖုန်း-၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ဖုန်း-၀၁-၆၆၁၂၇၅၊ ၀၉-၅၅၅၇၇၇၈၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀ သို့ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားသည်။ **(ကြေးမုံ)**

သာသနာရေးဝန်ကြီးဌာန
ဘုန်းတော်ကြီးကျောင်း ပေ (၄၀ × ၃၀)၊ သံကူကွန်ကရစ် (ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ)



တန်ဖိုးငွေကျပ် သိန်း (၅၀၀)

# သဘာဝဘေးကျရောက်မှု သတိပေးချက်များအပေါ် အကောင်အထည်ဖော်ရန် ရှေ့ပြေးစီမံကိန်းတွင် ပါဝင်သူများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာ့ မိုးလေဝသအဖွဲ့ချုပ် (World Meteorological Organization - WMO)နှင့် ကမ္ဘာ့ဘဏ်၏ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အထောက်အကူအဖွဲ့ (World Bank (WB)/ Glaobal Facility For Disaster Reduction and Recovery - GFDRR) တို့ ပူးပေါင်း၍ အကျိုးသက်ရောက်မှုကို အခြေခံသော ခန့်မှန်းချက်နှင့် သဘာဝဘေးကျရောက်မှုကို အခြေခံသော သတိပေးချက်များအပေါ် အကောင်အထည်ဖော်ရန် ရှေ့ပြေးစီမံကိန်းတွင် ပါဝင်ပတ်သက်သူများ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်က ကြိုဆိုနှုတ်ဆက် အမှာစကားပြောကြားသည်။ ထို့နောက် ကမ္ဘာ့ မိုးလေဝသအဖွဲ့ချုပ် မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုလျှော့ပါးရေးဝန်ဆောင်မှုလုပ်ငန်းများဌာန အများပြည်သူနှင့် သက်ဆိုင်သော မိုးလေဝသဝန်ဆောင်မှုလုပ်ငန်းများဌာနခွဲ၏ အကြီးအကဲ Ms. Haleh Kootval က အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ နယ်သာလန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့မှ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဖိတ်ကြားထားသော ပညာရှင်များနှင့် တက်ရောက် လာသူများအကြား အတွေ့အကြုံနှင့် ဗဟုသုတများမျှဝေပြီး ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် ကမ္ဘာ့ဘဏ်၏ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အထောက်အကူအဖွဲ့နှင့် အတူ ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံအတွက် အကျိုးသက်ရောက်မှုကို အခြေခံသော ခန့်မှန်းချက်နှင့် သဘာဝဘေးကျရောက်မှုကို အခြေခံသော ကြိုတင်သတိပေးချက်များအတွက် ရှေ့ပြေးစီမံကိန်းပုံစံရေးဆွဲရာတွင် အောင်မြင်မှုရရှိစေရန်၊ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များသည် တက်ရောက်လာသူကိုယ်စားလှယ်များ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ မိုးလေဝသဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျွမ်းကျင်သူ ပညာရှင်များအား ဦးဆောင်လမ်းပြမှုဖြစ်စေပြီး မြန်မာနိုင်ငံအတွက် အကောင်းဆုံးသော အဆိုပြုချက်များရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် နေထိုင်သူ Mr. Valenciennes က ယူရို ၃၀၀ လာရောက်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးသန်းထိုက်-ဒေါ်တင်တင်ဝင်းနှင့် မလေးရှားရောက် လူငယ်များက ငွေကျပ် ၃၀၀၀၀၀၊ (ဇနီး)ဒေါ်အုန်းကြည်နှင့် (သား) ဗိုလ်ကျော်ထွန်းတို့အား ရည်စူး၍ စိုက်ပျိုးရေးဝင်းကြို့ကုန်း အင်းစိန်နေ ဦးဘဟန်မိသားစုက ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၀၀၀၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၇၉၉၉၀၀၃၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၂၇၉၃၉၉၅ ဒသမ ၆၉၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ဘဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် အဝတ်အထည်မျိုးစုံကို ပေးပို့ခဲ့ကြောင်း သိရသည်။**(သတင်းစဉ်)**

# ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအား ကွင်းဆင်းကြည့်ရှု

**ကလေးဝ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မထုကြီးကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များပြောင်းရွှေ့နေမှု အခြေအနေကို စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၇ ရက်က သွားရောက်၍ ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါကမ်းပါးပြိုကျမှုကြောင့် မြစ်ကမ်းနဖူးရှိ အိမ်ပေါင်းကိုးလုံး ပြောင်းရွှေ့ခဲ့ရပြီး ကျန် ၄၂ လုံးမှာ ဆက်လက်နေထိုင်နိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေကာတာရိုက်ပေးမည်ဖြစ်သည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မထုကြီးကျေးရွာရှိ ပြည်သူများနှင့်တွေ့ဆုံကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သီဟ(iprd)**

■



## ပြည်တွင်းရေးရာ

■ရှေ့ဖုံးမှ

စီမံဆောက်လုပ်ခဲ့မှု၊ ဖောင်လမ်းကြောင်းကိုးခုနှင့် ခရီးသွားများ နားနေနိုင်စေရန် ဇရပ်လေးခု ထည့်သွင်းတည်ဆောက်ခဲ့မှုများကို လေ့လာသိရှိရသည်။

"မြေဝင်တသူ၊ ထူးမှုနှစ်ချက်၊ နှစ်ဖက်ဝရန်တာ၊ ခင်းသုံးလွှာနှင့်" စာချိုးဖြင့် တံတားတိုင် မြေဝင် ခုနစ်ပေ အနက်နှင့် မြေဝင်တိုင်အဖျားအားချွန်ထားမှု၊ တိုင်ခြေများကို အပေါက်ဖောက်၍ ထူးနှစ်ချက်ခတ်၊ ဝရန်တာနှစ်ဘက်ကာ၍ အခင်းသုံးထပ်၊ သုံးလွှာခင်း၍ ဆောက်လုပ်ထားမှု၊ ထုထည်ကြီးမားသောသစ်များ အောက်ခံထားပြီး အခင်းသစ်သားပြား သုံးဆင့်ကို တစ်ခုအပေါ်တစ်ခု ကန့်လန့်ဖြတ်တင်ကာ ဆောက်လုပ်ခဲ့မှုတို့ကို လည်းကောင်း၊ **"န၀ အ၄ ဇယ မောင်ပိန်"** ဟူ၍ တံတားတွင် တိုင်ပေါင်း ၉၈၄ တိုင်ဖြင့် ရှေးခေတ်မြန်မာဗိသုကာ လက်သမားပညာရှင်များက စကေးချိန်၊ မှန်ချိန်မပါဘဲ လက်အတိုင်းအတာ၊ ခြေလှမ်းအတိုင်းအတာတို့ဖြင့်လည်းကောင်း၊ လှိုင်းဒဏ်၊ လေဒဏ်ခံနိုင်ရန် ဖြောင့်တန်းစွာ မဆောက်လုပ်ဘဲ တောင်ဘက်သို့ ဦးမော့၍ ကွေ့ဝိုက်ကာ ကျင်တွယ်ချိုးသဏ္ဌာန် ဆောက်လုပ်ခဲ့မှုကိုလည်းကောင်း လေ့လာမှတ်သားရသည်။

ခေတ်အဆက်ဆက် ပျက်စီးယိုယွင်းမှုနှင့်အတူ ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ခဲ့ရာတွင် တံတားနှစ်ဖက်ထိပ်ရှိ အုတ်တံတားကို ဖြုတ်ပြီး သစ်သားတံတားဖြင့် အစားထိုးဆောက်လုပ်ခဲ့မှုကြောင့် တံတားတိုင်များ တိုးလာခဲ့ရာ ဇရပ်လေးဆောင်မှ တိုင်များအပါအဝင် တံတားတိုင်စုစုပေါင်းမှာ ၁၀၈၆ တိုင်အထိ ရှိလာခဲ့ပြီး မြန်မာနိုင်ငံ၏ အရှည်ဆုံးသစ်သားတံတားအဖြစ် ရပ်တည်လျက်ရှိသည်။

"ဒုတိယကမ္ဘာစစ်ပြီးကာလ ၁၉၄၆ ခုနှစ်က တောင်သမန်အင်း ရေအလွန်ကြီးပြီး ဦးပိန်တံတားကြီး ရေနစ်မြုပ်ခဲ့ဖူးပါတယ်။ တံတားတိုင်လုံးနဲ့ တံတားအခင်းတွေ ရေစီးနဲ့ မျောပါပျက်စီးခဲ့တာကြောင့် တောင်သမန်ရွာမှာနေတဲ့ အမရပူရအမတ် ဦးဘသီက ပြုပြင်ခဲ့တယ်"ဟု အမရပူရမြို့နေ အသက်(၈၄)နှစ်အရွယ်ရှိ ကျောင်းအုပ်ဆရာကြီးအငြိမ်းစား ဦးအောင်ငွေက ပြောသည်။

တောင်သမန်တံတားကြီးကို ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ရာတွင် ၁၉၆၇ ခုနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တံတားအရှေ့ဘက်ပိုင်းရှိ အခန်းပေါင်း ၅၀ အရှည်ပေ ၅၀၀ ကိုလည်းကောင်း၊ ၁၉၇၃ နှင့် ၁၉၈၈ ခုနှစ်များတွင် ရေကြီးသဖြင့် အမရပူရမြို့ရှိ မဟာဂန္ဓာရုံ ဆရာတော်ကြီး ဦးဆောင်၍ တာဝန်ရှိသူများနှင့် အလှူရှင်များ ပူးပေါင်း၍ တံတားအခန်းပေါင်း ၈၀ ခန့်ကိုတစ်ကြိမ်၊ ၄၅ ခန်းခန့်ကို တစ်ကြိမ်စီဖြင့် ပြုပြင်ခဲ့ရာတွင် အချို့နေရာများ၌ သံကူကွန်ကရစ်တံတားများဖြင့် အစားထိုး၍ ပြုပြင်ခဲ့ကြောင်း သိရသည်။

"ရှေးဟောင်းသုတေသန ခွင့်ပြုရန်ပုံငွေမှ ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၁၀ သိန်း၊ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် သုံးသိန်း၊ ၂၀၀၄ ခုနှစ်ထဲမှာ ငွေကျပ် ၃၅၅ ဒသမ ၇ သိန်း ခွင့်ပြုခဲ့ပြီး ယိုင်နေတဲ့ သစ်သားတိုင်နဲ့ ကြမ်းခင်းတွေ ပြန်လည်တည့်မတ်တာ၊ ဆွေးမြည့်နေတဲ့ ရက်မနှင့်ဆင့်တွေမှာ အစားထိုးပြုပြင်တာ၊ တံတားကြမ်းခင်းဟောင်းတွေမှာ သံချက်ကွဲနေတာကို ထပ်မံသံရိုက်တာ၊ ကျွန်းတိုင်တွေ ဆက်ပြီး ပြုပြင်ခဲ့တာတွေကို မှတ်တမ်းတွေမှာ လေ့လာတွေ့ရှိရပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။

ထို့အပြင် ဦးပိန်တံတား ပြုပြင်ခဲ့မှုများတွင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သိန်း ၁၇၀၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၄၈ ဒသမ ၅ သိန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၃၄ သိန်းတို့ ခွင့်ပြုချက်ရရှိခဲ့ပြီး တံတားတိုင်များ အစားထိုးလဲလှယ်ခြင်း၊ ဖြတ်ဆက်ခြင်း၊ တည့်မတ်ခြင်း၊ ချုပ်တန်း၊ ထောက်တန်း၊ ရက်မ၊ ဆင့်၊ ကြမ်းခင်းများ လဲလှယ်ခြင်း၊ ဇလီသတ်ခြင်း၊ လက်ရန်းများတပ်ဆင်ခြင်း၊ အခန်းနံပါတ်များ ရေးထိုးခြင်းများအပြင် အများပြည်သူ လှူဒါန်းငွေများဖြင့်လည်း ဆွေးမြည့်ပျက်စီးသည့် တံတားကြီး၏ ရက်မ၊ ဆင့်နှင့် ကြမ်းခင်းလဲလှယ်ခြင်းများကို အခါအားလျော်စွာ ပြုပြင်ခဲ့ပြီး ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

"ဦးပိန်တံတားကြီးကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်ရမှာပါ။ အခုတံတားကြီးမှာ ဆွေးမြည့်နေတဲ့ တံတားတိုင် ၁၀၀ လဲလှယ်ဖို့၊ အောက်ခြေဆွေးမြည့်နေတဲ့ တံတားတိုင် ၁၇ တိုင် ဖြတ်ဆက်ပြုပြင်ဖို့၊ ဆွေးမြည့်ပျက်စီးနေတဲ့ တိုင်အခေါင်း ၄၆ တိုင်ကို အစားထိုးဆက်ပြီး ပြုပြင်ဖို့၊ ဆွေးမြည့်နေတဲ့တံတား ရက်မ ၃၅ ချောင်း လဲလှယ်ဖို့၊ တံတားလက်ရန်း ပေအရှည် ၂၀၀ ခန့် ပြုလုပ်ဖို့၊ သစ်သားခါးပန်းများ ထည့်သွင်းပြုလုပ်ဖို့ လိုအပ်နေပါသေးတယ်"ဟု ဦးညိုမြင့်ထွန်းက ဆက်လက်ပြောကြားသည်။

တောင်သမန်တံတားကြီးမှ ကွန်ကရစ်တံတားလက်ရမ်းများတွင်လည်း အင်္ဂတေ အချောကိုင် ပြုပြင်ရန်၊ ကွဲအက်နေသော တိုင်ခေါင်းများကို စတီးပြားများဖြင့် ခါးပတ်ပြုလုပ်ထိန်းသိမ်းရန်၊ တောင့်တင်းခိုင်မာမှုရှိစေရေး ချုပ်တန်းနှင့် ထောက်တန်းများ ထည့်သွင်းပြုလုပ်ရန်အပြင် တံတားအောက်ဘက်ခြမ်းမှ ၁၅ ပေခန့်အကွာအထိ လုံခြုံရေးရှုထောင့်အရ လျှပ်စစ်မီး သွယ်တန်းတပ်ဆင်ရန်လည်း လိုအပ်ကြောင်း သိရှိရသည်။

**တောင်သမန်အင်း -**

လွန်ခဲ့သော နှစ် ၁၀၀ ခန့်က အင်းအကျယ်မှာ ဧက ၂၅၀၀ ခန့် ရှိခဲ့ရာမှ ယခုအခါ မိုးများချိန်တွင် ဧက ၁၈၀၀ ခန့်၊ ရေအနက် ကိုးပေမှ ၁၅ ပေအထိ ရှိသော်လည်း ပွင့်လင်းရာသီတွင်မူ ဧက ၈၀၀ မှ ၁၀၀၀ ခန့်ထိ လျော့ကျလာခဲ့သည်။

ယခင်က ဒုဋ္ဌဝတီမြစ်နှင့် ဧရာဝတီမြစ်တို့မှ တောင်သမန်အင်းသို့ တိုက်ရိုက်ရေဝင်ရောက်ခဲ့ရာ သဘာဝတိုင်းရင်းငါးမျိုးများ ပေါများသဖြင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၃ ရွာမှ ဒေသခံပြည်သူများမှာ ငါး/ပုစွန် ရှာဖွေ၊ ရောင်းချမှုများ လုပ်ကိုင်ကြသည်။

ကမ္ဘာနှင့်အဝှမ်း ရာသီဥတု ဖောက်ပြန်မှုများနှင့် အပူချိန်လွန်ကဲလာပြီး ရေအနက်လျော့ကျလာကာ ငါးများအတွက် ရေနေဧရိယာ ကျဉ်းမြောင်းလာခြင်း၊ တောင်သမန်အင်းအတွက် ရေထိန်းနိုင်ရန် ၁၉၉၅ ခုနှစ်ခန့်က တံတားဖြူရေထိန်းတံတား တည်ဆောက်ခဲ့ရာ မြစ်ရေများ တိုက်ရိုက်စီးဝင်မှု ကန့်သတ်ချက်ဖြစ်ပေါ်လာခြင်း၊ မြို့ပြဧရိယာ ကျယ်ပြန့်တိုးချဲ့လာပြီး လူနေထူထပ်လာခြင်း၊ ပရံတော်ချောင်းတစ်လျှောက်နှင့် ရေပိုပစ်မြောင်း တစ်ဖက်တွင် စက်မှုဇုန်များ၊ အင်းပတ်လည်တွင် လူနေအိမ်နှင့် စားသောက်ဆိုင်များ ဖြစ်ပေါ်လာခဲ့ရာ စွန့်ပစ်ရေနှင့် အမှိုက်သရိုက် အညစ်အကြေးများကြောင့် အင်းရေမှာ သန့်စင်ကြည်လင်မှု လျော့နည်းလာခဲ့ပြီး ငါးသေဆုံးမှုဖြစ်စဉ်များဖြစ်ပွားလာကြောင်း သိရသည်။

"တောင်သမန်အင်းမှာ အစုလိုက်အပြုံလိုက် ငါးသေဆုံးတာ နည်းပါတယ်။ ၂၀၀၈ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၀ ခုနှစ်က တစ်ကြိမ် ရာသီဥတုပူပြင်းလွန်းတာကြောင့် သေဆုံးခဲ့တဲ့ ဖြစ်စဉ်တွေရှိခဲ့တယ်။ အခုနှစ် ဧပြီလမှာ တစ်ကြိမ်၊ အခုစက်တင်ဘာလလယ်မှာ တစ်ကြိမ် ထပ်မံဖြစ်ပွားခဲ့တာ နှိုင်းယှဉ်တွေ့ရတယ်။ သေဆုံးတဲ့ ငါးတွေမှာ သဘာဝငါးတွေ မပါဝင်ဘဲ ရာသီဥတုဒဏ် ခံနိုင်ရည်နည်းတဲ့ အရွယ်တူ "တီလားပီးယား" မွေးမြူရေးငါးတွေ အများစုဖြစ်တာလည်း ထူးခြားတယ်"ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**တောင်သမန်အင်း သန့်ရှင်းသာယာလှပရေး-**

ယခုအခါ တောင်သမန်အင်းရေပြင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ကင်းစင်အောင် ဆောင်ရွက်ခြင်း၊ ဗေဒါများ ဆယ်ယူခြင်း၊ နုန်းဆယ်စက်(Dreyer)ဖြင့် နုန်းဆယ်ခြင်း၊ ပရံတော်ချောင်းတစ်လျှောက် တည်ဆောက်ထားသော စက်ရုံများမှ ရေဆိုးများကို Treatment ပြုလုပ်ပြီးမှသာ စည်ပင်သာယာရေးကော်မတီ၏ ၁၀ လက်မပိုက်လိုင်းအတွင်းသို့ ရေဆိုးများ စွန့်ထုတ်ရန် စီမံဆောင်ရွက်ခြင်း၊ တမုတ်ဆိုးမြောင်းမှ ဒုဋ္ဌဝတီမြစ်အထိ အရှည်ပေ ၁၂၀၀၀ ခန့်ရှိသည့် ရေဆိုးထုတ် ပိုက်လိုင်းဆက်သွယ်ခြင်း၊ ဂါလန်တစ်သိန်းဆံ့ ရေဆိုးစုကန် ဆောက်လုပ်ပြီး စက်နှစ်လုံးဖြင့် ရေဆိုးများ နေ့စဉ်မောင်းနှင်စုပ်ထုတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

"တောင်သမန်အင်းနဲ့ ဆက်စပ်အင်း သုံးအင်းမှာ ငါးမွေးမြူရေးလုပ်ကိုင်ခွင့်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ နှစ်ချင်းငွေခြေစနစ်နဲ့ ငှားရမ်းခဲ့ပါတယ်။ ဒါပေမယ့် တောင်သမန်အင်းရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ဖို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဆက်လက်ငှားရမ်းလုပ်ကိုင်ခွင့်မပြုတော့ပါဘူး။ ငါးမွေးမြူရေးက ဒေသအတွက် စားသောက်ရေးကို အထောက်အကူပြုပေမယ့် တောင်သမန်အင်းရေပြင် သန့်ရှင်းရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်ရေးကို ပိုပြီးဦးစားပေးရမှာ ဖြစ်ပါတယ်"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာ သွင်ကျော်ကျော်က ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကလည်း တောင်သမန်အင်းရေ အရည်အသွေးကောင်းမွန်စေရေးအတွက် ထုံးများဖြူးခြင်း၊ ကန်အတွင်း စက်လှေများ မောင်းနှင်ပြီး အောက်ဆီဂျင် ပိုမိုရရှိရန် ဆောင်ရွက်ခြင်း၊ ရေနမူနာရယူပြီး ရေအရည်အသွေး စစ်ဆေးခြင်း၊ ရေပန်းများချခြင်း၊ ရေထုအခြေအနေလိုက်၍ ငါးအရေအတွက် ထိန်းသိမ်းမွေးမြူရန် အကြံပြုခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဗိသုကာပညာရှင် ဒေါက်တာကျော်လတ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မန္တလေးစက်မှုတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ပညာရှင်များပါဝင်သောအဖွဲ့ကလည်း"တောင်သမန်အင်း အနာဂတ်နှင့် ပတ်သက်ပြီး ဌာနပေါင်းစုံ၊ လူမှုရေးအဖွဲ့ပေါင်းစုံ၊ အခြားသောပညာရှင်များ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သင့်ကြောင်း၊မန္တလေးမြို့ပြဖွံ့ဖြိုးမှုစီမံကိန်းတွင် တောင်သမန်အင်းအား ယဉ်ကျေးမှုဇုန်နယ်မြေအတွင်း သတ်မှတ်ပြီး ဆက်စပ်ဧရိယာများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စီမံဆောင်ရွက်သင့်ကြောင်း"အကြံပြုခဲ့ကြပြီး ပါရဂူဘွဲ့ရ အင်ဂျင်နီယာ သုတေသနပြုသူများကလည်း "ရေထုညစ်ညမ်းမှုကြောင့် ရေသတ္တဝါတို့၏ ဂေဟစနစ်ကို ပျက်ပြားစေနိုင်သဖြင့် စွန့်ပစ်အမှိုက်များ၊ ရေဆိုးများ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးရည်များ၊ အဆိပ်သင့်စေသော အရာများ ဝင်ရောက်ခြင်းမရှိစေရေး ကာကွယ်ထိန်းသိမ်းထားရန်" အကြံပြုခဲ့ကြသည်။

ဆည်မြောင်းဦးစီးဌာနမှ တောင်သမန်အင်းရေပြင် ညစ်ညမ်းမှု လျှော့ချရန်နှင့် ရေနေသတ္တဝါများ ရှင်သန်လှုပ်ရှားမှုကောင်းမွန်စေရေးအတွက် နုန်းများဆယ်ယူခြင်းနှင့်အတူ ရံဖန်ရံခါတွင် ပိုလျှံသောရေများ လျှော့ချခြင်း၊ ဧရာဝတီမြစ်ရေတက်ချိန်တွင် အင်းအတွင်းသို့ ရေသွင်းပြီး ရေလဲလှယ်ခြင်းများ ဆောင်ရွက်သင့်ကြောင်း အကြံပြုမှုနှင့်အတူ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ဝင်လာမစဲ တသဲသဲ-**

တောင်သမန်အင်းအတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လှည့်လည်လေ့လာခြင်းအစီအစဉ်အဖြစ် ငှက်လှေ ၄၅ စင်းဖြင့် ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ အင်းတစ်ဝိုက်တွင်လည်း စားသောက်ဆိုင် ၇၃ ဆိုင် ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။

တောင်သမန်အင်း၏ တည်ငြိမ်လှပသော ရှုခင်းနှင့် ဦးပိန်တံတား၏အလှသည် ပြည်တွင်း၌သာမက နိုင်ငံတကာမှပင် အထူးစိတ်ဝင်စားမှုခံရသည့် လည်ပတ်စရာနေရာတစ်ခုဖြစ်လာခဲ့ရာ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုမှာလည်း နှစ်စဉ်တိုးတက်လာခဲ့သည်။ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း နိုင်ငံခြားသားဧည့်သည် ၂၁၀၀၀၀၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၂၃၀၀၀၀၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၁၀၀၀၀၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၅၀၀၀၀ နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၃၈၀၀၀၀ အထိ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှု မြင့်တက်ခဲ့ရာ ခရီးသွားလုပ်ငန်းနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသခံပြည်သူတို့၏ လူနေမှုဘဝများလည်း မြင့်တက်လာလျက်ရှိသည်။


**တစ်ကျော့ပြန်နိုးထလာမည့် တောင်သမန်-**

ရေကန်နှင့်အင်းတို့၏ သဘောသဘာဝသည် ရေရှိမှသာ အဓိပ္ပာယ်ပြည့်စုံသကဲ့သို့ တံတားသည်လည်း ရေပြင်ကျယ်ကို ဖြတ်ကျော်ရန် ဆောက်လုပ်ထားခြင်းဖြစ်ရာ တံတားနှင့်ရေသည် လိုက်ဖက်တင့်တယ်လျက်ရှိသဖြင့် တောင်သမန်အင်းကို အမြဲထိန်းသိမ်းပြီး တိုးတက်လာသည့် လူဦးရေနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ အများပြည်သူအတွက် အပန်းဖြေနေရာတစ်ခုနှင့် ဝင်ငွေရှာဖွေပေးသော နေရာတစ်ခုသာမက ရေနေသတ္တဝါများနှင့် ဆောင်းခိုငှက်များအပါအဝင် မျိုးစိတ်ပေါင်းများစွာအတွက် နားခိုစရာနေရာတစ်ခုအဖြစ်လည်း ထိန်းသိမ်းကြရပေမည်။

ထို့အပြင် အများပြည်သူဆန္ဒကို တန်ဖိုးထားလေးစားမှုဖြင့် ဒေသဆိုင်ရာယဉ်ကျေးမှုနှင့် ဘာသာရပ်ဆိုင်ရာ အထိန်းအမှတ်နေရာ (Land Mark)တစ်ခုအဖြစ် အစဉ်ဝင့်ထည်စွာ ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်။

မကြာမီ တောင်သမန်အင်း ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရှင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပူးပေါင်းကျင်းပမည်ဖြစ်ရာ ထိုဆွေးနွေးပွဲမှ အကြံပြုချက်များနှင့် ရလဒ်များ အပေါ်အခြေခံပြီး တောင်သမန်အင်း၏ အနာဂတ်ကို အကောင်းဆုံးပုံဖော်စီမံဆောင်ရွက်ကြမည်ကို ယုံကြည်မျှော်လင့်တော့သည်။ ။


ဓာတ်ပုံ - မင်းထက်အောင်(မန်းကိုယ်ပွား)


ဓာတ်ပုံ - မန်း(စည်ပင်)

# ပုဂံတွင် မနူဟာဘုရားကြီး ရွှေသက်န်းနှင့် နဝကမ္မအတွက် ငွေသွန်းလောင်းလှူပွဲ စည်ကား



**ညောင်ဦး စက်တင်ဘာ ၂၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသမှ မြင်းကပါကျေးရွာရှိ မနူဟာမင်းကြီးကောင်းမှုတော် မနူဟာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို တော်သလင်းလဆန်း ၁၄ ရက်မှစတင်၍ ရိုးရာအရုပ်သွင်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယနေ့ (တော်သလင်းလပြည့်နေ့)တွင် မြင်းကပါကျေးရွာအုပ်စုအတွင်းရှိ ရပ်ကွက် ခြောက်ရပ်ကွက်မှ ပြည်သူများစုပေါင်းကာ ဘုရားကြီးရွှေသက်န်းဖိုးနှင့် နဝကမ္မအသုံးပြုနိုင်ရန် ရည်ရွယ်၍ ငွေသွန်းလောင်းလှူပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ငွေသွန်းလောင်းလှူပွဲကို မြင်းကပါကျေးရွာအုပ်စုအတွင်းရှိ မြို့ရှေ့၊ မြို့ညွှန့်၊ မြို့မ၊ မြို့လယ်၊ စိန်ကုန်း၊ ရွှေခြံရပ်ကွက် ခြောက်ရပ်ကွက်မှ ပူးပေါင်းဆင်နွှဲကြပြီး ရပ်ကွက်တစ်ရပ်ကွက်ချင်းစီမှ ဖွဲ့စည်းထားသည့် ကာလသားများက အတီး အဆို နရည်းခုံအဖွဲ့များနှင့် အမျိုးသမီးခေါင်းဆောင်များ၊ လှပျိုဖြူ အမျိုးသမီးငယ်များ၊ ကလေးငယ်များက ဝတ္ထုငွေများကို ကိုင်ဆောင်ကာ ရပ်ကွက်မှသည် ဘုရားကြီးသို့အရောက်စီတန်းလှည့်လည်ကာ သွားရောက်လှူဒါန်းကြသည်။ **(ယာပုံ)**

အဆိုပါငွေသွန်းလောင်းလှူပွဲတွင်ပါဝင်ဆင်နွှဲသည့် ရပ်ကွက် ခြောက်ရပ်ကွက်မှ အဖွဲ့ခြောက်ဖွဲ့အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့က မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ စည်းလုံးညီညွတ်မှု၊ ဖျော်ဖြေမှုများကို အကဲဖြတ်၍ အကောင်းဆုံး အဖွဲ့သုံးဖွဲ့ရွေးချယ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများရွေးချယ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ငွေသွန်းလောင်းလှူပွဲသို့ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်နှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးဧည့်သည်များနှင့် ညောင်ဦး (ပုဂံ) မြို့နယ်အတွင်းရှိပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# တောရိုင်းတိရစ္ဆာန်များ၏ မူလမျိုးရိုးဗီဇ ယိမ်းယိုင်မှုမရှိစေရေး ထိန်းသိမ်းစေချင်

တိရစ္ဆာန်ဥယျာဉ်တစ်ခုအတွင်း ကျားများထားရှိရာ ကျားလိုဏ်ဂူရှေ့တွင်ဖြစ်သည်။ "လာပါကွာ ရိုးရိုးကျားအဝါကြီးပါ။ ဘာမှမထူးဆန်းဘူး။ ကျားဖြူပဲသွားကြည့်ကြရအောင်"ဟု ပြောပြောဆိုဆို ထွက်ခွာသွားတဲ့ ဆက်ကျော်သက်အရွယ် လူငယ်တစ်သိုက်ကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။ ကျားလှောင်အိမ်အတွင်းရှိ ကျားမလေး စိုးစိုးကလည်း မျက်လုံးလေး ကလယ်ကလယ်နှင့် ကျွန်တော်တို့ကို ကျားအိပ်စင်ပေါ်က လှမ်းမျှော်ကြည့်ရှုနားထောင်နေရင်း ကျားဖြူဆိုတာ ဘာပါလိမ့်ဟုများ စဉ်းစားနေလေသလား ကျွန်တော်မဝေခွဲနိုင်။

ကျားဖြူအကြောင်းပြောကြမည်ဆိုလျှင် အိန္ဒိယနိုင်ငံမှ ရေဝမဟာရာဇာအကြောင်းကို ချန်လှပ်ထားခဲ့လို့ တော့ဖြင့် ပြီးပြည့်စုံသော ကျားဖြူဆောင်းပါးတစ်ပုဒ်ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပါချေ။ ၁၉၅၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ရေဝနယ်မြေရှိ သဘာဝတောများတွင် အဖြူရောင်တစ်ကောင်ပါသော ကျားကလေးသုံးကောင်နှင့်အတူ သာမန်အရောင်ရှိသော မိခင်ကျားမကြီးတစ်ကောင်ကို တွေ့ရှိခဲ့ရသည်။ ထိုမိခင်ကျားမကြီးနှင့်အတူ သာမန်အရောင်ရှိသော ကျားငယ်ကလေးနှစ်ကောင်ကို ပစ်သတ်ပြီး ကျန်သောကျားဖြူကလေးကို စတင်ဖမ်းဆီးရမိခဲ့ကာ ထိုကျားဖြူကလေးသည် အလွန်ခန့်ညားသော ရုပ်ဆင်းသဏ္ဌာန်ရှိပြီး အမည်ကို မိုဟန်ဟု မှည့်ခေါ်ခဲ့သည်။ ထိုရေဝမဟာရာဇာသည် ထိုကျားဖြူများကို များပြားစွာ ထပ်မံပွားများ မွေးမြူသားဖောက်လိုသော ရည်ရွယ်ချက်ဖြင့် မိုဟန်ကျားဖြူကို ဖမ်းဆီးရမိခဲ့သော ဒေသတောမှ ထပ်မံ၍ ရိုးရိုးပုံမှန်ကျားအမတစ်ကောင်ကို နောက်ထပ်ဖမ်းဆီးစေကာ မိုဟန်နှင့်အတူ သူ၏ယခင် နွေရာသီနန်းတော်တွင် ထားရှိခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ယင်းတို့သည် မျိုးစပ်ပြီးနောက် သာမန်အရောင်များသာရှိကြသော ကျားကလေးသုံးကောင် မွေးဖွားခဲ့ရာ ထိုသုံးကောင်အနက်မှ အမတစ်ကောင်ကို သုံးနှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ကျားဖြူမိုဟန်နှင့် ပြန်လည်မျိုးစပ်စေခဲ့ရာ ကျားဖြူကလေး စုစုပေါင်း လေးကောင်ကို မွေးဖွားခဲ့သည်။ တစ်ဖန် ၁၉၆၀ ပြည့်နှစ်တွင် ထပ်မံ၍မျိုးစပ်စေပြန်ရာ ကျားဖြူအထီးနှစ်ကောင်နှင့် သာမန်အရောင်ရှိသော ကျားမကလေးတစ်ကောင်မွေးသည်။ ၁၉၆၂ ခုနှစ်တွင် ထပ်မံ၍ မျိုးစပ်စေပြန်ရာ ကျားဖြူနှစ်ကောင်နှင့် သာမန်အရောင်ရှိသော ကျားငယ်နှစ်ကောင် မွေးဖွားခဲ့သည်။ တစ်ဖန် မိုဟန်၏မျိုးဆက်ဖြစ်သော ၁၉၅၈ ခုနှစ်ဖွား ကျားဖြူလေးကောင်အနက် မောင်နှမရင်းချာဖြစ်သည့် ရာဂျာနှင့် ရာနီကို မျိုးစပ်ခဲ့ရာ ၁၉၆၅ ခုနှစ်အထိ ကျားဖြူများ သုံးကြိမ်ပေါက်ဖွားလာစေခဲ့သည်။ ကျားဖြူများ၏ နောက်ခံအရောင်သည် သာမန်ကျားများတွင်ရှိသော နီဝါရောင်မဟုတ်ဘဲ နွားနို့ရောင်ဖြစ်သည်။ အစင်းများသည် အညိုရောင်မှ နီမည်းရောင်သမ်းနေကြသည်။ ယင်းတို့၏ မျက်စိများသည် စိမ်းပြာရောင်ဖြစ်သည်။

ဤကဲ့သို့ အဖြူရောင်ကျား (သို့မဟုတ်) ကျားဖြူကျားများ ဖြစ်ပေါ်လာစေရန် အမြန်ဆန်ဆုံး တစ်ခုတည်းသော နည်းလမ်းကား အထက်ပါကဲ့သို့ မျိုးတူရာအချင်းချင်းကို မိတ်လိုက်သားပေါက်စေပြီး ၎င်းတို့မှရလာသော သားပေါက်များကိုလည်း အထက်ပါနည်းအတိုင်း ထပ်တလဲလဲ ဆင့်ကာဆင့်ကာကြိမ်ဖန်များစွာ သားစပ်စေခြင်းဖြင့်သာ ရရှိနိုင်သည်။

ဤနေရာတွင် အထူးတင်ပြလိုသည်မှာ ဤသို့အလွန်နီးကပ်သော မျိုးနီး ဆွေနီး သွေးနီးသားစပ်ခြင်းနည်းလမ်း (severe inbreeding) သည် မျိုးရိုးဗီဇများ၏ မူမမှန်အသွင်ပြောင်းလဲသွားခြင်း (mutation) လက္ခဏာဖြစ်သည့် အဖြူရောင်သားရေရှိသော တိရစ္ဆာန်များကိုသာ ဖြစ်ပေါ်စေသည်မဟုတ်ဘဲ မလိုလားအပ်သည့် နောက်ဆက်တွဲဆိုးကျိုးများကိုပါ ဖြစ်ပေါ်စေသည်။ ၎င်းတို့မှာ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာမူမမှန်မှုများကို ခံစားကြရခြင်းဖြစ်ပြီး ထိုမူမမှန်မှုဒုက္ခတို့သည် ပင့်ကူဥများကဲ့သို့ တသီတတန်းဖြင့် အထက်ပါကြောင်းရိုးကြီးများ (ကျားဖြူအပါအဝင်) တွင် မလွဲမသွေဖြစ်ပေါ်၍ ဘဝတစ်သက်တာလုံး ဒုက္ခကြီးစွာ ခံစားကြရပါသည်။

ထိုသို့ ကျားဖြူမွေးဖွားလာပြီးသည့်နောက် မလိုလားအပ်သည့် နောက်ဆက်တွဲဆိုးကျိုးများပြားစွာထဲတွင် အဆိုးရွားဆုံးဆိုးကျိုးမှာ ကျားဖြူတိုင်း မလွဲမသွေ မျက်စိစွေကြခြင်းကို ခံစားနေကြရခြင်းပင်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ သာမန်အရောင်ရှိကျားကို အဖြူရောင်ကျားအဖြစ် ပြောင်းလဲဖြစ်ပေါ်စေခဲ့သည့် ဗီဇမျိုးစေ့ ( gene) တို့သည် ထိုကျား၏ အမြင်အာရုံကြောများက ဦးနှောက်နှင့် ဆက်သွယ်မှုကို လွဲမှားစွာ ကပြောင်းကပြန် ဖြစ်စေခဲ့သည့်အတွက် ကျားဖြူအားလုံး မျက်စိစွေရခြင်းပင်ဖြစ်သည်။ သို့သော် သာမန်အခြေအနေတွင်ကြည့်လျှင် ပုံမှန်ဟုထင်ရသော်လည်း ထိုကျားဖြူများ စိုးရိမ်ထိတ်လန့်နေသည့်အခြေအနေတွင် မျက်စိစွေခြင်းကို တွေ့မြင်နိုင်သည်။ တစ်ဖန်ထပ်မံ၍ ထိုကျားဖြူများတွင် အာခေါင်ကွဲများ ပါလာတတ်ခြင်း၊ တင်းပုတ်နှင့်တူသော လက်ဖဝါးများ တွေ့ရတတ်ခြင်း၊ ကျောရိုးတန်းများ ညီညာမှုမရှိခြင်း၊ အမြီးမှာ လိမ်ဖည်ဖည်ရှိခြင်း၊ အတွင်းကိုယ်အင်္ဂါများ ပုံသဏ္ဌာန်မမှန်ခြင်း၊ ကျောက်ကပ်များတွင် ပြဿနာရှိခြင်း၊ လည်ပင်းလိမ်ခြင်း၊ သာမန်ကျားထက် သက်တမ်းတိုခြင်း၊ စွမ်းရည်နည်းပါးခြင်းနှင့် မကြာခဏ အသေမွေးဖွားခြင်းတို့ကိုပါ တွေ့ရတတ်သည်။

သို့ဖြစ်၍ ကျားကို မူလအရောင်အဆင်းမှ သွေဖည်ပြီး အဖြူရောင်အဆင်းရရှိစေရန်အတွက် သဘာဝကြောင့်မဟုတ်ဘဲ လူသားတို့၏ ဇွတ်အတင်း သွေးနီးသားစပ်ခြင်းကြောင့် ထိုကျားဖြူတို့၏ အသွင်အပြင်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာများ ဆိုးရွားစွာပျက်စီးမှုကို ထိုကျားဖြူများ အလွန်အမင်းခံစားရစေသဖြင့် ၂၀၀၈ ခုနှစ်မှစ၍ အမေရိကန် သတ္တဗေဒအသင်းကြီး ( American Zoological Association – AZA ) ၏ Board of Directors အဖွဲ့က ဤကြောင်းရိုးမျိုးကို ထိုကဲ့သို့ သားစပ်ခြင်းမပြုလုပ်ကြရန် နိုင်ငံပေါင်းစုံသို့စည်းရုံးခဲ့ပြီး ထို AZA မှ တရားဝင်အသိအမှတ်ပြုထားသော ၎င်း၏ အဖွဲ့ဝင်တိရစ္ဆာန်ဥယျာဉ်များမှ မည်သည့်အကြောင်းပြချက်ဖြင့်ဖြစ်စေ ကျားဖြူများ သားစပ်ခြင်းကို လုံးဝတားမြစ်ခဲ့ကာ ၂၀၁၁ ခုနှစ်တွင်လည်း ထပ်မံ၍ စည်းမျဉ်းစည်းကမ်းအသစ်များထုတ်ပြန်ခြင်းဖြင့် အထက်ပါတားမြစ်ချက်ကို အတည်ပြုခဲ့သည်။

ကျားဖြူများကိုသာမက ခြင်္သေ့ဖြူ ချိတာအဖြူများကိုပါ ၎င်းတို့၏ အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် သားဖောက်မွေးမြူပြသခြင်းကို လုံးဝတားမြစ်ထားသည်။ Tiger Species Survival Plan ( TSSP ) မှ အဖွဲ့ခေါင်းဆောင်ဖြစ်သူက ကျားဖြူကို လူသားတို့သားဖောက်ကြရခြင်း၏ အဓိကရည်ရွယ်ချက်အကြောင်းမှာ တိရစ္ဆာန်ဥယျာဉ်များတွင် ကျားဖြူကိုပြသပြီး လာရောက်လည်ပတ်သူ ပရိသတ်ထံမှ ပိုက်ဆံတောင်းရန် သက်သက်သာဖြစ်ကြောင်း ပွင့်လင်းစွာ ပြောကြားသွားသကဲ့သို့ တောရိုင်းတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းအပိုင်း (Conser- vation Purpose ) အနေဖြင့်လည်း အလုပ်အကျွေးမပြုကြောင်း သိရသည်။

ကျားဖြူများကိုပိုင်ဆိုင်သူ ပုဂ္ဂလိကပိုင်ရှင်များကလည်း ကျားဖြူများကို သားဖောက်ခြင်းသည် ကျားများကို ကာကွယ်ရာ ရောက်ကြောင်း၊ ကျားဖြူသည် တိရစ္ဆာန်ဥယျာဉ်များအတွက် အများပြည်သူကြိုက်နှစ်သက်သော၊ ပြကွက်ကောင်းသော တိရစ္ဆာန်တစ်မျိုးဖြစ်ပါကြောင်း၊ ကျားဖြူကိုပြသခြင်းဖြင့် တိရစ္ဆာန်ဥယျာဉ်သို့ လူပိုမိုဝင်စေပါကြောင်း၊ အမြတ်ငွေကောင်းစွာ ရစေပါကြောင်းဖြင့် ပြန်လည်ချေပပြောကြားကြသည်။ ကျားဖြူများကို ယခုအခါ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်ခုရှိ ရှေးခေတ်ဟောင်းတိရစ္ဆာန်ဥယျာဉ်များ၊ ပုဂ္ဂလိကသားဖောက်စခန်းများတွင် စက်ရုံကြီးများသဖွယ် စီးပွားရေးသက်သက် သားဖောက်ရောင်းဝယ်ဖောက်ကားကြသည်ဟု မှတ်တမ်းများအရ သိရသည်။

တစ်ဖန် ဆက်လက်၍ တင်ပြလိုသည်မှာ တစ်နေ့တခြား အလျင်အမြန်ပြောင်းလဲလာသော ကမ္ဘာပေါ်ရှိ တိရစ္ဆာန်ဥယျာဉ်များ၏ လားရာ သို့မဟုတ် အတွေးအခေါ်စိတ်ကူးစိတ်သန်းအကြောင်းဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်များအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၏ မိဘဘိုးဘွားဘီဘင်အစဉ်အဆက်ဆီက ဆက်ခံအမွေရရှိခဲ့သည့် ထူးခြားသိသာမြင်သာသော ဗီဇလက္ခဏာများ ပျောက်ကွယ်သွားခြင်း၊ အသွင်ပြောင်းလဲသွားခြင်းတို့ မရှိစေရေးအတွက် ယနေ့ခေတ်တိရစ္ဆာန်ဥယျာဉ်တို့သည် ဖောင်းပေးလုပ်ဆောင်ကြရမည်ဟူသော အယူအဆ (Genetically Health) မှာ ရှေ့တန်းရောက်ရှိလာခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ တိရစ္ဆာန်ဥယျာဉ်များအားလုံး (ကိုယ်ပိုင်ပုဂ္ဂလိကတိရစ္ဆာန်ဥယျာဉ်များပါမကျန်) တို့သည် တောရိုင်းတိရစ္ဆာန်တို့၏ မူလမျိုးရိုးဗီဇများ ယိမ်းယိုင်မှုမရှိစေရေးအတွက် တာဝန်သိစွာနှင့် တာဝန်ရှိစွာ လုပ်ဆောင်သင့်သည်ဟု ရိုးသားစွာ ဆိုချင်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဆယ်ကျော်သက်ရွယ် လူငယ်တစ်သိုက်၏ ကျားဖြူကျားနဲ့ ကျားဝါကျားအပေါ် အမှတ်မှား ထင်သိနေမှုတွေဟာ အမှန်တရားတွေနဲ့ ဝေးဝေးလာမှာစိုး၍ ယခုကဲ့သို့ ရေးသင့်တာကို ရေးလိုက်ရပြီး အကယ်၍များ ကျားမ စိုးစိုးသာ စာဖတ်တတ်ခဲ့မယ်ဆိုရင် လက်ရှိကျားဝါကျားဘဝကို ပိုမိုနှစ်သက်သဘောကျကာ ကျားအိပ်စင်ပေါ်မှာ ပြုံးတုံးတုံးနဲ့အိပ်ရင်း ကျေနပ်နေလိမ့်မယ်လို့ မျှော်လင့်ရမိပါကြောင်း ရေးသားလိုက်ရပေသည်။



**ဒေါက်တာမြင့်သိန်း (B.V.S)**

# ရေငန်ကကတစ်ငါးကို ရေချိုတွင်စမ်းသပ်မွေးမြူရာ တွက်ခြေကိုက်အောင်မြင်သော်လည်း ငါးမျိုးရရန်အခက်အခဲရှိ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရေငန်ငါးမျိုးစိတ်တစ်မျိုးဖြစ်သည့် ကကတစ်ငါးကို ရေချို၌စမ်းသပ်မွေးမြူရာတွင် တွက်ခြေကိုက်လျက်ရှိသော်လည်း ငါးမျိုးရရှိရန်ခက်ခဲနေကြောင်း ကိုယ်တိုင်မွေးမြူသူများ၏ပြောကြားချက်အရသိရသည်။

အဆိုပါ ကကတစ်ငါးများကို ဥက္ကံမြို့နယ် ဥက္ကာမောင် ငါးမွေးမြူရေးစခန်း၌ လုပ်ငန်းရှင်တစ်ဦးက USAID အကူအညီဖြင့်စတင် စမ်းသပ်မွေးမြူခဲ့ခြင်းဖြစ်ပြီး လေးလက်မအရွယ်ငါးသားပေါက်များကို ကန်ထဲထည့်ပြီး လေးလခွဲအကြာတွင် အလေးချိန် ၃၅ ကျပ်သားမှ ၆၀ သားအထိ ရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သို့သော် အဆိုပါ ကကတစ်ငါးကို ထပ်မံမွေးမြူနိုင်ရန်အတွက် ငါးမျိုးရရှိရန် အတွက် ခက်ခဲနေကြောင်းကို ဥက္ကာမောင် သားငါးထုတ်လုပ်ရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဦးမျိုးအောင်က "ကကတစ်ကို ရေချိုမှာမွေးတာ ဘယ်လောက်အောင်မြင်သလဲဆို တစ်ရာရာခိုင်နှုန်းအောင်မြင်တယ်။ လေးလခွဲ ကန်ဖော်ချိန်မှာ ၃၅ ကျပ်သားရှိရမယ်လို့မှန်းပေမယ့် ၆၀ သားလောက်တွေ့ပါရတယ်။ အကောင် ၁၀၀၀ ထည့်တာ ၉၇၀ ပြန်ရတယ်။ အခြား ငါးတန်တို့ ငါးမြစ်ချင်းတို့က တစ်နှစ်ခွဲမွေးမှ ခြောက်ဆယ်သားရတာ၊ ဈေးကွက်ပြန်ရောင်းတော့လည်း ဈေးခြင်းကွာတယ်။ ဒါပေမယ့် ပြဿနာက ကကတစ် သားပေါက်က ဝယ်ရခက်တယ်၊ လိုသလောက်လည်းမရဘူး။ ထောင်ဂဏန်းလောက်ကိုတောင် သုံးလလောက်ကြိုမှာရတာ၊ ဒီကကတစ်က ငါးမွေးမြူရေးလုပ်ငန်းမှာ တကယ်ကို စီးပွားဖြစ်မွေးလို့ရတာ၊ ငါးမျိုးအလွယ်တကူရအောင် သက်ဆိုင်ရာက လုပ်ပေးသင့်တယ်။ အခုက United KMK ကုမ္ပဏီ တစ်ခုတည်းကပဲ မြိတ်ဖက်မှာ မွေးနိုင်သေးတယ်" ဟုရှင်းပြသည်။

ထို့အပြင် ၎င်းကကတစ်ငါးကို ကျွေးသည့်အစာနှင့်ပတ်သက်၍လည်း "အစာက ထိုင်းက ဝယ်ရတယ်။ ထိုင်းမှာက အစာတစ်အိတ်ကို မြန်မာငွေနဲ့ဆို ၂၆၀၀၀ ပဲရှိတယ်။ ဒီမှာတစ်အိတ်ကို ၄၀၀၀၀ ပေးရတယ်။ ဒီကအစာတွေက ကြီးထွားနှုန်းတွေဘာတွေ အာမခံမရှိဘူး။ ထူးသစ်ကတော့ ကကတစ်အစာကို ထုတ် နိုင်အောင်ကြိုးစားနေတယ်။ နောက်နှစ်လောက်ဆိုရင်တော့ ရနိုင်တယ်။ ခက်တာက သားပေါက်ပဲ" ဟု ဆက်လက်ပြောသည်။

ငါးမြစ်ချင်းငါးကို တစ်နှစ်ခွဲမွေး၍ တစ်ပိဿာလျှင် နှစ်ရာကျပ်မြတ်ရန် မသေချာသော်လည်း အဆိုပါ ကကတစ်ကိုလေးလခွဲမွေးရုံဖြင့် တစ်ပိဿာလျှင် နှစ်ထောင်ခန့်အမြတ်ရသည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းရှင်များနေဖြင့် ကကတစ်ငါးကို မွေးမြူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

ယခုမွေးမြူအောင်မြင်ခဲ့သည့် ကကတစ်ငါးသည် ပြည်ပဈေးကွက်တွင်သာမက ပြည်တွင်း၌ပါဈေးကွက်ရှိကြောင်းသိရပြီး ပေါများစွာမွေးမြူနိုင်ပါက ပြည်ပမှတင်သွင်းနေရခြင်းမှ သက်သာလာမည်ဖြစ်ကြောင်းလည်း သိရသည်။

**သီဟသူ**



ဥက္ကာမောင်ငါးမွေးစခန်းတွင် ထည့်သွင်းမွေးမြူခဲ့သည့် ကကတစ်ငါး သားပေါက်များကိုတွေ့ရစဉ်။
ဓာတ်ပုံ-ဘအေး

# မြို့နယ်ပြည်သူ့ဆေးရုံ ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၂၈**

အောက်တိုဘာ ၁ ရက်နေ့ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီခွဲက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလှိုင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ သရက်ပင်ချောင်းကျေးရွာ ရဲစခန်းမှ စခန်းမှူး ရဲအုပ် မိုးကျော်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀ ခန့်က မြို့နယ်ပြည်သူ့ဆေးရုံဝန်းအတွင်း ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်း လုပ်အားပေးခဲ့ကြောင်း သိရသည်။

(၅၀၂)

# ၂၀၁၆ ခုနှစ်တွင် တာဝါတိုင်အားလုံးကို 3G အဆင့် တိုးမြှင့်မည်

## ယခုနှစ်ကုန်တွင် တစ်နိုင်ငံလုံး ဖုန်းသုံးစွဲသူ ရာခိုင်နှုန်း ၉၀ မျှော်မှန်း



**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ဒေသများ အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာ MPT ဖုန်းသုံးစွဲနေကြသော အများပြည်သူများ အဆင်ပြေစေရေးအတွက် ၂၀၁၆ ခုနှစ်တွင် တာဝါတိုင်များအားလုံးကို 3G အဆင့်ဖြစ်စေရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

ထို့အတွက်ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိရှိနေသည့် တာဝါတိုင် ၂၆၀၀ အပါအဝင် ဂျပန်နိုင်ငံ KDDI SUMITOMO နှင့် ပူးပေါင်းကာ ယခုနှစ်ကုန်တွင် တာဝါတိုင် ပေါင်း ၅၀၀၀ ဖြစ်စေရန် ဆောင်ရွက်မည်ရှိပြီး တာဝါတိုင်များ ဆောင်ရွက်ပြီးစီးလျှင် ကျေးလက်၊ မြို့ပြမကျန် GSM နှင့် CDMA ဖုန်းလိုင်းများအား လွှမ်းခြုံနိုင်မည်ဖြစ်ကာဖုန်းသုံးစွဲကြသူများမှ အရည်အသွေးပြည့်မီစွာ သုံးစွဲနိုင်ကြမည်ဖြစ်သည်။

လက်ရှိအနေအထားအရ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ တည်ဆောက်ထားသော တာဝါတိုင် စုစုပေါင်း ၂၆၀၀ နီးပါးရှိပြီး တာဝါတိုင်များ ထပ်မံတိုးချဲ့တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကာ တစ်ပြိုင်တည်းတွင် စက်များတပ်ဆင် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကွန်ရက်မှာ ကျေးလက်ဒေသများထိ လွှမ်းခြုံလာတော့မည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ နည်းပညာပိုင်းဆိုင်ရာအရ ဂျပန်နိုင်ငံ KDDI SUMITOMO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တပ်ဆင်ပြီးသားဖြစ်သော GSM PTSD အား အဆင့်မြှင့်တင်ခြင်းနှင့် လိုင်းတိုးချဲ့ခြင်းများ ဆောင်ရွက်လျက်ရှိပြီး တစ်ပြိုင်တည်းတွင် တာဝါတိုင်အသစ်များတည်ဆောက်ပြီး လိုင်း network များ ကျယ်ပြန့်စေရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ WCDMA နှင့် GSM ဆင်းကတ်သုံးစွဲသူပြည်သူများ အရည်အသွေးကောင်းမွန်စွာ ဖုန်းလိုင်းချိတ်ဆက်ပြောဆိုသုံးစွဲနိုင်ကြစေရန် ဂျပန်နိုင်ငံ KDDI SUMITOMOနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

လက်ရှိ အနေအထား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂျပန်နိုင်ငံ KDDI SUMITOMO နှင့် ပူးပေါင်း၍ WCDMA ရောင်းချသည့် ဆင်းကတ်အရေအတွက်မှာ ၁၀ ဒသမ ၇ သန်းရှိသည်။ GSM ရောင်းချပြီး ဆင်းကတ်အရေအတွက်မှာ ၅၀၂၅ ကတ်ရှိသည်။

ဂျပန်နိုင်ငံ KDDI SUMITOMO နှင့် ပူးပေါင်း မဆောင်ရွက်မီက WCDMA ရောင်းချသည်။ ဆင်းကတ်အရေအတွက် မှာ ၁ ဒသမ ၇ သန်းရှိသည်။ GSM ရောင်းချပြီး ဆင်းကတ်အရေအတွက်မှာ ၄ ဒသမ ၅ သန်းရှိခဲ့သည့်အတွက် စုစုပေါင်း ဆင်းကတ် အရေအတွက် ၁၆ ဒသမ ၉ သန်း ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ KDDI SUMITOMO နှင့် ပူးပေါင်းမဆောင်ရွက်မီက CDMA ၄၅၀ နှင့် CDMA ၈၀၀ ဆင်းကတ် အမျိုးအစားများကို စုစုပေါင်း ဆင်းကတ်အရေအတွက် ၉ သိန်း ၈ သောင်းနီးပါး ရောင်းချခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်အောက်၌ ပူးပေါင်းဆောင်ရွက်နေသည့် MEC ရောင်းချပြီးဆင်းကတ်အရေအတွက်မှာ သုံးသန်းနီးပါးရှိနေသဖြင့် MPT၏ ဖုန်းကတ်များ စုစုပေါင်းရောင်းချသည်။ ဆင်းကတ်အရေအတွက်အားလုံးမှာ လက်ရှိ ၂၁ သန်းနီးပါးရှိကြောင်း သိရသည်။

WCDMA ဆင်းကတ်များအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ 3G စနစ်ဖြင့် လက်ရှိရောင်းချပေးနေကြောင်းသိရပြီး ဆွေသဟာအစီအစဉ်အား တစ်ပါတည်းထည့်သွင်းပေးထားကြောင်း၊ ယနေ့အချိန်ထိ တပ်ဆင်ပြီး ကြိုးဖုန်းအရေအတွက်မှာလည်း ၅ သိန်း ၁ သောင်း ၃ ထောင်နီးပါးရှိကြောင်း၊ တယ်လီဖုန်းသိပ်သည်းဆအား မြန်မာနိုင်ငံရှိ လူဦးရေနှင့် တွက်ချက်မည်ဆိုလျှင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ တယ်လီဖုန်းသုံးစွဲသူ ၄၂ ရာခိုင်နှုန်းရှိကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကွန်ရက်ဖြန့်ကြက်ထားမှုလွှမ်းခြုံမှုအတွက် ယခုနှစ်ဘတ်ဂျက်အကုန် မျှော်မှန်းထားချက်အရ မြန်မာတစ်နိုင်ငံလုံး ပထဝီဝင်အနေအထား လွှမ်းခြုံမှုအတွက် ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေလွှမ်းခြုံမှုကို ၉၀ ရာခိုင်နှုန်းရရှိစေရန် မျှော်မှန်းထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

**စိုးဝင်း(MLA)**

# ငွေစာရင်းထိန်းသိမ်းမှုပုံစံများအား ကွင်းဆင်းစစ်ဆေး

**ရှားတော စက်တင်ဘာ ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ပထမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိသည့် ရှားတောမြို့ပေါ် ဈေးပိုင်းရပ်ကွက်သို့ စက်တင်ဘာ တတိယပတ်တွင် ကွင်းဆင်းစစ်ဆေး၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေ၊ ကျေးရွာကော်မတီအဖွဲ့၏ငွေစာရင်းထိန်းသိမ်းမှုပုံစံအား စစ်ဆေးအကြံပြုမှာကြားခဲ့ကြောင်းသိရသည်။

**သန်းမြတ်စိုး(နတလ)**

# အင်ဂျင်နီယာပညာရေးမြှင့်တင်မှုသင်တန်း သန်လျင်၌ဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၈**

နည်းပညာတက္ကသိုလ်(သန်လျင်)တွင် Executive Training Course on Engineering Education Accreditation Tier-II သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက ယင်းတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက သုံးရက်ကြာ ဟောပြောပို့ချမည်ဖြစ်သည်။ အင်ဂျင်နီယာပညာရေးမြှင့်တင်ရန်အတွက် အဆိုပါသင်တန်းအား ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ နည်းပညာတက္ကသိုလ် ၂၉ ခုတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ ခေါင်းဆောင်ဆရာ ဆရာမများ စုစုပေါင်း ၁၂၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# ကသာမြို့နယ်၌ ဝါးအခြေခံလက်မှုထည် နည်းပညာသင်တန်းဖွင့်

**ကသာ စက်တင်ဘာ ၂၈**

အခြေခံလက်မှုထည် နည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက ကသာမြို့နယ် မင်းလယ်ကျေးရွာ၌ ကျင်းပသည်။

ယခုဖွင့်လှစ်သော ဝါးအခြေခံလက်မှုထည်နည်းပညာသင်တန်းကို ဒေသခံပြည်သူများအား စက်ချုပ်၊ အပ်ချုပ်ပညာနှင့် ကျေးရွာများတွင် အပေါများဆုံးဝါးကို ရေနွေးဖြင့်ပြုတ်၍ ပြုလုပ်ရသော ခမောက်၊ စက္ကူဘူး၊ အလှဆင်ယပ်တောင်အမျိုးမျိုး၊ ဖျာ၊ ပိုက်ဆံအိတ် စသည်ဖြင့် တီထွင်ကြံဆနည်းအမျိုးမျိုးကို သင်ကြားပို့ချပေးလျက်ရှိသည်။

ဆက်လက်၍ ကသာမြို့ပေါ် ရပ်ကွက်အချို့တွင်လည်း အခြေခံလက်မှုထည်နည်းပညာသင်တန်းများကို ဆက်လက်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်သင်ကြားပြီး ရက်သတ္တတစ်ပတ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကသာ(ပြန်/ဆက်)**






## ဂျပန်နိုင်ငံသို့ ဒုတိယအကြိမ် သွားရောက် ဖျော်ဖြေမည့် FTISLAND

တောင်ကိုရီးယားနာမည်ကျော် အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် "FTISLAND"သည် ဂျပန်နိုင်ငံ နယ်လှည့်ဖျော် ဖြေရေးခရီးစဉ်အတွင်း ဂျပန်နိုင်ငံရှိနေရာပေါင်း (၁၃)နေရာသို့ သွားရောက် ဖျော်ဖြေမည်ဖြစ်ပြီး ယင်းဖျော်ဖြေရေးခရီးစဉ်သည် အဖွဲ့၏ ဒုတိယမြောက် ဂျပန်နိုင်ငံဖျော်ဖြေရေး ခရီးစဉ်ဖြစ်သည်။

ယင်းခရီးစဉ်ကို "Where's my PUPPY?"ဟု အမည်ပေးထားပြီး စက်တင်ဘာ ၂၈ရက်တွင် နာဂိုယာမြို့၌ စတင်ဖျော်ဖြေမည်ဖြစ်ပြီး အောက်တိုဘာ ၁ရက်နှင့် ၂ ရက်များတွင် ဂျပန်နိုင်ငံ၏ မြို့တော်တိုကျိုတွင် ဖျော်ဖြေသွားမည်ဖြစ်ကာ ဟီရိုရှီးမား၊ အိုစာကာ၊ စာပိုလို အစရှိသော ဂျပန် နိုင်ငံ၏အခြားသော မြို့ကြီးများသို့လည်း ဖျော်ဖြေသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်၏ ၃၂ရက်ကြာဖျော်ဖြေရေးခရီးစဉ်အတွင်း နေရာပေါင်း ၁၃နေရာသို့ သွားရောက်ဖျော်ဖြေသွားမည်ဖြစ်သည်။

## ကန်းထရီးအဆိုတော် အက်ဒိုင်းမွန်ဂိုမာရီ၏သား ဟန်တာကွယ်လွန်

စက်တင်ဘာ ၂၇ ရက်တွင် ကန်းထရီးအဆိုတော် အက်ဒိုင်းမွန်ဂိုမာရီက သူ၏သားဖြစ်သူ ဟန်တာမှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းသို့ ပြောကြားခဲ့သည်။

ဟန်တာသည် ကွယ်လွန်ချိန်တွင် အသက်(၁၉)နှစ်ရှိပြီဖြစ်ကာ ယာဉ်တိုက်မှုတစ်ခုကြောင့် ရရှိခဲ့သော ဒဏ်ရာဖြင့် ကန်တက်ကီဆေးရုံတွင် ဆေးကုသမှုခံယူနေရာမှ တနင်္ဂနွေနေ့က ဆုံးပါးသွားခဲ့ခြင်းဖြစ်သည်။

မွန်ဂိုမာရီက "ကျွန်တော့်သားက ဒီနေ့ပဲဆုံးပါးသွားခဲ့ပါပြီ။ သူကောင်းကင်ဘုံမှာ အေးအေးချမ်းချမ်းရှိနေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သားအတွက် ဆုတောင်းပေးခဲ့တဲ့ သူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဟန်တာသည် မွန်ဂိုမာရီနှင့် ဇနီးဟောင်းဖြစ်သူ ထရေစီတို့၏ သားသမီးလေးဦးအနက် အငယ်ဆုံးသားဖြစ်ကာ ပြီးခဲ့သည့်သြဂုတ်လအတွင်းက ဟန်တာသည် သူ့ဖခင်၏ ဖျော်ဖြေပွဲတစ်ခုတွင် သူ၏ချစ်သူနှင့် စေ့စပ်ကြောင်းလမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။



## တေးအယ်လ်ဘမ်သစ်မှာ အော်ပရာသီချင်းကိုသီဆိုခဲ့တဲ့ အရီယာနာဂရန်ဒီ

အမေရိကန်နာမည်ကျော်ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ အရီယာနာဂရန်ဒီဟာ သူသီဆိုနေကျဖြစ်တဲ့ ပေါ့ပ်ဂီတလိုင်းကနေခွဲထွက်ပြီး အော်ပရာတေးသီချင်းတစ်ပုဒ်ကို အီတလီအဆိုတော် အန်ဒရီယာဘိုစယ်လီရဲ့ တေးအယ်လ်ဘမ်သစ်မှာ ဘိုစယ်လီနဲ့အတူ တွဲဘက်သီဆိုခဲ့ပါတယ်။



ဂရန်ဒီနဲ့ ဘိုစယ်လီတို့ တွဲဘက်သီဆိုခဲ့တဲ့သီချင်းမှာ "E Più Ti Penso"ဖြစ်ပြီး ယင်းသီချင်းဟာ "Once Upon a Time In America"ရုပ်ရှင်၏ ဇာတ်ဝင်တေး တစ်ပုဒ်လည်းဖြစ်ပါတယ်။ ဘိုစယ်လီ၏ တေးအယ်လ်ဘမ်သစ်ကို "Cinema"လို့ အမည်ပေးထားပြီး ယင်းတေးအယ်လ်ဘမ်မှာ ကျော်ကြားတဲ့ ဇာတ်ဝင်တေးများစွာကို ပြန်လည်စုစည်းသီဆိုထားခြင်းဖြစ်ပါတယ်။

ယင်းတေးအယ်လ်ဘမ်သစ်ကို လာမယ့်အောက်တိုဘာလ ၂၃ရက်မှာ စတင်ဖြန့်ချိသွားမှာဖြစ်တယ်လို့ သည်ဟောလိဝုဒ်ရက်ပေါ်တာသတင်းစာက ဖော်ပြခဲ့ပါတယ်။

## သူ၏ပုံတူဘာဘီရုပ်ကို ဇန်ဒယာထုတ်ဖော်ပြသ

ဟောလိဝုဒ်၏ ကြယ်ပွင့်တစ်ဦးဖြစ်သူ ဇန်ဒယာသည် သူ၏ပုံစံအတိုင်း ဖန်တီးပြုလုပ်ထားသည့် ဘာဘီရုပ်လေးကို ပြီးခဲ့သည့် စနေနေ့က ပထမဆုံးအကြိမ်အဖြစ် သူ၏အင်စတာဂရမ်စာမျက်နှာမှတစ်ဆင့် ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါ ဘာဘီရုပ်လေးသည် ဇန်ဒယာ ၂၀၁၅ခုနှစ် အကယ်ဒမီပေးပွဲသို့ တက်ရောက်လာခဲ့သည့် ပုံစံအတိုင်း တုပဖန်တီးထားခြင်းဖြစ်သည်။

ဇန်ဒယာက "ကျွန်မငယ်ငယ်တုန်းက ကိုယ်နဲ့တူတဲ့ ဘာဘီရုပ်လေးကို ရှာမတွေ့ခဲ့ဘူးလေ။ ခုတော့ အချိန်တွေ ပြောင်းသွားတာနဲ့အမျှ အရာရာကလည်း ပြောင်းလဲခဲ့ပါပြီ။ ဒီဖန်တီးမှုအတွက် ဘာဘီဒေါ့ကွန်းကိုကျေးဇူးတင်ပါတယ်။ ဘာဘီလေးတွေထဲက တစ်ဦးဖြစ်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိတယ်။ ဘာဘီဒေါ့ကွန်းနဲ့ ရှေ့ဆက်လက်တွဲလုပ်ကိုင် သွားရမယ့် အလုပ်တွေကိုမစောင့်ဆိုင်းနိုင်တော့ဘူး။ ဘာဘီရုပ်လေး တစ်ရုပ်အဖြစ် အနုပညာလုပ်ငန်းတွေကို လုပ်ဆောင်ချင်လှပါပြီ"ဟုလည်း သူ၏ လူမှုကွန်ရက်မီဒီယာပေါ်တွင် ရေးသားဖော်ပြထားခဲ့သည်။



### ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၂၈ ရက် တနင်္လာနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ တွင် ပါရှိသော **"ရှူဘီကမ္ဘာ့ဖလားကို အားပေးခဲ့ကြတဲ့ မင်းသား ဟယ်ရီနှင့် ကိတ်မစ်ဒယ်လ်တန်"** သတင်းတွင် **"မင်းသားဟယ်ရီ** အစား **မင်းသားဝီလီယမ်**"ဟုလည်းကောင်း၊ **"မင်းသား ဝီလီယမ်** အစား **မင်းသား ဟယ်ရီ"**ဟုလည်းကောင်း၊ **"မင်းသမီးလေး ကာလိုတီ** အစား **မင်းသမီးလေး ရှားလော့ထ်"** ဟု လည်းကောင်း ပြင်ဆင် ဖတ်ရှုပါရန် လေးစားစွာ တောင်းပန်အပ်ပါသည်။

**စာတည်း**

**အေးပြည့် – စုစည်းသည်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၉ - ၉ -၂၀၁၅ (အင်္ဂါနေ့)

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၅ တိပိဋကဓမ္မာနာဒ ရေအလျှုတော်
- ၆း၄၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ (အပိုင်း-၇)
- ၆း၅၀ ကျော်တစ်ရက်ဆန်းတစ်ရက် မန္တလေးတောင်တော် ပန်းကပ်အဖွဲ့
- ၈း၃၅ အတိတ်ပစ္စုန်ပ္ပန်မှသည် အနာဂတ်နေ့ရက်များဆီသို့
- ၁၁း၃၅ ထိန်းသိမ်းအပ်ပေ မြန်မာ့ရိုးရာအမွေ
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၂၉)
- ၁း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၂း၃၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေး အရသာ ဂီတအရိပ်သာ (အပိုင်း-၁၄၆)
- ၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဥပဒေပညာ အထူးပြု)(ဥပဒေပညာ)
- ၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၇း၀၀ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ. အ. မ. ဖ)ပါတီ ရခိုင်အမျိုးသားပါတီ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
- ၈း၃၅ ဆန္ဒတူညီမဲပေးကြမည် နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၃၀) "နတ်ဝိဉာဉ်စစ်ဆင်ရေး" (ပထမပိုင်း)(နိုင်းနိုင်း၊ မင်းရာဇာ၊ ကျော်ဇောဟိန်း၊ မြင့်မိုရ်၊ မေသန်းနု၊ တင့်တင့်ထွန်း၊ မျိုးစန္ဒီကျော်၊ စိုးမိုးကြည်၊ အေးဝတ်ရည်သောင်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးဝိုက်)

### မြန်မာ့ရုပ်မြင်သံကြား Enterainment Channel

- ၆း၀၀ အဖွင့် ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေး အရသာဂီတ ရိပ်သာ (မာမာအေး) (အပိုင်း-၂)
- ၆း၁၅ "မပော်သဓာ" (အပိုင်း-၁၂)
- ၆း၄၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၂)
- ၈း၃၅ "အချိန်တိုင်းနေရာတိုင်း" (အပိုင်း-၁၂+၁၃)
- ၉း၄၀ ဟိုးတုန်းက . . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ"မေတ္တာသံသရာ"
- ၁၀း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်သစ်ပင်" (ဖိုးသောကြာ၊ ဆုပန်ထွာ) (ဒါရိုက်တာ-သုမောင်)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၅း၄၀ "ဝိနည်းကို မဖျက်ဆီးပါနဲ့" (အပိုင်း-၁) တရားတော် [ဆရာတော် ဘဒ္ဒန္တပညာသီဟာဘိဝံသ]
- ၇း၅၀ Cartoon Series (Welcome To Sky Ville)
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၉၉)
- ၉း၃၅ အနုပညာမိုးကောင်းကင်
- ၁၀း၀၅ ခေတ်သစ်ပျိုမေ
- ၁၀း၅၀ Monsoon Art Festival 2015 (Mandalay Transparency ပန်းချီပြပွဲ)
- ၁၁း၀၀ သွားမယ်စားမယ် (My Friends-2)
- ၁၁း၃၀ Forever Music Tribute Hip Hop Show Time (အပိုင်း-၁) ဒုတိယပိုင်း
- ၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆၀)
- ၁၂း၂၅ စံပဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၏ ထိုင်းနိုင်ငံ Study Tour ခရီးစဉ် (အပိုင်း-၂)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၈)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၆၇)
- ၃း၃၅ Romantic Wedding at Sedona Hotal Yangon
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၉)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၀)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆၁)
- ၁၀း၀၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၂း၄၀ MRTV-4 Stage
- ၃း၅၀ World of Knowledge (Built For The Kill: Undersea Deception)
- ၄း၃၅ တန်ခိုးကြီးမား ဘုရားစေတီပုတီးများ (ပခုက္ကူမြို့မှ ကြည်ညိုဖွယ်ရာ ဘုရားစေတီပုထိုးများ)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၅၅ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ မြတ်နိုးစရာရိုးရာ လက်မှုပညာ
- ၈း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၅ မြန်မာသံစဉ်ချိုနှားဝင်
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၅ သူတို့အကြောင်း
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၅၉)
- ၆း၃၅ Dream Team
  - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - ဟာသရုပ်စုံ
  -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

**အားကစား**

# တိုက်စစ်မှူး မက်ဆီ နှစ်လကြာအနားမယူရဘဲ အသင်းနှင့် ပြန်လည် ပါဝင်လာမည်

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ အာဂျင်တီးနားကြယ်ပွင့် တိုက်စစ်မှူး မက်ဆီသည် လက်စ်ပဲလ်မက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်တွင် ဘယ်ဒူးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် နှစ်လကြာ အနားယူရမည်ဆိုသော်လည်း အာဂျင်တီးနားအသင်း ဆရာဝန်က ဗီလာနီမူ တိုက်စစ်မှူး မက်ဆီသည် နှစ်လကြာအနားမယူရဘဲအသင်းနှင့်အတူ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် စက်တင်ဘာ ၂၆ ရက်ညပိုင်းက ဘာစီလိုနာအသင်းက လက်စ်ပဲလ်မက်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဘယ်ဒူးဒဏ်ရာပြဿနာကြောင့် ရက်သတ္တခုနစ်ပတ်မှ ရှစ်ပတ်အထိ အနားယူရရန်ရှိနေပြီး အသင်းနှင့်အတူ နှစ်လနီးပါးကြာ ပွဲထွက်ကစားခွင့်ရရှိမည်မဟုတ်ကြောင်း အဆိုပါပွဲစဉ်ကစားသည့်နေ့တွင် ဘာစီလိုနာအသင်းနည်းပြ အင်နရီကေးက ပြောကြားခဲ့သည်။



အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီသည် ဒူးဒဏ်ရာပြဿနာကြောင့် ဘာစီလိုနာအသင်းနှင့် အသင်းတို့၏ ပွဲစဉ်များတွင် လွဲချော်ရမည် အာဂျင်တီးနား ဖြစ်သော်လည်း ခေါင်းဆောင် အာဂျင်တီးနားအသင်း လီယွန်နယ်မက်ဆီသည်

ကလပ်အသင်းက မျှော်လင့်ထားသည့် ရက်ထက်စော၍ အသင်းနှင့်အတူ ပြန်လည်ပွဲထွက်ကစားနိုင်မည့် အနေအထားတွင် ရှိနေကြောင်း အာဂျင်တီးနားလက်ရွေးစင်အသင်း ဆရာဝန်က ပြောကြားခဲ့သည်။

မက်ဆီသည် ၂၀၁၃ ခုနှစ်ကလည်း တံကောက်ကြော ဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာပြန်လည် ကောင်းမွန်လာခဲ့ခြင်းကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းအတွက် သွင်းဂိုး ၅၈ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သည်။

ထို့အတူ အာဂျင်တီးနားအသင်း ဆရာဝန်က“တိုက်စစ်မှူး မက်ဆီရဲ့အကြောင်းကို ကျွန်တော်အကောင်းဆုံးသိပါတယ်။ ဒူးဒဏ်ရာရရှိခဲ့ပြီး နှစ်လလောက် အနားယူရမယ်ဆိုပေမယ့် အချိန်တိုအတွင်းမှာ အသင်းနဲ့အတူ ပါဝင်ပွဲထွက်လာနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သူတို့ မျှော်လင့်ထားသလို ရက်သတ္တခြောက်ပတ်ကနေ ရှစ်ပတ်အထိ အနားယူရလိမ့်မယ် မဟုတ်ပါဘူး”ဟု ပြောကြားခဲ့သည်။



# ဂျူဗင်တပ်အသင်းနှင့်အတူ ခီဒီယာ လေ့ကျင့်ရေးပြန်ဆင်းနိုင်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ဂျာမနီကြယ်ပွင့် ခီဒီယာသည် ပေါင်ဒဏ်ရာပြဿနာကြောင့် အသင်းနှင့်အတူ ပွဲထွက်မကစားနိုင်ခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်ရာ အသင်းနှင့်အတူ လေ့ကျင့်ရေးကွင်းသို့ အရောက်ပြန်လာနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေချန်ပီယံဆုကို ဆွတ်ခူးထားနိုင်ခဲ့သည့်အသင်းဖြစ်သော်လည်း ယခုနှစ်ဘောလုံးရာသီတွင်မူ ရလဒ်များဆိုးရွားကာ အီတလီစီးရီးအေ အမှတ်ပေးဇယား၏ အဆင့်(၁၄)တွင် ရပ်တည် လျက်ရှိသည်။

သို့ရာတွင် ဂျူဗင်တပ်အသင်းသည် ချန်ပီယံလိဂ်အုပ်စုအဆင့် ပထမအကျော့ပွဲစဉ်တွင် မန်စီးတီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့ပြီး မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယပွဲစဉ်တွင် ကွင်းလယ်ကစားသမား ခီဒီယာသည် ဂျူဗင်တပ်အသင်းနှင့်အတူပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ခီဒီယာသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဩဂုတ် ၁ ရက်က မာဆေးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးပွဲစဉ်တွင် ဒဏ်ရာပြဿနာနှင့်ကြုံခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ကွင်းလယ်ကစားသမားခီဒီယာသည် စက်တင်ဘာ ၂၇ ရက်တွင် ဂျူဗင်တပ်အသင်း၏ လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ငွေကြယ်
ရေးသားသည်

# မန်စီးတီးအသင်း ချန်ပီယံလိဂ်တွင် နိုင်ပွဲရရှိလိမ့်မည်ဟု ပယ်လီဂရီနီ ဆို




ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် ဥရောပပြိုင်ပွဲများတွင် နိုင်ပွဲရရှိရန် အခက်အခဲများရှိခဲ့သော်လည်း ယခုနှစ် ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယပွဲစဉ်တွင် နိုင်ပွဲရရှိလိမ့်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ထုတ်ဖော်ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီနှင့် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ပြိုင်ပွဲ၌ အုပ်စုအဆင့်ဖြင့်ပင် ချန်ပီယံလိဂ်ပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရသည့်အပြင် ပြီးခဲ့သည့်ဘောလုံးရာသီနှစ်ရာသီကလည်း ချန်ပီယံလိဂ်တွင် ၁၆ သင်းအဆင့်ဖြင့်ပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသူဖြစ်သည်။

သို့ရာတွင် ဗီလာရီးယဲလ်အသင်းအား ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရေးစွမ်းဆောင်ပေးခဲ့သည့်အပြင် မာလာဂါအသင်းကိုလည်း ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရေးစွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်တွင် မန်စီးတီးအသင်းကိုလည်း ချန်ပီယံလိဂ်တွင် အောင်မြင်မှုရရှိအောင်စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ဘာစီလိုနာအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ဂျူဗင်တပ်အသင်းတို့နှင့်သာ ယှဉ်ပြိုင်ခဲ့ရပြီး အဆိုပါအသင်းများမှာ လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်းကတည်းက ချန်ပီယံလိဂ် တွင် အောင်မြင်မှုရရှိထားခဲ့သည့်အသင်းများဖြစ်ကြောင်းလည်း မန်စီးတီးအသင်းနည်းပြပယ်လီဂရီနီက ဆိုသည်။

သို့ရာတွင် မန်စီးတီးအသင်းသည် လွန်ခဲ့သည့်နှစ်များအတွင်းကတည်းက နှစ်တိုင်းလိုလိုပင် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည့်အသင်းတစ်သင်းဖြစ်သည်နှင့်အညီ ယခုနှစ်တွင်လည်း အုပ်စုအဆင့်ပထမပွဲစဉ်၌ ရှုံးပွဲကြုံ တွေ့ခဲ့သော်လည်း ချန်ပီယံလိဂ်တွင် အောင်မြင်မှုရရှိမည့်အသင်းအဖြစ် ယုံကြည်ထားကြောင်း ပယ်လီဂရီနီက ပြောကြားခဲ့သည်။မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်အုပ်စုအဆင့် ပထမအကျော့ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။



# တိုက်စစ်မှူး ဇက်ကို တစ်လကြာအနားယူရမည်

**အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ တိုက်စစ်မှူး ဇက်ကိုသည် ဒူးဒဏ်ရာကြောင့် ရက်သတ္တသုံးပတ်မှ လေးပတ်အထိ အနားယူရမည်ဖြစ်ကြောင်းသိရသည်။**

**ဘော့စနီးယားတိုက်စစ်မှူး ဇက်ကိုသည် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ အီတလီစီးရီးအေကလပ် ရိုးမားအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ရိုးမားအသင်းနှင့် ဘော့စနီးယားအသင်းတို့၏ ပွဲစဉ်များတွင် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။**

**တိုက်စစ်မှူး ဇက်ကိုသည် ရိုးမားအသင်းယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်သည့် ဘိတ်ဘိုရီဆော့အသင်းနှင့် စီးရီးအေပွဲစဉ်ဖြစ်သည့် ပါလာမိုအသင်းတို့နှင့် ပွဲစဉ်များတွင် လွဲချော်မည်ဖြစ်သည့်အပြင် ဝေလအသင်း၊ ဆိုက်ပရပ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ဝင်ခွင့်ပွဲစဉ်များတွင်လည်း ဘော့စနီးယားအသင်းနှင့်အတူ ပါဝင်ပွဲထွက်လာနိုင်မည်မဟုတ်ကြောင်းသိရသည်။ သို့ရာတွင် အောက်တိုဘာ ၁၇ ရက်တွင် အမ်ပိုလီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်းသိရသည်။**

မှုခင်း

# အမျိုးသမီးတစ်ဦးသေဆုံးမှုအား စစ်ဆေးရာမှ လူသတ်မှုပေါ်ပေါက်

**ပခုက္ကူ စက်တင်ဘာ ၂၈**

ပခုက္ကူမြို့နယ် ကွဲ့တဲအုပ်စု အောင်ချမ်းသာ ရပ်ကွက်တွင် စက်တင်ဘာ ၂၆ရက် နံနက်ပိုင်းက အမျိုးသမီးတစ်ဦးအား ၎င်း၏ နေအိမ်ဘုရားစင်ရှေ့တွင် ပါးစပ်နှင့် နှာခေါင်းတွင် အဝတ်စည်း၍သေဆုံး လျက်တွေ့ရှိခဲ့မှုအား အမှုဖွင့်စစ်ဆေး ခဲ့ရာမှ လူသတ်မှုစစ်ဆေးပေါ်ပေါက် ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၆ရက် နံနက် ၇နာရီ မိနစ် ၅၀ က ပခုက္ကူမြို့နယ် အောင်ချမ်းသာ ရပ်ကွက်တွင် လူတစ်ဦးသေဆုံးကြောင်း သတင်းအရ ပခုက္ကူမြို့မရဲစခန်းမှ ဒုတိယ ရဲမှူးကျော်စိုးသွားရောက် စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဒေါ်ငွေအိ (၅၂)နှစ် အောင်ချမ်းသာရပ်ကွက် ပခုက္ကူမြို့နယ်နေသူဖြစ်ပြီး ၎င်း၏ နေအိမ်ခေါင်းရင်း ဘုရားစင်အောက်တွင် ပါးစပ်နှင့် နှာခေါင်း၌ အဝတ်စည်းလျက် ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

ယင်းအမျိုးသမီး သေဆုံးမှုနှင့် ပတ်သက်၍စက်တင်ဘာ ၂၇ရက်တွင် ၎င်းနေထိုင်သော ရပ်ကွက်အတွင်း သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်နေ့ ည ၉ နာရီက သေဆုံးသူ ဒေါ်ငွေအိ၏ နေအိမ်ဘက်မှ အဒေါ်ဟုခေါ်သံကြားရပြီး ဒေါ်ငွေအိက အိမ်တံခါးနှင့် အိမ်ဝိုင်းတံခါးအား ဖွင့်ပေး၍ ဒေါ်ငွေအိ၏ တူတော်စပ်သူ ကျော်သက်လွင်ဦးနှင့် အမျိုးသားတစ်ဦးတို့ အိမ်ထဲဝင်သွားကြကြောင်း သိရသဖြင့် ကျော်သက်လွင်ဦးအား ခေါ်ယူစစ်ဆေးခဲ့ရာ အခင်းဖြစ်ည ၉ နာရီက ကျော်သက်လွင်ဦးသည် ၎င်း၏အဒေါ်ဖြစ်သူ ဒေါ်ငွေအိအိမ်သို့ ငွေတောင်းရန် တစ်ရပ်ကွက်တည်းနေ စံညိမ်းအောင်နှင့်အတူ သွားခဲ့ပြီး ငွေတောင်းခဲ့ကြောင်း၊ ငွေတောင်းမရ၍ ဒေါ်ငွေအိ၏ လည်ပင်းညှစ်ရာမှ လက်လွန်သေဆုံးသွားခဲ့၍ စံညိမ်းအောင်က ဒေါ်ငွေအိ၏ နှာခေါင်းနှင့်ပါးစပ်အား အဝတ်ဖြင့် ပိတ်စည်းခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

**ဝဝ**

# ပင်လယ်ပြင်၌ ငါးဖမ်းနေစဉ် ရေလုပ်သားတစ်ဦး ကြိုးဆွဲချသေဆုံး

**ရေး စက်တင်ဘာ ၂၈**

ရေးမြို့အနောက်ဘက် ကပ္ပလီပင်လယ်ပြင် ငှက်ပျောကျွန်းအနီး ငါးဖမ်းကျားဖောင်ပေါ်၌ စက်တင်ဘာ ၂၇ရက် မွန်းလွဲ၁နာရီခွဲက ရေလုပ်သားတစ်ဦး ကြိုးဆွဲချသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးသူရေလုပ်သားမှာ အောင်လင်းထွန်း(၃၂)နှစ် အဘော်ကျေးရွာ ရေးမြို့နယ်နေသူဖြစ်ပြီး ကျားဖောင်ပေါ်တွင် ဖောင်ဦးစီး ကိုလှခင်၊ ဖောင်လုပ်သား အားနိုး(ခ)မောင်ကျော်တို့ ထမင်းစားရန်အတွက် အောင်လင်းထွန်းအားလှမ်းခေါ်ရာ အောင်လင်းထွန်းမှ ထမင်းမဆာသေး၍ နောက်မှစားမည်ဟုဆိုကာ ဖောင်ပေါ်ရှိ ငါးလှမ်းစင်ပေါ်သို့တက်သွားကြောင်း၊ ထမင်းစားပြီး အောင်လင်းထွန်းအား လှမ်းခေါ်ရာ ပြန်ထူးသံမကြားရ၍ ငါးလှမ်းစင်ပေါ်သို့ တက်ကြည့်ရာ ကြိုးဆွဲချသေဆုံးနေသည်ကိုတွေ့ရှိရကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# ခြောက်နှစ်အရွယ်ကလေးတစ်ဦး ရေနစ်သေဆုံး

**မြိုင် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စဘေကန်ကျေးရွာအနီး ရေကန်အတွင်း ရေဆင်းချိုးရာမှ ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးမှု စက်တင်ဘာ ၂၇ ရက် ညနေ ၄ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ရက် ညနေ ၄နာရီခွဲအချိန်က ဗဟင်းကျေးရွာအုပ်စု စဘေကန်ကျေးရွာနေ ဦးဇော်မင်းနိုင်၏ သားများဖြစ်သော ဇင်ကိုဦး (၉)နှစ် လေးတန်းကျောင်းသားနှင့် ညီဖြစ်သူ ဇင်ကိုဖြိုး (၆)နှစ် သူငယ်တန်း ကျောင်းသား ညီအစ်ကို နှစ်ယောက်သည် ရွာ၏ အနောက်ဘက်နှစ်ဖာလုံခန့်အကွာ ရှိ ရေကန်အတွင်း ရေဆင်းချိုးရာ ညီဖြစ်သူ ဇင်ကိုဖြိုး(၆)နှစ်မှာ ရေနစ်၍ အော်ဟစ်အကူအညီ တောင်းသဖြင့် ရွာသားများဝိုင်းဝန်းရှာဖွေခဲ့ရာ ၎င်းအား ရေကန်ပေါင်နှင့် ငါးပေခန့်အကွာ ရေအနက် ငါးပေခန့်၌ သေဆုံးနေကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# ကောလင်းမြို့နယ်၌ လမ်းဘေးဈေးဆိုင်မှ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**ကောလင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် စက်တင်ဘာ ၂၅ရက် နံနက် ၁၀နာရီခွဲခန့်က ကောလင်းမြို့နယ် ယင်းတိုက်ကျေးရွာနှင့် ကြာအင်းကျေးရွာလမ်းရှိ စိုးသိုက်၏ဈေးဆိုင်အား မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇ပြား (၇ဒသမ ၇ဂရမ်)နှင့် ဘိန်းမည်း(အမဲရောင်အစေး) ၁၇ဂရမ်ခန့်၊ ခပ်ပုံ ၁၇ဂရမ်ခန့်တို့ကို တွေ့ရှိသိမ်းဆည်းခဲ့သဖြင့် ကောလင်းမြို့မရဲစခန်းက စိုးသိုက် (၃၄)နှစ် ဥက္ကံကျေးရွာနေသူအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ကုက္ကိုပင်ပေါ်မှ ပြုတ်ကျ၍ လူတစ်ဦးသေဆုံး

**တောင်တွင်းကြီး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီး မြို့နယ် ဆတ်သွားနယ်မြေ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီခွဲခန့်တွင် တောင်တွင်းကြီးမြို့နယ် ရွာသစ်(အရှေ့) ကျေးရွာ၌ အမျိုးသားတစ်ဦး သစ်ပင်ပေါ်မှ ပြုတ်ကျသေဆုံးနေကြောင်း ထန်းပင်တဲ ကျေးရွာခွဲတာဝန်ခံ ဦးသန်းအောင်က ဖုန်းဆက်အကြောင်းကြားသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ထန်းပင်တဲ ကျေးရွာနေ ဇော်မင်း (၄၀) နှစ်ဖြစ်ပြီး ၎င်းသည် နံနက် ၁၁ နာရီခန့်က ရွာသစ်(အရှေ့) ကျေးရွာနေ ဦးသိန်းဦး၏ နေအိမ်ဝိုင်းအတွင်းရှိ ကုက္ကိုပင်အား ထင်းအဖြစ်အသုံးပြုရန် အကိုင်းတက်ခုတ်ရာ အမြင့် ပေ ၂၀ ခန့်မှ အောက်သို့ပြုတ်ကျပြီး ဒဏ်ရာများရရှိသေဆုံး နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရေမဆေးကျောက်ရှာဖွေနေစဉ် မြေစာပုံပြိုကျ၍ သေဆုံး၊ ဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့ ပြည်သူ့ဆေးရုံသို့ မြေစာပိမိ၍ သေဆုံး၊ ဒဏ်ရာရရှိသူများ ရောက်ရှိနေကြောင်း သတင်းအရ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဆိပ်မူရဲကင်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဖားကန့်မြို့နယ် ကောင်ဆန်ကျေးရွာနေ ခိုင်ထူး(၂၀)နှစ်ဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ ရဲဝင်းအောင်(၂၅)နှစ်နှင့် ရဲမင်းထွန်း(၂၀)နှစ်တို့ဖြစ်သည်။ ၎င်းတို့သုံးဦးသည် ယင်းနေ့ နံနက် ၁ နာရီခန့်က ကောင်ဆန်ကျေးရွာအနီး စိန်လုံကျောက်မျက်ကုမ္ပဏီလုပ်ကွက်အတွင်းရှိ အမြင့်ပေ ၁၀၀ ခန့်ရှိ မြေစာ ပုံအောက်ခြေတွင် ရေမဆေးကျောက်ရှာဖွေနေစဉ် မြေစာများ ရုတ်တရက်ပြိုကျရာက မြေစာခဲများ ထိမှန်၍ ခိုင်ထူးတွင် ဦးခေါင်းနောက်စေ့ဒဏ်ရာ တစ်ချက်ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ရဲဝင်းအောင်နှင့် ရဲမင်းထွန်းတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၄ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၁၉×၆၆ လမ်းဆုံတွင် ယာဉ်/လမ်းစည်းကမ်းစစ်ဆေးခြင်း တာဝန်ဆောင်ရွက်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်သေဆုံးခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဇာနည် Facebook စာမျက်နှာ၊ စက်တင်ဘာ ၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ ၁၄ တို့တွင် ဖော်ပြပါရှိခဲ့သည့်သတင်းမှ ပြစ်မှုကျူးလွန်သူ ဒေါက်တာလှစိုးထွန်းအား သွားဆရာဝန်ဟုမှားယွင်းဖော်ပြခဲ့ပါသည်။ အဆိုပါ မှားယွင်းဖော်ပြခဲ့သည့် သွားဆရာဝန်အစား အထွေထွေရောဂါကုဆရာဝန်ဟု ပြင်ဆင်ဖတ်ရှုပေးနိုင်ပါရန် ဖော်ပြအပ်ပါသည်။

**(မြန်မာနိုင်ငံရဲတပ်ဖွဲ့)**

# ငွေဆောင်ကမ်းခြေတွင် နိုင်ငံခြားသူနှစ်ဦး လေးဘီးဆိုင်ကယ် တိမ်းမှောက်

**ငွေဆောင် စက်တင်ဘာ ၂၈**

ငွေဆောင်ကမ်းခြေ Emereld Sea Hotel တွင်တည်းခိုနေထိုင်လျက်ရှိသော ယူကရိန်းနိုင်ငံသူ TSYEUREMKO OLHA (၃၅)နှစ်နှင့် Miss TSYEUREMKO ASASTASILA (၁၁) နှစ်တို့ နှစ်ဦးသည် စက်တင်ဘာ ၂၆ရက်က Emereld Hotel မှ ဘူးကွဲကျေးရွာသို့ ပင်လယ်ကမ်းခြေ တစ်လျှောက် အငှားလေးဘီးဆိုင်ကယ်ဖြင့် လည်ပတ်ရာ ဘူးကွဲကျေးရွာ ပင်လယ်ကမ်းခြေတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ဒဏ်ရာများ (မစိုးရိမ်ရ) အသီးသီးရရှိခဲ့သဖြင့် ငွေဆောင်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သည်။

ရရှိဒဏ်ရာများမှာ မစိုးရိမ်ရသော်လည်း ယင်းနေ့ ပုသိမ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။


**မူမူ(iprd)**


ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ စံချိန်သစ်လမ်း၊ သုဝဏ္ဏသွားကောလိပ်ရှေ့အနီး၊ (၂၀ ပေ × ၆၀ ပေ)၊ တိုက် သစ်၊ ပထမထပ်၊ ၂ ယောက်အိပ် ၅ ခန်းဖွဲ့ပြီး (အဆောင်ဖွင့်ရန်အလွန်ကောင်း) အခန်းအားလုံး ပြင်ဆင်ပြီး၊ ရောင်းဈေး (သိန်း ၅၅၀) ဖုန်း - ၀၉ ၇၈၈၆၂၈၉၆၉၊ ၀၉ ၇၈၈၆၂၈၉၇၈၊ ၀၉ ၂၆၄၆၈၇၀၆၈။

မီးသတိပြု

ဒေါ်သူဇာဝင်း(စာရင်းကိုင်သင်တန်း)
B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc
LCCI 1, 2, 3
MYOB & AutoCount
April- 2016 Series တန်းခွဲသစ်များ ကျောင်းအပ်လက်ခံပြီ
နံနံပါတ် ကြိုယူနိုင်ပြီ
အမှတ်(၃၀)၊ ဗုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ တာမွေမြို့နယ်။ (မြလမ်းမှတ်တိုင်ဦးချစ်မောင်အိမ်ရာရှေ့)
Ph: 09-5029621, 09-5402724, 09-250371045

အာရှကေရီဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
Asian Empress Travels and Tours
ဗုဒ္ဓဂယာခရီးစဉ်အား ဟိုတယ်တည်းဖြင့်သွားရောက်ဖူးမြော်ခဲ့ကြသော မိတ်ဟောင်းမိတ်သစ်များကိုကြိုဆိုသောအားဖြင့် ယခင်နှစ်ဈေးနှုန်းအတိုင်း (ဈေးနှုန်းမတက်ဘဲ) အာရှကေရီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ ကုသိုလ်ယူပို့ဆောင်ပေးနေပါသည်။
ဟိုတယ်တည်း (၇)ရက်ညအိပ် (၈)ရက်ခရီးစဉ်များ (ဖွား၊ ပွင့်၊ ဟော၊ စံ)
(၂၈-၁၀-၁၅) (၄-၁၁-၁၅) (၂၇-၁၂-၁၅) (၂၉-၁-၁၆) (၂၂-၂-၁၆) (၁၃-၃-၁၆) (၂၇-၃-၁၆)
(3 Star/ 4 Star)အဆင့်ရှိ ဟိုတယ်များတွင် တည်းခို၍ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ)များကို ဘူဖေးစနစ်ဖြင့် သုံးဆောင်နိုင်ပါသည်။ (၂၈-၁၀-၁၅) (သီတင်းကျွတ်လပြည့်နေ့) ထွက်မည့်ခရီးစဉ်တွင် လပြည့်ည၌ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်တွင် ဆီမီးကပ်လှူပူဇော်ပါမည်။ လူဦးရေကန့်သတ်ထားပါ၍ အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြပါပြီ ...
ဆက်သွယ်ရန် - အမှတ်(၇၄)၊ မြေညီထပ်၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: (01) 501712, (09)30382448-449, (09)260013261-262, (09)5025999

ရွှေဘုံသာတွင် ရောင်းသည် ဝယ်သည်၊ လိမ်သည် ဝတ်သည်
• မဲဆွယ်စည်းရုံးရေးအချို့ တန်းတူယှဉ်ပြိုင်ခွင့်မရသလိုဖြစ်နေ
• မော်တော်ယာဉ်မူဝါဒအသစ်တွေကြောင့် ကားဈေးမြင့်လာနိုင်
• အလုပ်ရပ်စဲမှုအချို့ အလုပ်ရှင် ထောင်တစ်နှစ် ကျနိုင်
• မန်းတိုင်းမှာ တစ်လင်တစ်မယားစနစ် ဥပဒေနဲ့ စတင်အမှုဖွင့်ခံရ


အတွဲ(၅)၊အမှတ်(၂၂)
၂၉-၉-၂၀၁၅ အင်္ဂါနေ့ ထွက်ပြီ

Nice Style Travels & Tours
အမှတ် ၃၅၅ ၊ သိမ်ဖြူလမ်း ၊ မင်္ဂလာတောင်ညွန့် ၊ ရန်ကုန်။
ဖုန်း ၀၁ ၃၉၉၂၉၉၊ ၃၉၉၃၂၂၊ ၃၉၄၄၀၆၊ ၃၉၄၄၀၇၊ ၃၉၄၃၆၅
နှင့်အတူ သီတင်းကျွတ် ခရီးသွားစို့
ဗန်ကောက်-ပတ္တရား(5Days) / မလေးမှ(6Days) — 595 USD(28 Oct) / 680 USD(27 Oct)
စင်ကာပူ(5Days) / မလေးမှ(5Days) — 1050 USD(28 Oct) / 1100 USD(27 Oct)
ပေကျင်း-ရှန်ဟိုင်း(8Days) — 1800 USD(25 Oct)
ဥရောပ(15Days) — 5300 USD
ဟောင်ကောင်-မကာအို-ရှန်ဇန်(5Days) — 1440 USD(28 Oct)
ဂျပန်(8Days) — 2750 USD(25 Oct)
ဒူဘိုင်း(8Days) — 2500 USD(26 Oct)
ဘာလီ(5Days) — 1100 USD
ဗီယက်နမ်(5Days) — 820 USD(28 Oct)
Hot Line : 09799700099, 09799700090, 09421104333, 09402671733

## ပြည်တွင်းရေးရာ

# လှိုင်သာယာမြို့နယ်ရှိ ဓညဝတီလမ်းမကြီး မွမ်းမံမှုပြီးစီး

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် ၁၉ ရပ်ကွက်အတွင်းရှိ ဓညဝတီလမ်းမကြီးမှာ မွမ်းမံမှုပြီးစီးသွားပြီဖြစ်၍ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါလမ်းဖွင့်ပွဲအား ကျင်းပခဲ့သည်။

ယင်းလမ်းမှာ နှစ်ကာလရှည်ကြာလာခြင်းကြောင့် ပျက်စီးယိုယွင်းနေသဖြင့် ပြည်သူများနှင့် ကလေးသူငယ်များ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် မွမ်းမံပြင်ဆင်ခင်းကျင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဓညဝတီလမ်မကြီးကို အရှည်ပေ ၁၈၂၀၊ အနံ ၁၂ ပေ၊ ထုခြောက်လက်မရှိ ကွန်ကရစ်လမ်းမကြီးအဖြစ် ခင်းကျင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**



# ပဲခူးမြို့နယ်အဆင့် ထူးချွန် ဆရာ၊ ဆရာမအရည်အချင်းစစ်စာမေးပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၈**

ပဲခူးမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ကျောင်းဆောင်၌ စက်တင်ဘာ ၂၇ရက် နံနက် ၁၀နာရီက ပဲခူးမြို့နယ်အဆင့် ထူးချွန်ဆရာ၊ ဆရာမများ အရည်အချင်းစစ်စာမေးပွဲ ကျင်းပသည်။

အခြေခံပညာအဆင့်အလိုက် ဘာသာရပ်အစုံဖြေဆိုကြရပြီး ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ၁၉ ဦး၊ အလယ်တန်းအဆင့် ၃၅ ဦး၊ မူလတန်းအဆင့် ၁၁ ဦး စုစုပေါင်း ၆၅ဦးဝင်ရောက်ဖြေဆိုကြရသည်။

မြို့နယ်တစ်မြို့နယ်တွင် အထက်တန်းအဆင့် တစ်ဦး၊ အလယ်တန်းအဆင့် တစ်ဦး၊ မူလတန်းအဆင့် တစ်ဦးစီသာ ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခံရသော ဆရာ ဆရာမများအနေဖြင့် ခရိုင်အဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

**(၅၈၈)**

# ဟိုင်းကြီးကျွန်းရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၃၀ ရာခိုင်နှုန်းပြီးစီး

**ဟိုင်းကြီးကျွန်း စက်တင်ဘာ ၂၈**

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)၊ (၂)၊ (၃) ရပ်ကွက်များကို ဆက်သွယ်ထားသော တမ္ပဝတီရေတပ်စခန်း၌နချုပ်ရှောင်ကွင်းလမ်း ၃ ဒသမ ၄ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် သန်းပေါင်း ၄၆၅ ဒသမ ၉၉ ဖြင့် ပုသိမ် ပိုင်အိုးနီးယား၊ သန်းဟိန်းကျော်၊ DANYAWADI PRINCESS ကုမ္ပဏီသုံးခုက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကုမ္ပဏီတစ်ခုလျှင် ၁/ ၁-၃ မိုင် စီတာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအမျိုးအစားမှာ ၆၁၆၀ ပေ × ၁၂ ပေ × ၈ ကွန်ကရစ်လမ်းအမျိုးအစားဖြစ်သည်။

၎င်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ စက်တင်ဘာနောက်ဆုံးပတ်တွင် ပုသိမ် ပိုင်အိုးနီးယားကုမ္ပဏီက ၃၀ ရာခိုင်နှုန်း၊ သန်းဟိန်းကျော်ကုမ္ပဏီက ၃၀ရာခိုင်နှုန်း၊ DANYAWADI PRINCESS ကုမ္ပဏီက ၃၀ ရာခိုင်နှုန်း အသီးသီးပြီးစီးနေပြီဖြစ်သည်။

အဆိုပါတပ်ရှောင်ကွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လာမည့်အောက်တိုဘာ ၃၁ ရက်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သန်းဟိန်းကျော်ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လမ်း၏အလယ်ပိုင်းကို တာဝန်ယူထားရသည်ဖြစ်၍ ရေအတက်အကျရှိသောချောင်းအတွင်းမှ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူရခြင်းနှင့် မိုးရွာသွန်းမှုများရှိနေခြင်းကြောင့် သတ်မှတ်ရက်ထက် အနည်းငယ်နောက်ကျပြီးမှ ပြီးစီးနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းတာဝန်ခံ ဦးကျော်သက်က ပြောသည်။



**ကျော်သူဟိန်း(ပြန်/ဆက်)**

# ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

**မိုးကောင်း စက်တင်ဘာ ၂၈**

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ကျေးလက်ဒေသနေပြည်သူများ အသက်မွေးဝမ်းကျောင်းမှုအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းအမှတ်စဉ်(၁/၂၀၁၅)ဖွင့်ပွဲကိုစက်တင်ဘာ ၂၂ရက် နံနက် ၁၀ နာရီက မိုးကောင်းမြို့ မိုးကောင်းခန်းမ၌ ကျင်းပခဲ့သည်။

ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေသူရိန်စိန်လှက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးထံ သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။

သင်တန်းကာလ တစ်လကြာဖွင့်လှစ်မည့် အဆိုပါသင်တန်းသို့ ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။

**(၄၉၉)**

# တမူးခရိုင်တွင် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးအတွက် လှည့်ကင်း၊ ရပ်ကင်းများဖြင့် ဆောင်ရွက်

**တမူး စက်တင်ဘာ ၂၈**


စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးအတွက် စက်တင်ဘာ ၂၅ ရက် ည ၇ နာရီက တမူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးသန်းက အနီးကပ်ကြီးကြပ်ကွပ်ကဲပြီး မြို့မစခန်းမှူး ဒုရဲမှူးလှထွန်း၊ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်နေမင်းစိုးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူများအန္တရာယ်ကင်းရှင်းစွာနေထိုင်နိုင်ရေးတို့ကို ရည်ရွယ်၍ တမူး-ဟဲဇင်းလမ်းနှင့် စော်ဘွားရပ်ကွက်၊ အာရှလမ်း (မီးသတ်လမ်းဆုံ)၊ ဗိုလ်ချုပ်လမ်း (ကဘော်ချိုင့်ဝှမ်းဆိုင်းဘုတ်)၊ တို့တွင် လှည့်ကင်း၊ ရပ်ကင်းများဆောင်ရွက်ခဲ့ကြပြီး ပညာပေးခြင်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**









# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်



**မိုင်းဖြတ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင်း တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ ပိုင်နိုင်စွာဖြင့် မောင်းနှင်ပြင်ဆင်နိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်၊ နံနက် ၉ နာရီက၊ နမ့်ကုန်းကျေးရွာအုပ်စု၊ ဟောင်ဟင်ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်နယ်ဦးစီးမှူး ဦးကိုကိုလေးမှ သင်တန်းကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မိုင်းဖြတ်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနစက်မှုလယ်ယာစခန်း (ခွဲ) တာဝန်ခံ ဦးပေါလုက စက်ကိရိယာများဖြင့် စက်မောင်းနှင်ထိန်းသိမ်းမှု လက်တွေ့သရုပ်ပြသခဲ့သည်။

ယင်းအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းတွင် တက်ရောက်ကြမည့် ကျေးရွာငါးရွာမှ သင်တန်းသား ၃၀ တို့ တက်ရောက်ကြသည်။

သင်တန်းကာလမှာ စက်တင်ဘာ၂၆ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**သန်းထွန်းအေး(Iprd)**

## သတင်းတို

### မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆိုဂုဏ်ပြုလှုပ်ရှားမှုများ

**ဟသ်ာတ**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် စက်တင်ဘာ ပထမပတ်က ဟသ်ာတမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၂၄ ဦး စုပေါင်း သွေးလှူဒါန်းခဲ့ကြသည်။ စုပေါင်းသွေးလှူဒါန်းပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသိန်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးဝင်းနှင့် အမှတ် ၈၄ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ဝင်းတို့က သွားရောက်အားပေးကြည့်ရှုခဲ့ကြပြီး သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဖြိုးသူအောင်(ရောဂါဗေဒ အထူးကုဆရာဝန်)နှင့်အဖွဲ့က ရဲတပ်ဖွဲ့ဝင်များအား သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ခြင်းနှင့်သွေးထုတ်ယူခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

**လှည်းကူး**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့သည် (၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် အကြိုလုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လှည်းကူးမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ရွှေနှင့် ရဲမှူးမောင်မောင်ဦးတို့ ဦးစီး၍ တပ်ဖွဲ့ဝင်နှင့် မိသားစုအင်အား ၇၅ ဦးတို့သည် စက်တင်ဘာ ၂၇ရက် နံနက် ၇နာရီမှ ၉ နာရီအထိ နိဗ္ဗာန်ဆိပ်ဦးကျောင်းဝင်းအတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများကို တူးဖော်ရှင်းလင်းခြင်းများ အကြိုလုပ်အားပေးခဲ့ကြကြောင်း သိရသည်။

**သန်းဝင်း**

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ စတုတ္ထပတ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွင်းကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဦးမူနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဟန်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များစုပေါင်း၍ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# စက်ချုပ်သင်တန်းဆင်းပွဲ မိုင်းယောင်းမြို့နယ်၌ကျင်းပ

**မိုင်းယောင်း စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကို ဝမ်ဘိုးအုပ်စု နားဖမ်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဆက်လက်ပြီး အဆိုပါ စက်ချုပ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသူများကို ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၂၂ ရက်ထိ ဖွင့်လှစ်ပေးခဲ့ပြီး မိုင်းယောင်းမြို့နယ်ရှိ ဝမ်ဘိုး၊ နားဖမ်း၊ ဖားကျောက်၊ နော့ဟန်နှင့် ဝမ်ပုံကျေးရွာများက သင်တန်းသူ ၅၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မြို့မဈေးအတွင်းကွန်ကရစ်လမ်းများခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုပြီးစီး

**ကျုံပျော် စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြို့မဈေးအတွင်း အများပြည်သူများ အဆင်ပြေစွာ ရောင်းဝယ်သွားလာနိုင်ရန် စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်လမ်းများဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါပြီးစီး၍ ဖြတ်သန်းသွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဈေးအတွင်း ရောင်းဝယ်သူတစ်ဦးက "အရင်က ကတ္တရာလမ်းတွေ ဆိုတော့ တချို့ပေါက်ပြဲတဲ့နေရာတွေမှာ ရေဝပ်တာကြောင့် ရှောင်တိမ်းသွားလာပြီး အသုံးပြုရပါတယ်။ အခုလို ကွန်ကရစ်လမ်းခင်းလိုက်တော့ ဈေးရောင်း၊ ဈေးဝယ်တွေအတွက် ပိုပြီးတော့ အဆင်ပြေပါတယ်" ဟု ဆိုသည်။

အဆိုပါဈေးတွင်းလမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၂၇၀ ပေ အကျယ် ၁၂ ပေ လမ်းတစ်ခု၊ အရှည်ပေ ၇၀၀ အကျယ်၃ ပေ လမ်းတစ်ခု၊ အရှည်ပေ ၈၀၀ အကျယ် ၈ ပေလမ်း တစ်ခုဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းကုန်ကျငွေ ၅၄ ဒသမ ၇ သိန်းဖြစ်ကြောင်း သိရသည်။


**နေဝင်းမြင့်(ပြန်/ဆက်)**

POPULAR STAR TRAVEL & SERVICES
ဗုဒ္ဓဂယာ ခရီးစဉ်
သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊ နယူးဒေလီ၊ တာ့ဂျ်မဟာ
စရန်ငွေ ၁ သိန်း + ၇၅၀ ဒေါ်လာ
Promotion - ၇၀၀၀၀ ကျပ်လျှော့
ခရီးစဉ်ရက်
အောက်တိုဘာ ၂၆ (ပြည့်)၊ ဒီဇင်ဘာ ၂ (ပြည့်)၊ ဇန်နဝါရီ ၂၇ (ပြည့်)၊ ဖေဖော်ဝါရီ ၁၀၊ ၂၄၊ မတ် ၂၊ ၁၆။
တောင်ကြီး၊ အင်းလေး
သီတင်းကျွတ်အထူး Oct - 28 - ၁.၆ သိန်း
ပြင်ဦးလွင်ခရီးစဉ်
တန်ဆောင်တိုင်အထူး Nov - 25 - ၁.၅ သိန်း
* ၄ည၊ ၅ရက် ခရီးစဉ်ပြိမ်း Packages
* Scania Bus, 3Stars Hotel, Restaurant
* ၅ ဦး ၅၀ % လျှော့၊ ၁၀ ဦး ၁ ဦး အခမဲ့
အမှတ်(၇၄)ပထမထပ်၊ နံ့သာလမ်းဌာနရပ်ကွက်၊ အလုံမြို့နယ်။ ၀၁ ၂၃၀၁၈၆၆၊ ၀၉-၅၁ ၉၉၁၃၄၊ ၀၉-၇၈၆၅၁၆၅၂၀၊ ၀၉-၇၈၅၀၂၂၄၅၂

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တာ့ဂျ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 850 USD + ၅၀၀၀ဝိ/-
သံဝေဇနီယ (၄)ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 750 USD + ၅၀၀၀ဝိ/-
အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀ဝိ/- လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂- ည အိပ် တည်းခိုပြီး၊ အနှောင့်အယှက်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)
(၁၅)ရက်ခရီးစဉ်များ - အောက်တိုဘာ ၄၊ ၁၈ နှင့် ၂၅ (သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀)၊ နိုဝင်ဘာ ၈၊ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ - နိုဝင်ဘာ ၁၅၊ ဖေဖော်ဝါရီ ၇၊ ဧပြီ ၁၀။
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၁၀၃)၊ တတိယထပ်၊ ဓါတ်လှေကားအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ပြေစေတီလမ်း၊ စမ်းချောင်း။
ဖုန်း: - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
မဖြိုးဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173
မန္တလေးရုံးခွဲ-(I-6)၊ ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၀×၃၂ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း:- 09 402 64 8989, 09 5300305

KMD Computer Centre
Microsoft Official Learning Partner
Microsoft အသိအမှတ်ပြု Network Engineering သင်တန်း နှင့် Software Engineering သင်တန်း
• ကွန်ပျူတာအခြေခံရှိသူတိုင်းတက်ရောက်နိုင်ပါသည်။
• သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်သင်တန်းတက်ရောက်နိုင်ပါသည်။
• အမှန်တကယ်လုပ်ငန်းခွင်ဝင်နိုင်ပါမည်။
သင်တန်း(၁)ခုတက်ရောက်ရုံဖြင့် Certificate (၂)ခုရရှိမည့် သင်တန်းများဖြစ်သည်။
Network Engineering တန်းခွဲသစ်များ
4 - OCT - 2015 7:00am - 10:00am (Sat & Sun)
12 - OCT - 2015 12:20pm - 3:00pm (Mon to Fri)
30 - OCT - 2015 9:40am - 12:20pm (Mon to fri)
Software Engineering တန်းခွဲသစ်များ
5 - OCT - 2015 11:30am - 2:30pm (Mon to fri)
29 - OCT - 2015 7:00am - 10:00am (Sat & Sun)
၁၇၄-၁၈၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၃၈၁၀၁၃၅၊ ၃၉၁၂၈၆၊ ၃၈၁၇၇၆။
၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း - ၅၂၇၄၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃။

ဒေါက်တာဇော်ဝင်းသိန်း (ရွှေတံဆိပ်ဆုရှင်-လန်ဒန်) (ရွှေတံဆိပ်ဆုရှင်-CPA)
Doctor of Business Administration (UK), MBA, MCMI, MCSI, FCMA, CGMA, FABE, FCCA, CPA (Aust.)
ACCA (UK) (F1, F2, F3)
တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ အတွက်
LCCI (UK)
(စာရင်းကိုင် Level 1 & 2 သင်တန်းများ)
For April 2016 Exams
Enroll Now! 6 Oct 2015 စမည်
ZAW BUSINESS SCHOOL
☎: 299288, 📱: 0950-13589, 📱: 0950-74974
၅၆ (ပ ထပ်)၊ ရေကျော်လမ်း၊ (ရွှေဘုန်းပွင့်စေတီတော်အနီး)၊ ပုဇွန်တောင်။



# တက္ကာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဖြူးနှင့် ထန်းတပင်မြို့များ အသိမ်းခံရသည်။

၂၇ ရက်နေ့၌ ပုသိမ်မြို့တွင်း ဝင်၍ အချို့ရပ်ကွက်များကို သိမ်းကြသည်။

ကြောက်မက်ဖွယ်အကောင်းဆုံး သတင်းကား တောင်ငူဘက်မှ လာသည်။ တောင်ငူမှ ကေအင်ဒီအိုတို့သည် ကရင်ရိုင်ဖယ် အမှတ်(၁)စစ်တပ်နှင့် ပေါင်း၍ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် တောင်ငူကို သိမ်းလိုက်ကြ၏။ တောင်ငူမှ တစ်ဖန် ပဲခူးကို သိမ်းရန်ဆင်းလာကြပြီ ဆို၏။

ဤသတင်းမျိုးစုံကြောင့် တက္ကသိုလ်နယ်မြေတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေ၏။ စာသင်တန်းများရှိသော်လည်း ကျောင်းသား ကျောင်းသူအများက မတက်ကြ။ နေရပ်ပြန်ရန် ပြင်သူတို့က ပြင်နေကြသည်။ ဘာလုပ်ရမှန်းမသိသောကြောင့် ဟိုစုံစမ်း သည်စုံစမ်းနှင့် ဗျာများသူတို့က များနေကြသည်။

သက်ခိုင်တို့တစ်စုမှာလည်း အထူးအလုပ်များနေကြသည်။

တော်လှန်ရေးအချိန်က ဗိုလ်အဆင့်အတန်းနှင့် တိုက်ခိုက်ခဲ့ကြသော ကျောင်းသားကြီးများက စစ်ဌာနချုပ်မှ ပုဂ္ဂိုလ်ကြီးနှင့် အဆက်အသွယ်ရရန် ကြိုးစားကြ၏။

သက်ခိုင်ကဲ့သို့ တပ်မတော်၏အန္တယ်ဖြစ်သော ကျောင်းသားများကလည်း နီးစပ်ရာ ဗိုလ်မှူး ဗိုလ်မှူးကြီး စသည်တို့ထံ ချဉ်းကပ်ကြ၍ အခြေအနေအရပ်ရပ်ကို တင်ပြကြသည်။ ဆွေးနွေးကြသည်၊ အကြံဉာဏ်တောင်းကြသည်။

သို့ရာတွင် အားလုံးသည် လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်းလုပ်ကြရ၏။

သက်ခိုင်တို့နည်းတူ အလုပ်များနေကြသူများလည်း ရှိကြသေး၏။

ဇန်နဝါရီလ ၂၇ ရက်နေ့၌ သက်ခိုင်သည် မင်္ဂလာဒုံရှိ အစ်ကိုဝမ်းကွဲ ဗိုလ်မှူးတစ်ဦးအိမ်မှ ညအတော်နက်မှ ပြန်လာခဲ့သည်။ သူ့အခန်းသူ ပြန်ရောက်၍ မကြာမီမှာပင် ယုမောင် ပေါ်လာ၏။

"သက်ခိုင်. . . မင့်အခန်း ငါ လာတာ သုံးခေါက်လောက်ရှိပြီ၊ မတွေ့ဘူး၊ မင်းညတိုင်းလိုပဲ မိုးချုပ်မှ ပြန်ပြန်လာတယ်၊ ဘယ်သွားနေတာလဲ"

သက်ခိုင်က ပေ့ါပေ့ါဆဆ အမူအရာနှင့် ဖြေ၏။

"မမနွယ်တို့အိမ်ကပေါ့၊ တခြား ငါ ဘယ်သွားစရာရှိလို့လဲ"

"တိုင်းပြည်ကြီး မီးလောင်နေတုန်း. . . မင်းတို့ မောင်နှမက ပီယာနိုတီးပြီး သီချင်းဆိုကောင်းနေကြတာပေ့ါ . . ဟုတ်လား"

သက်ခိုင်က အဖြေမပေးဘဲ ငြိမ်နေ၏။

ယုမောင်သည် ကုလားထိုင်၌ ဝင်ထိုင်လိုက်ပြီး အရေးကြီးသော အမူအရာနှင့် လေသံတိုး၍ ပြော၏။

"သက်ခိုင်. . . ငါ လျှို့လျှို့ဝှက်ဝှက် ပြောစရာတစ်ခုရှိတယ်၊ နောင်မှ ငါ မပြောဘူးလို့ မင်းအပြစ်မတင်နဲ့"

"ပြောပါ သူငယ်ချင်းရယ်၊ ငါ နှုတ်လုံပ့ါမယ်"

ယုမောင်သည် သက်ခိုင်၏ မျက်လုံးများကို စူးစမ်းသယောင် တစ်ချက် ကြည့်သည်။ သက်ခိုင်က အေးချမ်းစွာပင် သူ့ကို ပြန်ကြည့်၏။

ယုမောင်က သင်ပြင်းတစ်လုံး ချလိုက်ပြီး ပြော၏။

"ငါ အစက ပြောခဲ့တာကို မင်းယုံဘူး၊ အခုတော့ မြင်ပြီလား၊ ဒီတက္ကသိုလ်ကြီးလည်း ပိတ်ရတော့မှာပဲ၊ ဒီတိုင်းပြည်ကြီးလည်း ပျက်တော့မှာပဲ"

"ထားပါတော့လေ၊ ဒီတော့ ငါက ဘာလုပ်ရမလဲ"

"တို့ ပြည်ကို ပြန်ကြရအောင် သူငယ်ချင်း၊ အေးလေ. . ငါကတော့ ပြန်ဖို့ ပြင်ဆင်ပြီးပြီ၊ မင်းကိုလည်း လိုက်ခဲ့စေချင်တယ်၊ တတ်နိုင်ရင် ငါ မောင်ရှိန်တို့. . . တင်မောင်စိုးတို့၊ အေးဝင်းတို့ကိုပါခေါ်သွားချင်တယ်"

"မင်းက ဘာလို့ တို့ကို ခေါ်သွားချင်ရတာလဲ"

ယုမောင်သည် ဒေါသနှင့် ဝမ်းနည်းမှုရောသော မျက်လုံးများနှင့် သက်ခိုင်ကို ကြည့်သည်။

"မင်းက ငါ့ကို ဘာလို့ မေးခွန်းတွေချည်း ထုတ်နေရတာလဲ သက်ခိုင်၊ အခုတစ်လော. . မင်း ငါ့အပေါ် နည်းနည်းစိမ်းစိမ်းကားကား နိုင်နေတယ်"

သက်ခိုင်ကလည်း ဝမ်းနည်းသွားမိ၏။ ထို့ကြောင့် လေသံကို ချိုသာစွာထားပြီး ပြောသည်။

"မင်း ထင်တာပဲ ဖြစ်ပါလိမ့်မယ် သူငယ်ချင်းရယ်၊ ဒီတက္ကသိုလ် တစ်ခုလုံးမှာ မင်းဟာ ငါ့ရဲ့ တစ်ဦးတည်းသော ငယ်သူငယ်ချင်းပဲ၊ တို့နှစ်ယောက်နိုင်ငံရေးအမြင်ချင်း မတူဘူး၊ ဒါပေမဲ့ မင်းက ငါ့ကို ချစ်သလို၊ ငါကလည်း မင်းကို ချစ်ပါတယ် သူငယ်ချင်း၊ ဒီစကားကို မင်း ယုံပါကွာ"

ယုမောင်သည် ခေတ္တတွေသွား၏။ ထို့နောက် ခံ့ညားစွာပြုံးလိုက်ပြီး ခံ့ညားလှသော စကားကို ခံ့ညားစွာ ပင်ဆိုသည်။

"အေး. . . မင်းကို ငါ ယုံတယ်၊ ယုံလို့ပဲ ပြောတော့မယ်၊ တို့တွေ တစ်ပြည်လုံးကို သိမ်းတော့မယ်"

သက်ခိုင် မျက်လုံးပြူးသွားသည်။ သူ့နားကိုသူ မယုံမိ။ ယုမောင်၏ စကားကလည်း ယုံနိုင်စရာ မရှိ။

"ဘယ်လိုကွ၊ မင်းတို့က တစ်ပြည်လုံးကို သိမ်းတော့မယ်၊ မင်းတို့ဆိုတာ ဘယ်သူတွေလဲ"

ယုမောင်က ကြွားဝင့်စွာ ပြုံးပြီးဖြေ၏။

"တို့ ဆိုတာက တို့ရဲဘော်ဖြူတွေရယ်၊ တော်လှန်နေသော ဗမာ့တပ်မတော်တွေဟာ တစ်နိုင်ငံလုံးမှာ အင်အားကြီးမားဆုံးပဲ၊ စုစုပေါင်း ၇ သိန်းရှိတယ် သူငယ်ချင်း၊ တော်လှန်နေသော ဗမာ့တပ်မတော်နဲ့ ဗမာပြည် ကွန်မြူနစ်ပါတီနဲ့လည်း တို့ နားလည်မှု ရထားပြီ၊ မင်း အစိုးရက ဘယ်လောက်အင်အားရှိလို့လဲ၊ တိုင်းပြည်ကို ကေအင်ဒီအိုရန်ကတောင် အကာအကွယ်ပေးနိုင်လို့လား"

သက်ခိုင် ငိုင်သွား၏။ အရေးအတွက်နှင့် အခြေအနေမှန်မှာ ယုမောင်ပြောသည့်အတိုင်းပင် ဖြစ်၏။

သက်ခိုင် ငိုင်နေသည်ကို သဘောကျသွား၍ အခွင့်အရေးကို မြင်သွားသည့်အလား ယုမောင်သည် တစ်စုံတစ်ခုကို ကုတ်အင်္ကျီအိတ်တွင်းမှ ဆွဲထုတ်လိုက်ပြီး စားပွဲပေါ်၌ တင်ပြလိုက်၏။

အေးစက်မာကျော၍ နက်ပြောင်နေသော ပစ္စတိုသေနတ်တစ်လက်ဖြစ်၏။

ယုမောင်က သူ၏ ရုတ်တရက် စိတ္တဇသေနင်ဗျူဟာသည် သက်ခိုင်အပေါ် မည်မျှ လွှမ်းသွားသနည်းဟု စူးစမ်းကြည့်နေသည်။

သက်ခိုင်ကမူ မတုန်မလှုပ်နှင့် သေနတ်ကို ငေးကြည့်နေ၏။ အတန်ကြာမှ အေးချမ်းစွာပင် မေးသည်။

"ဒီသေနတ်ကို မင်း ဘယ်ကရသလဲ ယုမောင်"

ယုမောင်က ရယ်သည်။

"ဟဲ ဟဲ. . . အဲဒါကို ပြောပြနေတာပေ့ါ၊ ဒီမှာကွ၊ ဒီအစိုးရဟာ ရန်ကုန်အစိုးရပါ၊ ငါ ဒီသေနတ် ဘယ်ကရလာသလဲ မေးမနေနဲ့၊ ပဲခူးရယ်. . ဒလရယ်. . လှိုင်မြစ်တစ်လျှောက်ရယ်မှာ တို့တပ်တွေချည်းပဲ"

သက်ခိုင်က မရယ် မပြုံးဘဲ တည်တည်ကြီး မေးသည်။

"ယုမောင်. . ကျောင်းသားလက်ဟာ သေနတ်နဲ့ ကျည်ဆန်ကိုင်ဖို့ မဟုတ်ဘူး၊ ဖောင်တိန်နဲ့စာအုပ်သာ ကိုင်ဖို့၊ မင်းတို့က အခု သေနတ်ကိုင်နေပြီလား"

"အေး . . ကိုင်နေတယ်၊ ကိုင်နေလို့လည်း မင်းအခု မြင်ရတာပေ့ါ၊ တို့ချည်းပဲ ကိုင်နေတာ မဟုတ်ဘူး၊ ဆိုရှယ်လစ်ပါတီက ရွှေလှအောင်ကို သိတယ် မဟုတ်လား၊ ရွှေလှအောင်တို့ကလည်း လူစုပြီး သေနတ်လိုက်ပေးနေတယ်၊ ကေအင်ဒီအိုနဲ့ ဆက်ထားတဲ့ ဟိုကျောင်းသားတွေကတော့ မပြောနဲ့"

သက်ခိုင်သည် သူ့ထုံးစံအတိုင်း မျက်မှောင်ကြုတ်၍ ယုမောင်ကိုကြည့်၏။

"ဒီလိုဆိုတော့ မင်းတို့အားလုံးဟာ ကျောင်းသားတွေကို သေခိုင်းမလို့ပေ့ါလေ၊ ငါတော့ အဓိပ္ပာယ်မဲ့ မသေစေချင်ဘူး ယုမောင်၊ ကျန်တဲ့ ကျောင်းသားတွေကိုလည်း မသေစေချင်ဘူး၊ အေး. . . တိုင်းပြည်အတွက် သေထိုက်တဲ့ အချိန်မှာတော့ အသေခံကြရမှာပေ့ါ၊ ခုလို မင်းက ငါ့ကို ယုံယုံကြည်ကြည် လာပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မင်းကိုလည်း ငါယုံယုံကြည်ကြည်နဲ့ပဲ ဖြေလိုက်ပ့ါမယ်၊ ငါ ပြည်ကို ပြန်မလိုက်ဘူး၊ မင်းတို့က တစ်ပြည်လုံး သိမ်းတော့မယ်. . . ဟုတ်လား၊ အေး. . . တို့ကလည်း တစ်ပြည်လုံးကို ကာကွယ်ဖို့ဆုံးဖြတ်ပြီးပြီ"

သက်ခိုင်သည် ခုတင်ပေါ်၌ ထိုင်နေရာမှ ထလိုက်၏။ ယုမောင်က သူ့သေနတ်ကို ကောက်ကိုင်လိုက်၏။

သက်ခိုင်သည် နံရံပေါ်မှ တယောကို ဖြုတ်ယူသည်။ သေနတ်ကိုင်ထားသော ယုမောင်ဘက် လှည့်လိုက်ပြီး ဆို၏။

"ယုမောင်ရေ. . မင်း သေနတ်ကို ပြန်ဝှက်ထားလိုက်ပါ၊ အခန်းပြန်ပြီး မယ်ဒလင် ယူကွာ၊ တို့ သီချင်းလျှောက်တီးရအောင်"

သူ့ထုံးစံအတိုင်းပင် ယုမောင်က ဆဲသည်။

". . . " ငါ့ဝတ္တရားကုန်ပြီ၊ ရောမမြို့ကြီး မီးလောင်နေတုန်း စောင်းမတီးချင်ပါဘူး၊ ဒါပါပဲ သက်ခိုင်၊ ငါ ပြန်တော့မယ်"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


မြန်မာကျော်ရင်းနီးမြှုပ်နှံမှုအဖွဲ့ ကုမ္ပဏီလီမိတက်မှ
အောက်ဖော်ပြပါရာထူးများခန့်အပ်ရန် လျှောက်လွှာခေါ်ယူလျက်ရှိသည်

၁။ လုံခြုံရေးဌာန ဒုဌာနမှူး (၁) ဦး
အဆင့်မြင့်စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။ စစ်မှုထမ်း၊ ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။ လုံခြုံရေးအတွေ့အကြုံရှိရမည်။ အသက် (၅၀) နှစ်အောက်ဖြစ်ရမည်။ အခြေခံလစာ (၅၅၀၀၀၀)

၂။ လုံခြုံရေးဌာန ခွဲမှူး (၂) ဦး
အလယ်အလတ်အဆင့် စီမံခန့်ခွဲတတ်သူဖြစ်ရမည်။ စစ်မှုထမ်း၊ ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။ လုံခြုံရေးအတွေ့အကြုံရှိရမည်။ အသက် (၄၀) နှစ်အောက်ဖြစ်ရမည်။ အခြေခံလစာ (၅၀၀၀၀၀)

၃။ လုံခြုံရေးဌာန အုပ်စုမှူး (၂) ဦး
လုံခြုံရေးအတွေ့အကြုံရှိရမည်။ စစ်မှုထမ်း၊ ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။ အသက် (၄၀) နှစ်အောက်ဖြစ်ရမည်။ အခြေခံလစာ (၄၅၀၀၀၀)

၄။ လုံခြုံရေးဌာန လုံခြုံရေးဝန်ထမ်းများ
အသက် (၃၀) နှစ်အောက်ဖြစ်ရမည်။ အရပ် ၅ ပေ ၃ လက်မအထက်ရှိရမည်။ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။ စစ်မှုထမ်း၊ ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။ နေစရိတ်၊ စားစရိတ် (ငြိမ်း) ပေးမည်။ အခြေခံလစာ (၂၀၀၀၀၀)

အမှတ် (၁ မှ ၃) အထိ ကြော်ငြာပါသည့် ရက်မှစ၍ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ အမှတ် (၄) ရာထူးအတွက် အချိန်မရွေး လာရောက်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသူများသည် CV Form (၁) စုံ၊ လက်ရှိရိုက်ကူးထားသော လိုင်စင် ဓာတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဆေးစစ်ချက်လက်မှတ်တို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ် (၉၈)၊ ဗဟိုလမ်းနှင့် မာလာမြိုင် (၇) လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန် မြို့။ ဖုန်း - ၀၉ ၄၂၈၁၈၂၆၁၀၊ ၀၉ ၉၇၄၇၃၇၆၈၀။



ကိုကျော်စိုး

ရန်ကုန်မြို့တွင်း မြေကြီးအပိုရှိသည်
မြေကြီးလိုအပ်သူများဆက်သွယ်ပါရန်
ဖုန်း-၀၉-၂၀၁၀၀၁၆၊ ၀၉-၅၆၅၀၁၀၇၊
၀၉-၁၀၁၆၈၈၈၈



PATHLAB
Excellence in Healthcare SINCE 1952
25% Discount
for medical health check up
Care about your family Care about your health



Medical Health Check Profile A
ကျန်းမာရေးစစ်ဆေးမှုပုံစံ (က)
Blood Test (8 Tests) (သွေးစစ်ခြင်း)
Physical Examination (ဝမ်းသပ်စစ်ဆေးခြင်း)
ECG (အီးစီဂျီ)
~~32,800 Ks~~ 24,500 Ks
25% Discount

Medical Health Check Profile B
ကျန်းမာရေးစစ်ဆေးမှုပုံစံ (ခ)
Blood Test (29 Tests) (သွေးစစ်ခြင်း)
Physical Examination (ဝမ်းသပ်စစ်ဆေးခြင်း)
ECG (အီးစီဂျီ)
~~64,500 Ks~~ 49,000 Ks
25% Discount

Medical Health Check Profile C
ကျန်းမာရေးစစ်ဆေးမှုပုံစံ (ဂ)
Blood Test (36 Tests) (သွေးစစ်ခြင်း)
Physical Examination (ဝမ်းသပ်စစ်ဆေးခြင်း)
ECG (အီးစီဂျီ)
~~91,800 Ks~~ 69,000 Ks
25% Discount

သင့်မိသားစုအား ဂရုစိုက်သကဲ့သို့ သင့် ကျန်းမာရေးကို ဂရုစိုက်သင့်ပါသည်။
ကျန်းမာရေးစစ်ဆေးရန် ယခုပင် ဆက်သွယ်လိုက်ပါ။
Visit us today For Your Medical Checkup
Expiry : 31.10.2015

Digital X Ray
~~12,000 Ks~~ 9,000 Ks

အမှတ် ၁၆၈/A၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ Market Place ဈေးကြီးထိုး မိုးညှင်းဝိပဿနာရေ့ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
No. 168(A), Dhama Zedi Road,North Shwe Gone Dine Ward, Bahan Township, 11201 Yangon, Myanmar.
Ph : (+95) 9420010788, 9420010789, 9420100178

# ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတချို့ ဆေးဝါးကုသမှု အခက်တွေ့

**ကော့သောင်း စက်တင်ဘာ ၂၈**

အလုပ်ရှင်တချို့မှ ကျန်းမာရေးအာမခံကတ် သို့မဟုတ် (ပကန်စန်ခဲ့)ခေါ် လူမှုဖူလုံရေးကတ် ဝယ်ယူခွင့်မပြုမှုကြောင့် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားတချို့ ဆေးဝါးကုသမှု အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်းသိရသည်။

စက်တင်ဘာ ၂၀ ရက်က ပြုလုပ်သည့် ရွှေ့ပြောင်းအလုပ်သမား ကျန်းမာရေးအာမခံ နှီးနှောဖလှယ်ပွဲတွင် Migrant Working Group Coordinator မစ္စတာအာဒိစွန်ကုတ်မုံခွန်က ကျန်းမာရေးကတ် ဝယ်ယူခွင့်မပြုသည့် အလုပ်ရှင်များအား အရေးယူသင့်ကြောင်း၊ ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း သုံးသန်းရှိသည့်အနက် နှစ်သန်းနှစ်သိန်းမျှသာ ကျန်းမာရေးအာမခံကတ်နှင့် လူမှုဖူလုံရေးကတ်ရရှိထားပြီး ကျန်ရှစ်သိန်းမှာ ကျန်းမာရေးအာမခံကတ် မရှိသဖြင့် နာမကျန်းဖြစ်ပါက ဆေးဝါးကုသမှုခံယူရန် အခက်တွေ့နေကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အတိုင်ပင်ခံ ဒေါက်တာစုဖကစ်က အဆိုပါ ကျန်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများမှာ အထောက်အထားမပြည့်စုံသဖြင့် ကျန်းမာရေးဌာနမှ ကျန်းမာရေးအာမခံကတ် ဝယ်ယူခွင့်မပြုကြောင်း ဝယ်ယူခွင့်ပြုပါက ရလာမည့်ရန်ပုံငွေနှင့် အသုံးပြုရသည့် ဆေးကုသမှုစရိတ်မကာမိခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွှေ့ပြောင်း အလုပ်သမားတိုင်း၏ ကျန်းမာရေးအာမခံအတွက် ဌာနဆိုင်ရာ မျက်နှာစုံညီအစည်းအဝေး တစ်ရပ်ကျင်းပကာ အကျေအလည်ဆွေးနွေး အကောင်အထည်ဖော်သင့်ကြောင်း၊ တုံ့ပြန်ပြောကြားချက်များအား ထိုင်း MTF ရုပ်သံလိုင်းမှ ထုတ်လွှင့်ဖော်ပြခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့်သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# အရှိန်ဖြင့် မောင်းလာသည့် ဆိုင်ကယ် လမ်းဘေးရှိ သစ်ပင်အား တိုက်မိ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် ဗညားဒလလမ်းမပေါ်တွင် အရှိန်ပြင်းစွာမောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးက လမ်းဘေးရှိသစ်ပင်အား ဝင်ရောက်တိုက်မိ သွားသဖြင့် ဆိုင်ကယ်မောင်းနှင်သူအမျိုးသားတစ်ဦး ပြင်းထန်ဒဏ်ရာများရရှိပြီး သတိလစ်မေ့မြောသွားသည့် ဖြစ်စဉ် တစ်ခု စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီကျော်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ယင်းဖြစ်စဉ်မှာ ဖိုးဖြူလေး၊ အမှတ်(၃၈၄)သောင်ကြီးလမ်း (၇)ရပ်ကွက် လှိုင်သာယာမြို့နယ် နေသူသည် အရှေ့မှအနောက်သို့ ဂျက်ငါးရိုး (၁၂၅)ဖြူ/ပြာအရောင် ဆိုင်ကယ်ကို ဗညားဒလလမ်းမအတိုင်း ဦးတည်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ကုက္ကိုပင်အားပြင်းထန်စွာ ဝင်ရောက်တိုက်မိသွားခဲ့သည်။

အဆိုပါဆိုင်ကယ် တိမ်းမှောက်သွားခဲ့ခြင်းကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဖိုးဖြူလေးသည် ဆိုင်ကယ်ပေါ်မှ လွင့်စဉ်ကျသွားခဲ့ရခြင်းကြောင့် မျက်နှာပွန်းပဲ့၊ နားသွေးထွက်ဒဏ်ရာများဖြင့် သတိလစ်မေ့မြောသွားခဲ့သည်ကို တာဝန်ရှိသူများနှင့် ပတ်ဝန်းကျင်နေပြည်သူများက အင်းစိန်ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပို့အပ်ပေးခဲ့ပြီး အမှတ်(၁၄)ယာဉ်ထိန်းတပ်ဖွဲ့စုမှ တာဝန်ယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# တာချီလိတ်မြို့ပေါ်ရှိ လမ်းဆုံ ၂၁ နေရာတွင် မှန်ဘီလူးခုံးများ လိုက်လံတပ်ဆင်

**တာချီလိတ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းစေရေး၊ ယာဉ်စည်းကမ်းလိုက်နာစေရေးတို့အတွက် မှန်ဘီလူးခုံးများကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက လိုက်လံတပ်ဆင်ခဲ့ကြောင်း သိရသည်။

ယင်းသို့တပ်ဆင်ရာတွင် ပြည်သူလူထု၊ ကျောင်းသားကျောင်းသူများ အဝင်၊ အထွက်၊ အသွားအလာများသည့် ဂေါက်ကွင်းလမ်းဆုံ၊ မြို့ရှောင်လမ်းရှိ ကြက်ခြေနီရုံးထောင့်၊ ဆန်ဆိုင်း၊ မကာဟိုခမ်း၊ ဟောင်လိတ်အခြေခံပညာအထက်တန်းကျောင်းများ၊ ရန်အောင်မြေဘုန်းကြီးကျောင်းအနီး၊ ကားလေးကွင်းရှေ့၊ မြတ်လေး၊ ခတ္တာ၊ ဆန်ဆိုင်းဈေး၊ ပုံလို့၊ မိုးသောက်ကြယ်၊ ပါလျှံ(၃)ဈေး၊ ပုန်းထွန်အတက်၊ ဘုရင်နောင်ဈေး၊ ရွှေတိဂုံဘုရားစသည့် အဆင်းလမ်းဆုံ စုစုပေါင်း ၂၁ နေရာတွင် Liquid မှန်ဘီလူးခုံးများကို လိုက်လံတပ်ဆင်ခဲ့သည်။

အဆိုပါ Liquid မှန်ဘီလူးခုံးများကို ၂၁ နေရာအတွက်တပ်ဆင်ခြင်း ကုန်ကျစရိတ်သည် စုစုပေါင်းကျပ် ၄၀၉၅၀၀၀ ခန့် ကုန်ကျခဲ့ပြီး ၎င်းကုန်ငွေများအား ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အထူးစီမံဒဏ်ငွေရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲခြင်းဖြစ်ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**



# ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ဘုတ်ပြင်း စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် Township Sports Development Progamme အရ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘော်လီဘော ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအား စက်တင်ဘာ တတိယပတ်က မြို့နယ်အားကစားခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အစီအစဉ်အရ ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးအသင်းနှင့် ၁၈/၁၀၀ အသင်းတို့ ယှဉ်ပြိုင်ကြရာ ပညာရေးအသင်းမှ အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အစီအစဉ်အား ဆက်လက်ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရအသင်းများအားဆုများချီးမြှင့်ခဲ့သည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

Access Cherry Travels & Tours
သီတင်းကျွတ်အားလပ်ရက် ဗီယက်နမ် ခရီးစဉ်
(4N / 5D) Oct - 27
SAIGON - HANOI - HALONG
USD 800
ကျိုက်ထီးရိုး Oct -3 27,000
ပြည် (အကောက်တောင်) Oct - 10 30,000
ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Oct - 27 90,000
Ph : 01-400547, 09-963260567, 963015994, 43053066

ပြောင်စင်းလှပစိတ်တိုင်းကျရမည်...
ဒလ္လာရီ
အထူးဆံပင်ဖြောင့်ဆိုင်
Ph: 09-73048685
■ ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
■ ဗယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ

မြင့်မြတ်
အမှတ်တံဆိပ်
အမွှေးပြေဆောက်ဆေး
ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအားနည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
TMR 011342 (0118)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

မျက်မှောက်ခေတ် နိုင်ငံ့ရေးရာများအပေါ် မကွယ်မထောက် ဒိုးဒိုးဒေါက်ဒေါက်ရေးသော ဘာစီ၏ နဂိုရေးနေကျဟန်မှ ခွဲ၍ အယ်ဒီတာ့ထံ ပေးစာဟန်ဖြင့် ပုံတင်သံဂျာနယ်တွင် ရေးသော
ပြောင်ပြောင်ကြောတဲ့ ဖြတ်ဖြတ်သားသား ဖြင်းဖြင်းထန်ထန်
ထွေချစ် မျိုးချစ် သရော်စာများ ဘစီ ရေးသည်။
အာဏာမှာ ငါတကားရယ်လို့ ပြည်သူကို အထာမထားကြတဲ့ လူကြီးမင်းများ အားလုံးအတွက် ခံရခက်စေမည့် သရော်စာများ။
တိုးမြစ်စာအုပ်တိုက်
ဖုန်း - ၀၉ ၇၃၀ ၄၅ ၂၆၄၊ ၀၉ ၇၃၁ ၄၁ ၂၆၃
ထွက်ပြီ။

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီကွက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်
UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ
ပညာရေး ဆွေးနွေးပွဲ
◆ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း။
◆ နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ။
◆ မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ။
(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင် အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။
ဟောပြောမည့်သူ ..... ဦးဝင်းထိန်ဝင်း (GUSTO International College)
နေ့ရက် ..... ၃.၁၀.၂၀၁၅ (စနေနေ့)
အချိန် ..... နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ
နေရာ ..... Sule Shangri - La Hotel (တောင်ငူခန်းမ)
လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေး (အခမဲ့) တက်ရောက်ပါရန်
Call Now : 09 789 888 222, 09 862 8806, 01 504632

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့် နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိတပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၁-၂၀၁၅ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၃-၁၂-၂၀၁၅ရက်နေ့မှ ၄-၁၂-၂၀၁၅ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁-၁-၂၀၁၆ရက်နေ့မှ ၈-၁-၂၀၁၆ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ်ပထမနှစ် (၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ် စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ **B.N.Sc (Bachelor of Nursing Science)**

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ **B.Pharm(Bachelor of Pharmacy)**

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) **B.Med.Tech (Medical Laboratory Technology)**

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) **B.Med.Tech (Physiotherapy)**

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) **B.Med.Tech (Medical Imaging Technology)**

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့(Ph.D)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(သူနာပြု/ဆေးဘက် ကျွမ်းကျင်သူ)**အဖြစ်စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုသိပ္ပံဘွဲ့သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ဃ) အနည်းဆုံးအရပ်(၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရ မည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၅ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၂-၂၀၁၅ရက်နေ့မှ ၃၀-၁၂-၂၀၁၅ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၈-၁-၂၀၁၆ရက်နေ့မှ ၁၅-၁-၂၀၁၆ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက် ပညာတက္ကသိုလ်တွင် (၄)နှစ်တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့(Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့ (Master of Nursing Science)**နှင့် **သူနာပြုပါရဂူဘွဲ့ (Ph.D Nursing)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြုအမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(သူနာပြု)**အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ ။အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၆ရက်တွင် အသက် (၁၆) နှစ်ပြည့်ပြီး (၁၉)နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၅ရက်မှစတင်၍ အခမဲ့ရယူပြီး ၄-၁၂-၂၀၁၅ရက်မှ ၁၂-၁၂-၂၀၁၅ ရက်အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ (မူရင်း)။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ စစ်ဆေးခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို (၂)နှစ်ကြာသင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀၀ိ/-ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ် သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက်(၂)နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။ ။ နှစ်တိုးလစာကို (၂)နှစ်လျှင် ၂၀၀၀ိ/-နှုန်းဖြင့် ၁၀၀၀၀ိ/-အထိ ခံစားခွင့်ရှိသည်။**

၇။ တာဝန်ထမ်းဆောင်စဉ် အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် (၆)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် (၈)နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများတွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ကြော်ငြာ

**ခေတ်ရွှေဆောင်** ၀၉ ၄၄၉၂၅၂၀၁၅၃၊ ၀၉ ၇၃၀၅၃၁၁၅၂၊ ၀၁-၅၃၁၇၅၃၊ ၀၉ ၇၃၀၃၃၆၅၆
Smile မိတ္တူဆိုင်- သရက်တော(၄)လမ်းထိပ် ကြည့်မြင်တိုင် Oct 27, Nov 25, Dec 24

**ဝယ်လိုပါသည်**
ဒဂုံ၊ မြို့မကျောင်းလမ်း
Condo တွင် အခန်း
ဝယ်လိုပါသည်။
Ph: 09-5370852, 09-43107251


**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph: 09-43117680, 09-5059821

**ဟိန်း** 01-293159, 01-9000293, 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com


**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209077, 209388

**သုဓမ္မမဏိဇောတဓဇ**
**ဆရာကြီးအရဟံဆံရာအောင် (အကြားမြင်ပါရမီရှင်)**
ပညာရေး၊ စီးပွားရေး၊ အိမ်၊ ခြံ၊ မြေ၊ ကား၊ အမြန်ရောင်း၊ အချစ်ရေး၊ ကလေးအမည်ပေး၊ ပစ္စည်းပျောက်၊ လူပျောက်၊ ရာထူးတိုးတက်၊ ပြောင်းလဲ၊ တည့်မြဲရေး၊ အပူကိစ္စ၊ သားသမီးများလိမ္မာစေရန်၊ အိမ်ထောင်ရေးအထူး(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ နိုင်ငံခြားကိစ္စ၊ သဘောအလုပ်အကိုင်အထူးဆောင်ရွက်သည်။
လိပ်စာသစ် -- ဆိုင်ခန်းအမှတ်(၈) ဆူးလေဘုရားအဝိုင်း၊ အရှေ့ဘက်မုခ်အနီး၊
နေ့စဉ် -- နံနက်(၈း၀၀)နာရီမှ ညနေလည် (၁း၀၀)နာရီထိ တနင်္လာနေ့ပိတ်သည်။ (ကြိုတင်ဖုန်းဆက်တိုက်ငယူပါ)
ညနေပိုင်း-- (အိမ်) အမှတ်(၁၅)၊ အောင်ဇီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်။ ၀၅၆-၂၁၆၀၉ (အိမ်)
၀၉ - ၄၃၁၅၃၁၈၈၊ ၀၉-၅၁၁၂၁၄၆၊ ၀၉-၃၂၃၈၈၄၉၁

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်း**
လှည်းကူးမြို့၊ ပဲခူး - ရန်ကုန် လမ်းမကြီးအနီး၊ မြသိန်းတန်ဘုရားလမ်း၊ (G) ဥယျာဉ်မြေကျပြီး၊ ရေပါ၊ ဓါတ်တိုင်ကျပြီး၊
(40'x60) - 80သိန်း , 100သိန်း , 150သိန်း
PH: 09-31317560, 09-796797258

**Grade Nine English** ရှစ်တန်း အင်္ဂလိပ်စာ (သင်ရိုးကုန်)
စာအုပ်ထုတ်ဖို့ မျှော်လင့်ရင်ခုန်ထားသူများရဲ့ ဆန္ဒ ပြည့်ပါပြီ ...
စနစ်အကျဆုံး
ခေတ်အမီဆုံး
အသားနားဆုံး
အသပ်ရပ်ဆုံး
အရှင်းလင်းဆုံး
အပြည့်စုံဆုံး
အဆင့်အမြင့်ဆုံး
အထူးခြားဆုံး
အကောင်းတကာ အကောင်းဆုံး
**ဂုဏ်ထူးဦးအောင်ခိုင်**
ပြဋ္ဌာန်းချက် အစုံအလင်ကို အကုန်အစင် ရှင်းပြထား
သရုပ်ဖော်ပုံ ၇၀ နဲ့ အတူ နမူနာ မေးခွန်း ၅ စုံ ပါဝင် ...

၂၅၂ ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 3126 9756


**သရဖူမဂ္ဂဇင်းမှ ကြီးမှူးကျင်းပသော တတိယအကြိမ် CROWN COUPLE AWARD 2015 ရွေးချယ်ပွဲ**
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၂၅)ရက်နေ့ မန္တလေးမြို့ရှိ Mingalar Mandalay တွင် Crown Couple Award 2015 ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ၂၀၁၅၊ အောက်တိုဘာလထုတ် သရဖူမဂ္ဂဇင်းတွင် ပုံစံပါရှိသဖြင့် သရဖူမဂ္ဂဇင်းတိုက် ရန်ကုန်မြို့၌ လည်းကောင်း၊ မန္တလေးတိုင်းအတွက် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ကာ ယနေ့မှစတင်၍ ပြိုင်ပွဲဝင်ပုံစံရယူပြီး အောက်တိုဘာလ (၁၃)ရက်နေ့ နောက်ဆုံးထား ဖြည့်စွက်ပေးပို့နိုင်ပါသည်။
၂၀၀ (ပထမထပ်)၊ ၃၆လမ်း(အထက်)၊ ရန်ကုန်မြို့။ Ph:01-383025, 391633, 09-795334256, 09-795334257
ထိုက်ကြော်ငြာလုပ်ငန်း ၁၇လမ်း၊ ၈၉ × ၉၀လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ Ph: 09-2005572, 09-91046772
ရဲမြင့်သူ 09-202 3575, ငြိမ်း 09-97888 3955, လှကိုကို 09-797 354 137



# မွေးနေ့ဆုမွန်တောင်းလွှာ

SweSone Media Group (SMG) နှင့် International Health and Beauty Centre (IHBC) တို့၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုး၏ ၂၉-၉-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် အနာဂတ်ခရီးလမ်းတစ်လျှောက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ချစ်သောမိသားစုများ၊ ဝန်ထမ်းများနှင့်အတူ အမျိုးဘာသာ သာသနာနှင့် နိုင်ငံ့အကျိုး၊ တပေအကျိုးများစွာကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**စွယ်စုံမီဒီယာမိသားစု**



NM New Motion

**NEW MOTION** Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေလျှားသစ်လွင် ခရီးစဉ်

- ★ ဖောင်တော်ဦး ဘုရားပွဲခရီးစဉ် - Oct; 24
- ★ ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ် - Oct; 24
- ★ မန္တလေး - ပြင်ဦးလွင် ခရီးစဉ် - Oct; 24
- ★ ချောင်းသာ★ငွေဆောင်★ငပလီ ကမ်းခြေခရီးစဉ်

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811 .

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ (အဖ) ဦးနိုင်လင်းထက်၏သား အထက(၂) ဒုတိယတန်းမှ မောင်ဇွဲညီဆက်အား မောင်ဇွဲမိုးစက်ဟု ပြောင်းလဲ ခေါ်ပါရန်။
မောင်ဇွဲမိုးစက်

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**MANUFACTURING 2015**
**Myanmar**

ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်ပစ္စည်း၊ အသုံးအဆောင်ပစ္စည်း၊ ကုန်ကြမ်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာပြပွဲ

**မြန်မာနိုင်ငံ၏ အပြည့်စုံဆုံး ကုန်ထုတ်လုပ်မှုဆိုင်ရာပြပွဲကြီး**

- ကိုရီးယား၊ စင်ကာပူ၊ထိုင်းနှင့်အခြားနိုင်ငံများမှ နိုင်ငံတကာ ပြသသူစုစုကျော်နှင့် တွေ့ဆုံနိုင်မည့် အရင်းအမြစ်
- စက်ပစ္စည်းများ၊ ကိရိယာများ၊ နည်းပညာများနှင့် ဖြေရှင်းနည်းများကို ကျယ်ပြန့်စွာပြသမည့်ပြပွဲ
- တန်ဖိုးမဖြတ်နိုင်သော စီးပွားရေးအဆက်အသွယ်များကို ဖန်တီးလိုက်ပါ
- လုပ်ငန်းနယ်ပယ်အတွက် နောက်ဆုံးပေါ် တိုးတက်မှုသတင်းများကို ရယူပါ
- ဝရိန်ဆော်နည်းပညာနှင့် ပတ်သတ်သည့် ဟောပြောပွဲသို့ အခမဲ့တက်ရောက်နိုင်မည့်အခွင့်အရေး

၁၅ - ၁၇ အောက်တိုဘာ ၂၀၁၅
(ကြာသပတေး - စနေ)
Myanmar Event Park ၊ ရန်ကုန်

စီးပွားရေးလုပ်ငန်းရှင်များသာ
အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု



၂၀၁၅ အောက်တိုဘာလ ၅ရက် မတိုင်မီ **www.manufacturingmyanmar.com** တွင် online မှ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်

စီစဉ်သူ
SINGAPORE EXHIBITION SERVICES
ဆက်သွယ်စုံစမ်းရန် ဦးထက်ဝေဖော်
ဖုန်း +၉၅ ၁ ၅၁၃ ၅၁၅ - ၅၁၉
အီးမေးလ်။ events@sesallworld.com

ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများ
Ministry of Industy SMEs Development Department
Myanmar Engineering Society
MIA Myanmar Industries Association
AN ALLWORLD EXHIBITIONS EVENT

**TOYOTA SUPER PROMOTION**
**Until 30 September 2015 while stocks last**



**HILUX** Double Cab
Retail Price US$ 39,600
Special Offer US$ 36,000

**PRADO**
Retail Price US$ 113,000
Special Offer US$ 99,000

**COROLLA**
Retail Price US$ 31,000
Special Offer Comes with US$ 2,000 Fuel voucher OR Accessories package



**HILUX** Single Cab
Retail Price …00
Sold Out
US$ …9,000

**LAND CRUISER**
Retail Price US$ 178,700
Special Offer US$ 154,400

**CAMRY**
Retail Price US$ 97,900
Special Offer US$ 69,999

**Visit any of our dealers today to find out more.**
*Terms and conditions apply

**TOYOTA Aye and Sons**



Toyota Brand New Car Showroom & Service Station
Open: Mon - Sat 9 AM - 6 PM
Close: Sunday and Public Holidays
No. 87 (A), Kaba Aye Pagoda Road, Bahan Township, Shwegondine P.O 11201, Yangon
Tel: (01) 400 950, (01) 502 206
E-mail: ayensons@ttasmyanmar.com.mm

**TOYOTA MINGALAR**



Toyota Brand New Car Showroom
Open: Mon - Sun 9 AM - 6 PM
No. 6, Bayintnaung Road, Ward (2), Hlaing Township, Yangon
Tel: (01) 514940, (01) 514941
E-mail: info@mgmtoyota.com

www.toyota-myanmar.com

Together, Tomorrow, Toyota
TOYOTA

## ကြော်ငြာ

## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် တင်ဒါစာအိတ်များကို ၂၀-၁၀-၂၀၁၅ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | တည်ရှိနေရာ |
|---|---|---|---|
| (၁) | ၃/၂၀၁၅ | နှစ်ချို့စက်ဆီ၊ချောဆီ၊အမဲဆီ(၂၀၀)မျိုး | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ မနီတော၊ ရန်ကုန်မြို့ |
| (၂) | ၄/၂၀၁၅ | ပွန်တွန်းအပေါင်း(၈၀'×၁၈'×၇')<br>ပွန်တွန်းအပေါင်း(၈၀'×၂၀'×၇') | |
| (၃) | ၅/၂၀၁၅ | စီဘီတွဲအမှတ်(၁၀၇)(အပေါင်း)<br>(၈၀'×၁၅' ၆'×၇')<br>စီဘီတွဲအမှတ်(၁၁၀)(အပေါင်း)<br>(၈၀'×၁၅' ၆'×၇') | |

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ၂၉-၉-၂၀၁၅ရက်မှစတင်၍ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ မနီတောနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၁၁၄၉၂၊ ၀၆၇-၄၁၁၂၈၄၊ ၀၆၄-၄၁၁၄၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## မွန်ပြည်နယ်လမ်းဦးစီးဌာန
## မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့
## (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့်
## ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအနက်မှ အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန် တင်ဒါခေါ်ယူပါမည်။

၁။ ရန်ကုန်-မြိတ်လမ်း မိုင် ၆၅/၀-၆၈/၀ - ၃ မိုင် ၅ ဖာလုံ
မိုင် ၈၄/၃-၈၅/၄ အတွင်း
(လမ်းနယ်ချဲ့ခြင်း၊ လမ်းကျဉ်းတာပေါင်ဖို့ခြင်း)

(က) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက် - ၂၂-၉-၂၀၁၅ ရက်(အင်္ဂါနေ့)
နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့။

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက် - ၁၄-၁၀-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီ

(ဂ) တင်ဒါလျှောက်လွှာဖွင့်မည့်ရက် - ၁၄-၁၀-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီ၊
နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
ဖုန်း-(၀၅၇-၂၄၈၀၈)

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V NORTHERN HIGHWAY V.59 သင်္ဘောသည် ၃၀-၉-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**


**စိန်ရတနာ** Vinyl Riso မိတ္တူ၊ ပီနိုင်း (1'x1') ၁၃၀ ကျပ်


sq-ft ၁ ထောင်အထက် အားပေးသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။

| | |
|---|---|
| sq-ft ၁ ထောင် | ၁၂၀ ကျပ် |
| sq-ft ၁ သောင်း | ၁၁၀ ကျပ် |
| sq-ft ၅ သောင်း | ၉၀ ကျပ် |

၇၆၊ ၃၂လမ်း (အောက်)၊ 0925 20 400 20, 0925 20 400 30, 01 388 115, 09 510 2750 Email: sein.yadanar@hotmail.com







# ဓမ္မလင်းရောင်ခြည် ထွန်းလင်းတောက်ပ ပါစေသော်



ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၊ မွန်ဘိုင်းမြို့။

ငြိမ်းချမ်းရေး နှင့် ညီညွတ်မျှတ မှု ကို ပွားများရာ တရားစခန်းဖြစ်သည့် ဤ "ကမ္ဘာ့ ဝိပဿနာစေတီတော်ကြီး" နှင့် အာသောက ကျောက်တိုင်တို့ကို ကမ္ဘာပေါ်ရှိ ဝိပဿနာ ယောဂီအပေါင်းနှင့် ဆရာကြီးအား ကြည်ညိုသက်ဝင်သူ တပည့်အပေါင်းတို့က ကျွန်ုပ် ချစ်ကြည်လေးစားအပ်သော ဝိပဿနာတရာပြ ဆရာကြီး ဦးဘခင် ခရစ်သက္ကရာဇ် (၁၈၉၉ - ၁၉၇၁)ကို အောက်မေ့ သတိရခြင်းအားဖြင့် တည်ထားခဲ့ကြပါသည်။

ဗုဒ္ဓမြတ်စွာသည် ဒေသနာတော်များကို ဟောကြားတော်မူရာ၌ လွန်စွာရဲရင့်၏ လွန်စွာရှင်းလင်း ပြတ်သား၏ ကေသရာဇာ ခြင်္သေ့မင်းတို့၏ အသံကဲ့သို့ ရှိ၏။ "အာသောက" ကျောက်တိုင်ထိပ်တွင် ရှိသော ခြင်္သေ့လေး ကောင်သည် အရပ်လေးမျက်နှာ သို့ မျက်နှာမူကာ ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်များကို ရဲဝင့်ပြတ်သားစွာ ထိုးဖေါက် ဖြန့်ချီနေသော အသွင်ကိုဆောင်လျှက်ရှိ၏။

အာစရိယ အက်(စ်)အင်(န်)ဂိုအင်ကာ
၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်

## အသောကကျောက်တိုင်တွင် ဆရာကြီးဦးဂိုအင်ကာ ရေးထိုးခဲ့သည့် ကဗျည်းကျောက်စာ

ကမ္ဘာသာသနာပြု ဆရာကြီးဦးဂိုအင်ကာသည် မြတ်ဗုဒ္ဓ၏ ကျင့်စဉ်နည်းလမ်းဖြစ်သည့် ဝိပဿနာတရားတော်ကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ခဲ့ပြီး တပည့်ယောဂီများအတွက် သီလ၊ သမာဓိ၊ ပညာ၊ မဂ္ဂင်(၈)ပါး ဝိပဿနာတရား ကျင့်စဉ်နည်းနိဿယကို ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း(၉၀)ကျော်တွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး ထိရောက်စွာလေ့လာကျင့်ကြံ အားထုတ်နိုင်စေရန် ဘာသာစကားပေါင်း(၅၄)မျိုးဖြင့် စနစ်တကျစီမံဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်တွင်း၊ပြည်ပမှ ယောဂီဟောင်း၊ယောဂီသစ်များအားထုတ်နိုင်သည့် ဝိပဿနာ(၁၀)ရက်တရားပတ်များနှင့် ရက်ရှည် တရားပတ်များကိုလည်း ဆရာကြီးချမှတ်ပေးခဲ့သည့်မူနှင့် စည်းကမ်းများအတိုင်း ဗုဒ္ဓ၏ပြီးပြည့်စုံသောဓမ္မရတနာ(ဝိပဿနာကျင့်စဉ်) သင်ကြားချက်များအား တစ်စုံတစ်ရာနုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းလုံးဝမရှိပဲ တပည့်များမှ စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် အမြဲတမ်းဝိပဿနာတရားစခန်းရိပ်သာပေါင်း(၂၄)ခု အကျဉ်းထောင်အမြဲတမ်းရိပ်သာ၄ခုအပါအဝင် တရားစခန်း(၁၆)ခု နှင့် တည်ဆောက်ဆဲရိပ်သာ ၄ - ခုတို့တွင် (၁၀)ရက် တရားပတ်၊ သတိပဋ္ဌာန် တရားပတ်၊ ရက်(၂၀) တရားပတ်၊ ရက်(၃၀)တရားပတ်၊ (၄၅)ရက် တရာပတ်များနှင့် ရက်တိုတရားစခန်းများ၊ ကလေးတရားပတ်များကို ပြုသလျက်ရှိပြီး ပြည်တွင်းပြည်ပ ယောဂီပေါင်း မြောက်များစွာ ကျင့်ကြံအားထုတ်ခဲ့ကြပြီး နစ်စဉ်ဆက်လက်ကျင့်ကြံအားထုတ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြတ်ဗုဒ္ဓ၏ ဝိပဿနာကျင့်စဉ်အား လယ်တီဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်အနန္တကို ဦးထိပ်ထားလျက် ဆရာကြီး ဆရာသက်ကြီး၊ ဆရာကြီး ဦးဘခင်တို့၏အစဉ်အဆက် သင်ကြားပြသပေးခဲ့ကြသော နည်းနိဿယအတိုင်း ဆရာကြီး ဦးဂိုအင်ကာမှ တစ်ကမ္ဘာလုံးရှိ ဆင်းရဲဒုက္ခနှင့်ရင်ဆိုင်နေကြရသော လူသားများအားလုံး လေ့လာကျင့်ကြံအားထုတ်ပြီး ချမ်းသာသုခရရှိနိုင်ကြစေရန် စီမံဆောင်ရွက်ပေးခဲ့သည်များကို ဆက်လက်တိုးတက်ပြန့်ပွါးအောင်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုလျက် .......

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့
တရားပြဆရာ ဆရာမများ၊ ဒေါပကများ၊ ဂိုအင်ကာမိသားစု
(၀၁ ၅၄၆၆၆၀၊ ၀၁ ၅၄၉၂၉၀။ dhammajoti@mptmail.net.mm)

## ကြော်ငြာ

မိတ်ချွေးသာရွာချမ်းမြေ့ဖို့ **Virgin Land** နှင့်အတူသွားရို..

| | | |
|---|---|---|
| ငွေဆောင် | (3D/2N) | 65,000/- |
| ချောင်းသာ | (3D/2N) | 88,000/- |
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ | (4D/3N) | 190,000/- |
| မန္တလေး-မင်းကွန်း-စစ်ကိုင်း-ပြင်ဦးလွင် | (4D/3N) | 190,000/- |

Ph : 01-8610252, 09-5123793, 09-261027002

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

**GO & GO** TRAVELS AND TOURS

ဩစတြေးလျ
Oct-27 / Nov-18
ဥရောပ
Oct-23 / Dec-20
အမေရိကန်
Oct-2 / Dec-18
အင်္ဂလန်
NOV-27 / Dec-21
ကတ်ရှ်မီးလ်
Oct-20/Nov-20

ဗုဒ္ဓဂါယာ
၈ ရက်/၁၅ရက်
(4* Hotel)
ဂျပန်
Oct-27 / Nov-19
ဒူဘိုင်း
Oct-29 / Nov-29
ကိုရီးယား
Oct-23 / Dec-23

**Promotion Trips**
ဗန်ကောက် / ပတ္တယား / အယုဒ္ဓယ
ဆီရမ်ရိ / အန်ကောဝပ် / ဖနွမ်းပင်
ဟိုချီမင်း / ဟန္နိုင်း / ဟာလောင်းဘေး
စင်္ကာပူ / မလေးရှား / ဘန်ကောက်
ဟောင်ကောင် / မကာအို / ဘန်ကောက်
ကမ္ဘောဒီးယား / ဗီယက်နမ် / ဘန်ကောက်

**Honeymoon and Leisure Trips**
မော်ဒိုက်..ဘာလီ..ဖူးခက်

အမှတ် ၁၁A၊ မြေညီထပ်၊ ၅၃ လမ်း ပုဇွန်တောင်မြို့နယ် ။ ဖုန်း (၀၁ -၂၉၂၄၆၅ / ၀၉ -၂၆၁၀၆၆၄၄၃)

# ရွှေပလ္လင်

# ရွှေပြည်သာ ဖွင့်ပြီ

နပ်ကော်ဖီကောင်းကောင်း သောက်လိုသူများအတွက်

ရွှေပလ္လင် ကော်ဖီ

တွေ့ကြရအောင် ရွှေပလ္လင် မှာ…

အလှူမင်္ဂလာပွဲများအတွက် အထူးအော်ဒါများ လက်ခံပါသည်။

အမှတ် (၄)လမ်းမကြီး၊ PT Power ဓါတ်ဆီဆိုင်ဝင်းအတွင်း။ ဖုန်း - ၀၁ - ၅၃၈၇၃၆

**ဒေါက်တာဘမော်**
**ကိုယ်တိုင်ရေးသားခဲ့သည့်**
**အပြည့်စုံဆုံး တော်လှန်ရေး သမိုင်းမှတ်တမ်း**

မောင်ဝင့်သူ (မြန်မာပြန်)
ထွန်းဖောင်ဒေးရှင်း စာပေဆုရ
မြန်မာ့တော်လှန်ရေး ခရီးကြမ်းမှ အောင်မြင်မှု မှတ်တမ်း (၁၉၃၉-၁၉၄၆)

ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ချိလိုက်ပါပြီ။

အကွရာစဉ်အညွှန်း (Index) ထပ်မံထည့်သွင်းပေးထားခြင်းဖြင့် သိလိုသည့် အကြောင်းအရာ၊ အဖြစ်အပျက်၊ အခြေအနေ စသည်တို့ကို ချက်ခြင်းရှာဖွေဖတ်ရှုနိုင်အောင်စီစဉ် ထားပါသည်။

သတ်ပုံအမှားအယွင်းကင်းအောင် ပြင်ဆင်ထားပါသည်။




ဆက်သွယ်ရန်
ဖြန့်ချိရေး

# ရူပါပွား

telenor




ရူပါပွား
နဲ့
တယ်လီနောလိုက်ပေါ့..

ဆင်းမ်ကတ်ကို slot 1 တွင်ထည့်၍
ပိုမိုကောင်းမွန်သော အင်တာနက်ကို ရယူပါ။

Forever Gems
by ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)

အောက်တိုဘာ(၄)ရက်နေ့တွင်
ကံထူးရှင်ရွေးချယ်ပေးပါမည်။

5% to 25% off

Grand Opening
သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program

၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ
Grand Lucky Draw Program
(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး နှင့်အခြားအဖိုးတန်ပစ္စည်းများ

ကံထူးရှင်ရွေးချယ်ပေးမည့်အထူးအစီအစဉ်
ကျင်းပမည့်နေ့ရက် ။ ၄-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) Myanmar Plaza
ကျင်းပမည့်အချိန် ။ ညနေ ၄နာရီ မှ ၆ နာရီထိ
ကံစမ်းမဲချီးမြှင့်ပေးမည့် ။ ပြေတီဦး၊ နေတိုး၊ မြင့်မြတ်၊ အောင်ရဲလင်း၊ ဇေရဲထက်
အနုပညာရှင်များ ။ သက်မွန်မြင့်၊မိုးဟေကို၊ဝတ်မှုန်ရွှေရည်၊ဖွေးဖွေး၊ပိုင်းစုစိုင်သိန်း

၃-၁၀-၂၀၁၅ နှင့် ၄-၁၀-၂၀၁၅ ဖျော်ဖြေရေးအစီအစဉ်များ ညနေ(၂-၆)နာရီ
နိုင်းနိုင်း၊ ကောင်းပြည့်၊ ဇေရဲထက်၊ နိုင်သင်းကြည်၊ ယွန်းယွန်း၊ ရွှေမှုန်ရတီ၊
ဟဲလေး၊ အောင်ထက်၊ ချမ်းချမ်း၊ ခင်စုစုနိုင်၊
Dancer များ Miss များ၏ Model Show များဖြင့် ထူးခြားစွာတင်ဆက်မည်။

ချက်ချင်းပေါက် ချက်ချင်းယူ မလာမပါ ကံစမ်းမဲ
(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး

4-9-2015 မှ 4-10-2015
နေ့စဉ်ကံထူးရှင်များကို
ရွေးချယ်ချီးမြှင့်ပေးပါမည်

စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ






(G-05A) မြေညီထပ်၊ Myanmar Plaza (HAGL) Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။
ဖုန်း- 09-2653 99966, 09-2653 99977,09-2653 99988

ကြော်ငြာ


# Special Grand Opening Sales 15%off
# 3D CAD/CAM Designs









Hot Line No-0930500100

# နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆွေးနွေး

သတင်း စာမျက်နှာ ➤ ၅

# ပုဂံတွင် မနူဟာဘုရားကြီး ရွှေသင်္ကန်းနှင့် နဝကမ္မအတွက် ငွေသွန်းလောင်းလှူပွဲ စည်ကား

သတင်းစာမျက်နှာ ➤ ၁၀



ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ မြင်းကပါကျေးရွာရှိ မနူဟာဘုရား ဗုဒ္ဓပူဇနီယပွဲတော်တွင် ရိုးရာအရုပ်သွင်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပစဉ်။

## ယနေ့ မာတိကာ


လူမှုသတင်းမီဒီယာများကို ကြိုဆိုအားပေးလိုက်သည့် မိုဒီ

စာမျက်နှာ ➤ ၄

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား တာဝန်ချိန်သုံး ကျဉ်စက်များ ထုတ်ပေးထားရှိ

စာမျက်နှာ ➤ ၅

တောရိုင်းတိရစ္ဆာန်များ၏ မူလမျိုးရိုးဗီဇ ယိမ်းယိုင်မှုမရှိစေရေး ထိန်းသိမ်းစေချင်

စာမျက်နှာ ➤ ၁၀

မန်စီးတီးအသင်း ချန်ပီယံလိဂ်တွင် နိုင်ပွဲရရှိလိမ့်မည်ဟု ပယ်လီဂရီနီဆို

စာမျက်နှာ ➤ ၁၃


# စူပါတိုင်ဖုန်း ဒူဂျူအန် တရုတ်နိုင်ငံအနီးချဉ်းကပ်လာ လိမ္မော်ရောင်အဆင့် မုန်တိုင်းသတိပေးချက်ထုတ်ပြန်

**ပေကျင်း စက်တင်ဘာ ၂၈**

ဒူဂျူအန်ဟုအမည်ပေးထားသည့် စူပါတိုင်ဖုန်းသည် တရုတ်နိုင်ငံအနီးသို့ ချဉ်းကပ်လာနေခြင်းကြောင့် တရုတ်အမျိုးသားမိုးလေဝသဌာနက စက်တင်ဘာ ၂၇ ရက်တွင် ဘေးအန္တရာယ်ကျရောက်နိုင်မှု လိမ္မော်ရောင်အဆင့် သတ်မှတ်ကြေညာထားသည်။ အဆိုပါ တိုင်ဖုန်းမုန်တိုင်းသည် တရုတ်နိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်နိုင်မည်ဟု ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းသည် စက်တင်ဘာ ၂၉ရက် နံနက်ပိုင်းတွင် တရုတ်(တိုင်ပေ)ကိုကျော်ဖြတ်ပြီးနောက် တရုတ်နိုင်ငံ ကမ်းရိုးတန်းဒေသ ပြည်နယ်ဖြစ်သည့် ဖူကျိယန်ပြည်နယ် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ဖွယ်ရှိသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းခြင်း၊ ပင်လယ်ပြင်၌ လှိုင်းလုံးများမြင့်မားစွာဖြစ်ပေါ်ခြင်းတို့ ဖြစ်ဖွယ်ရှိကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဇီကျန်ပြည်နယ်မှအာဏာပိုင်များက လေပြင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများစသည့် အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပွားလာဖွယ်ရှိသည့် ကိစ္စရပ်များအတွက် အပြည့်အဝကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် မြို့တော်အုပ်ချုပ်ရေးအဖွဲ့ကို နှိုးဆော်ထားသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးလေကြောင်းကုမ္ပဏီဖြစ်သော

စာမျက်နှာ ၇ ကော်လံ ၁ သို့







themirror.npl@gmail.com
www.facebook.com/themirrordaily

ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
စက်တင်ဘာ ၂၉၊ ၂၀၁၅
စာမျက်နှာ-၁



## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများနှင့် တွေ့ဆုံ

**တောင်ကြီး စက်တင်ဘာ ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)တာဝန်ခံ ဦးစိုင်းနွံတောင်းနှင့် တောင်ကြီးခရိုင်နှင့် တောင်ကြီးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများနှင့်တွေ့ဆုံပွဲကို စက်တင်ဘာ ၂၅ ရက်က ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ ဦးစိုင်းနွံတောင်းက အဖွင့်အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရသည့်အကြောင်းနှင့် လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန်အတွက် ဌာနဆိုင်ရာများနှင့် ပါတီဝင်များကလည်း လိုက်ပါဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများနှင့်တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ ဦးစိုင်းနွံတောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပါတီဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ ပူတာအိုတွင်ကျင်းပ

**ပူတာအို စက်တင်ဘာ ၂၈**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသူရနောင်က ရွေးကောက်ပွဲလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးကျော်မြင့်ရီက ရွေးကောက်ပွဲတွင် မီးသတ်ဦးစီးဌာနနှင့်သက်ဆိုင်သည့်အခန်းကဏ္ဍများကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ရွေးကောက်ပွဲဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ရွေးကောက်ပွဲဆိုင်ရာသိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

**(ခရိုင်ပြန်/ဆက်)**

## မြောင်းမြခရိုင်တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**မြောင်းမြ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင်အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးဝင်းကိုသည် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၂၇ ရက်က မြောင်းမြမြို့သို့ ရောက်ရှိလာရာ မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာ မြစန္ဒာရပ်ကွက်ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းကပ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေကြိုင်ကမဲစာရင်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် တွေ့ဆုံကာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လမ်းညွှန်ဆွေးနွေးမှာကြားပြီး ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်က ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသော မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက သိလိုသည်များကိုမေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုနှင့် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်မင်း(IPRD)**

❑❑❑

## ပြည်ကြီးတံခွန်မြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ပြည်ကြီးတံခွန် စက်တင်ဘာ ၂၈**

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် (၂)ရှိ မြို့နယ်အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမြတ်သူက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများပြောကြားရာတွင် မဲဆန္ဒနယ်ပြင်ပသို့ ရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေသော အလုပ်သမားများအား မိမိတို့၏နေရပ်ဒေသများသို့ ပြန်၍မဲမပေးလိုကြဘဲ ယခုရောက်ရှိနေသော မဲဆန္ဒနယ်မြေရှိ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးနိုင်ရန် အခွင့်အရေးအဖြစ် လွှတ်တော် (၃) ရပ်၏ နည်းဥပဒေ ( ၁၀ )တွင် ပြဋ္ဌာန်းထားရှိပါကြောင်း၊ မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိစက်ရုံ၊ အလုပ်ရုံရှိ ဝန်ထမ်းလုပ်သားများအား မဲပေးနိုင်ရေးကူညီဆောင်ရွက်ပေးပါရန် ပြောကြားသည်။ ထို့နောက် တက်ရောက်လာသောလုပ်ငန်းရှင်ကြီးများက မရှင်းလင်းသည်များအား မေးမြန်းရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပြန်လည်ဖြေကြားသည်။ ယင်းနောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ စက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများမှ လုပ်ငန်းရှင်များအား ပုံစံ-၃(က) စာရွက်များအား ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်ကြီးတံခွန်မြို့နယ်စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မြစ်ကြီးနားတွင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၂၈**

ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးNဇော်နော်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့တွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



အဆိုပါ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးNဇော်နော်၊ ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ကွန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဝေနှင့် ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်၊ အောင်နန်းရပ်ကွက်၊ ခေမာသီရိရပ်ကွက်နှင့် ဒူကထောင်ရပ်ကွက်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်များစာရင်း ပြုစုထားရှိမှု၊ စာရင်းများထုတ်ပြန်ထားရှိမှု၊ ရပ်ကွက်ရွေးကောက်ပွဲရုံးများထားရှိမည့် အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းတွင် မပါရှိမှုများယွင်း၊ ဖြည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မဲပေးပိုင်ခွင့်ရှိသူစာရင်းများ၏ အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းတင်ပြခဲ့ကြသည်။ အဆိုပါ ရှင်းလင်းပြသချက်များအပေါ် မူတည်၍ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးNဇော်နော်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား မဲဆန္ဒရှင်စာရင်းတွင် အမည်မပါရှိသည့် အထောက်အထားပြည့်စုံသောသူများကို ပုံစံ(၃)/ကဖြင့် အောက်တိုဘာ ၁၀ ရက် နောက်ဆုံးထားပြီး လျှောက်ထားကြရန်နှင့် မဲဆန္ဒရှင်များအား မဲစာရင်းတွင် အမည်ပါ၊ မပါလာရောက်ကြည့်ရှုရန်အတွက် ရပ်ကွက်အတွင်း လိုက်လံနှိုးဆော်တိုက်တွန်းသွားကြရန် အမှာစကားပြောကြားခဲ့သည်။

**(မင်းမင်းဦး)**

**ရွေးကောက်ပွဲကျင်းပရန် ရက် ၄၀ သာ လိုတော့သည်။**

# ထားဝယ်တိုင်းရင်းသားများပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ထားဝယ်တိုင်းရင်းသားများပါတီ ဥက္ကဋ္ဌ ဦးအေးမင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**တိုင်းရင်းသားပြည်သူများခင်ဗျား-**

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနဲ့ ထားဝယ်တိုင်းရင်းသားများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်လိုက်ပါတယ်။

ကျွန်တော်ကတော့ ထားဝယ်တိုင်းရင်းသားများပါတီရဲ့ဥက္ကဋ္ဌ ဦးအေးမင်းဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ထားဝယ်တိုင်းရင်းသားတို့ရဲ့ တူညီသော တရား၊ တူညီသောအခွင့်အရေး၊ တူညီသော အဆင့်အတန်းတို့အတွက် လာမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီလိုဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ဒီနေရာကနေ ပါတီကိုယ်စားရွေးကောက်ပွဲဆိုင်ရာ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်။

ဒီလို မူဝါဒ၊ သဘောထားတွေ ရှင်းလင်းမတင်ပြခင်မှာ ကျွန်တော်တို့ပါတီရဲ့ သမိုင်းကြောင်းကို ဦးစွာရှင်းပြလိုပါတယ်။

**လေးစားချစ်ခင်ရပါသော မြန်မာနိုင်ငံသား မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားတွေဟာ ကိုလိုနီခေတ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် စတင်လှုပ်ရှားစဉ်ကတည်းက ပါဝင်လာခဲ့ကြသူတွေပါ။ အဲဒီနောက် ခေတ်အဆက်ဆက် အာဏာရှင်ဘဝကနေ လွတ်မြောက်ရေး၊ ဒီမိုကရေစီရရှိရေးတို့မှာ အခြားတိုင်းရင်းသားတွေနဲ့ လက်တွဲတိုက်ပွဲဝင်လာခဲ့သူတွေ ဖြစ်ပါတယ်။ ဘယ်လောက်ထိလည်းဆိုရင် ကိုယ့်လူမျိုးအရေးကိုတောင် နောက်ချန်ထားကာ တိုင်းပြည်တစ်ပြည်လုံး ကောင်းစားရေး ဦးစားပေးခဲ့သူတွေဖြစ်ပါတယ်။ အခုထိလည်း ဒီမိုကရေစီရရှိရေးအတွက် ဒီလိုပဲဆက်လက်တိုက်ပွဲဝင်နေဆဲဖြစ်ပါတယ်။

ဒီနေ့လိုအချိန် ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒီမိုကရေစီစနစ် တည်ဆောက်နေတဲ့ကာလမှာ တိုင်းပြည်တစ်ခုလုံးအရေးကိုလည်း ဆောင်ရွက်ရင်း ကိုယ့်တိုင်းရင်းသားအရေးကိုလည်း နောက်ကျမကျန်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားများပါတီကို ၂၀၁၃ ခုနှစ်မှာ စတင်ထူထောင်ခဲ့ပါတယ်။

တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ဖက်ဒရယ်စနစ်သည်သာလျှင် အသင့်တော်ဆုံးစနစ်ဖြစ်တယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဒါကြောင့် တစ်ဖက်ကလည်း ဒီမိုကရေစီရရှိရေးကို ကြိုးပမ်းရင်း၊ အခြားတစ်ဖက်ကလည်း တိုင်းရင်းသားတို့ရဲ့ တန်းတူညီမျှမှု၊ အဆင့်အတန်းတူညီမှု တို့သည်လည်း တစ်ပါတည်းပါလာရမယ်လို့ ယုံကြည်ပါတယ်။

**လေးစားချစ်ခင်ရပါသော မြန်မာနိုင်ငံသူ နိုင်ငံသား မိဘပြည်သူ အပေါင်းတို့ခင်ဗျား-**

ခေတ်အဆက်ဆက် မြန်မာတစ်နိုင်ငံလုံးအတွက် အမြဲတစေစဉ်းစားကြိုးပမ်းလုပ်ဆောင်ခဲ့တဲ့ ကျွန်တော်တို့ဒေသက တိုင်းရင်းသားတွေဟာ အခုအချိန်မှာ နောက်ကျကျန်နေခဲ့ရတာကို စိတ်မကောင်းစွာပဲ တွေ့ရပါတယ်။

ဥပမာအားဖြင့် ရန်ကုန်လို၊ မန္တလေးလို၊ နေပြည်တော်လိုနေရာတွေအပြင် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ် မြို့ကြီးတော်တော်များများမှာ အိမ်သုံးလျှပ်စစ်မီးတစ်ယူနစ် ၃၅ကျပ်နဲ့ ရရှိနေချိန်မှာ ကျွန်တော်တို့ တိုင်းရင်းသားတွေကတော့ အခုထိတစ်ယူနစ် ကျပ် ၃၀၀ နဲ့အထက် ပေးနေရဆဲ ဖြစ်ပါတယ်။

ဒီလိုမျိုး အခြားတိုင်းရင်းသားလူမျိုးတွေနဲ့ တန်းတူအခွင့်အရေးမရလေတော့ ကျွန်တော်တို့လူမျိုးဟာ မြန်မာနိုင်ငံထဲမှာရော ရှိသေးရဲ့လားဆိုပြီး ယုံမှားသံသယနဲ့ မေးခွန်းထုတ်ရတဲ့အထိပါ။ ဒုတိယတန်းစား ဒါမှမဟုတ် တတိယတန်းစားလူမျိုးတွေလားလို့ မေးခွန်းထုတ်ရမလိုပါပဲ။

ဒါ့အပြင် မှတ်ပုံတင်လို့ အလွယ်ခေါ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ထားဝယ်လူမျိုးအဖြစ် မှတ်ပုံတင်ခြင်းမခံရဘဲ ဗမာအဖြစ် မှတ်ပုံတင်ခံထားရပါတယ်။ ဒါဟာသမိုင်းအစဉ်အလာရှိတဲ့၊ ဂုဏ်သိက္ခာမြင့်မားတဲ့ လူမျိုးတစ်မျိုးအတွက် များစွာနစ်နာရပါတယ်။

ဒီအကျိုးဆက်ဟာ တနင်္သာရီတိုင်းဒေသကြီးအတွင်း လူဦးရေအများဆုံးဖြစ်တဲ့ ထားဝယ်တိုင်းရင်းသားများအတွက် တာဝန်ခံပေးမယ့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ ထားဝယ်တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်ယောက် ဆုံးရှုံးနေခြင်း၊ နိုင်ငံရေးအရ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတစ်နေရာလစ်လပ်နေခြင်းပါပဲ။

ဒီလိုမျိုး နိုင်ငံရေးအရ အောက်ကျနောက်ကျဖြစ်နေရတာ၊ နေရာတိုင်းမှာ လျှပ်စစ်မီးတစ်ယူနစ် ၃၅ ကျပ်ဆိုပေမယ့် ကျွန်တော်တို့ဆီမှာတော့ တစ်ယူနစ်ကျပ် ၃၀၀ ဖြစ်နေရတာ၊ ဒီလိုမျိုးခွဲခြားဆက်ဆံခံနေရတာတွေကြောင့် ကျွန်တော်တို့ဒေသ၊ ကျွန်တော်တို့လူမျိုးဟာ တိုးတက်သင့်သလောက် မတိုးတက်တာ၊ အစစအရာရာ နောက်ကျကျန်နေခဲ့ရတာ တွေ့ရပါတယ်။ လူနေမှုအဆင့်အတန်းလည်း နိမ့်ပါးနေတာတွေ့ရပါတယ်။

ကျွန်တော်တို့ဒေသက များစွာသော ကျွန်တော်တို့ သားသမီးရင်သွေးများ၊ ဆွေမျိုးများ နိုင်ငံရပ်ခြားမှာ အောက်ကျခံဆင်းရဲပင်ပန်းစွာ အလုပ်သွားလုပ်နေကြရတာဟာ မျက်မြင်သက်သေတွေပါ။

ဒါတွေဟာ ကျွန်တော်တို့ ပါတီထူထောင်ရခြင်းရဲ့ အဓိကအကြောင်းအရင်းတွေဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်တို့ဟာ မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းပါအတိုင်း တူညီသောတရား၊ တူညီသောအခွင့်အရေးနဲ့ တူညီသောအဆင့်အတန်းတို့အတွက် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**လေးစားချစ်ခင်ရပါသော မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီလိုမျိုးရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရာမှာ ဦးစားပေးသုံးရပ် လုပ်ဆောင်သွားမယ့်အကြောင်း တင်ပြလိုပါတယ်။

ပထမဦးစားပေးအနေနဲ့ ထားဝယ်တိုင်းရင်းသားတို့အတွက် အာမခံချက်ရှိတဲ့ နိုင်ငံရေးသိက္ခာ၊ နိုင်ငံရေးအဆင့်အတန်းရရှိရေးအတွက် ဆောင်ရွက်သွားပါမယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ မှတ်ပုံတင်မှာ ထားဝယ်လူမျိုးအဖြစ် တရားဝင်မှတ်ပုံတင်ခွင့် ရရှိရေးကနေပြီး လူမျိုးတစ်မျိုးအဖြစ် တန်းတူရည်တူနေထိုင်နိုင်ရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိသည်အထိ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒုတိယဦးစားပေးအနေနဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ အဓိကနေထိုင်တဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ ကောင်းမွန်သန့်ရှင်းပြီး ထိရောက်တဲ့ အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့ တွန်းအားပေးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

အစိုးရဆိုတာ တိုင်းရင်းသားပြည်သူတွေ ကံ၊ ဉာဏ်၊ ဝီရိယ အားလျော်စွာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန် ရေခံမြေခံများ ဖန်တီးပေးရသော ပံ့ပိုးကူညီသူသာဖြစ်တယ်လို့ ကျွန်တော်တို့ပါတီက ယုံကြည်ပါတယ်။

ဒီလိုယုံကြည်တဲ့အတိုင်းလည်း လုပ်ဆောင်သွားမှာပါ။ အကျင့်ပျက်ခြစားမှုကင်းစင်တဲ့ အစိုးရဖြစ်ဖို့၊ ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်တဲ့ အစိုးရဖြစ်ဖို့၊ တရားသောဥပဒေတွေ စိုးမိုးဖို့၊ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ လိုလားနေကြပါတယ်။ ဒီလိုမျိုးအစိုးရကပဲ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရကို ပြည်သူတွေခံစားနိုင်အောင် လုပ်ဆောင်နိုင်ပါတယ်။ ဒီလိုမျိုးအစိုးရဖြစ်အောင် ကျွန်တော်တို့ အင်အားရှိသလောက် လုပ်ဆောင်သွားမယ်လို့ ဒီနေရာကနေပြီး ကတိပြုပြောကြားလိုပါတယ်။

တတိယဦးစားပေးကတော့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာဖို့ပါ။

ဒီလိုကောင်းမွန်လာမှသာ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်နေတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ ပြန်လာနိုင်မှာဖြစ်ပါတယ်။ ဒီလိုတိုးတက်ကောင်းမွန်လာဖို့ဆိုရင် အခြေခံအဆောက်အအုံအုတ်မြစ်ကောင်းတွေ လိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းနေဖို့၊ အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ထိရောက်နေဖို့၊ လျှပ်စစ်စွမ်းအင်ကို ဈေးနှုန်းသင့်တင့်မျှတစွာနဲ့ အသုံးပြုနိုင်ဖို့၊ ကျန်းမာပြီး ပညာတတ်၊ စွမ်းဆောင်ရည်ကောင်းတဲ့ ပြည်သူပြည်သားတွေရှိနေဖို့ လိုကိုလိုအပ်ပါတယ်။

တိုင်းပြည်တစ်ခုကိုတည်ဆောက်တဲ့နေရာမှာ လူသာလျှင် အဓိကပါ။ ဒါကြောင့် သဘာဝသယံဇာတအစား လူ့စွမ်းအားအရင်းအမြစ်အပေါ်မှာ အခြေခံတဲ့ဒေသဖြစ်အောင် ကျွန်တော်တို့ ပါတီကတည်ဆောက်သွားမှာ ဖြစ်ပါတယ်။

ဒါကို အခြေခံပြီးတော့ ဒေသထွက်ပစ္စည်းတွေ တန်ဖိုးမြင့်ရရှိဖို့၊ ကုန်ထုတ်စွမ်းအား တက်လာဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။




ဒီလို လူမှုစီးပွားရေးဆိုင်ရာ လုပ်ငန်းတွေ လုပ်ဆောင်ရာမှာ ဦးစားပေးလေးရပ် ချမှတ်ထားပါတယ်။

(၁) ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရန်၊
(၂) ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်၊
(၃) ရော်ဘာ၊ ကွမ်းသီး၊ သီဟိုဠ်၊ အုန်းသီး စတဲ့ ဥယျာဉ်ခြံလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်လာနိုင်ရန်၊
(၄) စည်ပင်သာယာရေးနဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးရန်တို့ ဖြစ်ပါတယ်။

ဒီလိုလုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်မပျက်စီးရေးဟာ အထူးအရေးကြီးပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေကံ၊ ဥတု၊ စိတ်၊ အာဟာရနဲ့အညီ နေထိုင်နိုင်ဖို့ သဘာဝပတ်ဝန်းကျင်ဟာ အထူးအရေးကြီးပါတယ်။

သဘာဝပတ်ဝန်းကျင်ဟာ လူ့ကျန်းမာရေးအတွက် ရေသန့်သန့်၊ လေသန့်သန့်တွေရဖို့ အရေးပါပါတယ်။ အာဟာရပြည့်တဲ့ အစားအစာတွေရဖို့ အရေးပါပါတယ်။ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ဖို့ အရေးပါပါတယ်။

သဘာဝပတ်ဝန်းကျင်ကို အရေးမထားဘဲ ငွေကြေးရုပ်ဝတ္ထုပစ္စည်းနောက်ကိုပဲ တကောက်ကောက်လိုက်နေတဲ့ အကျိုးဆက်က ကြီးမားလှပါတယ်။ အခု အားလုံးသိကြတဲ့အတိုင်း ကပ်ဆိုး၊ ဘေးဆိုးတွေကြုံနေရပြီ ဖြစ်ပါတယ်။

ဒါကြောင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အချိုးညီစွာ ဆောင်ရွက်သွားပါမယ်။

ဒီလိုလုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ ဒေသအတွင်းမှာရော၊ တစ်နိုင်ငံလုံးမှာရော တည်ရှိလှုပ်ရှားနေတဲ့ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေရာကနေတင်ပြလိုတာကတော့ ထားဝယ်တိုင်းရင်းသားများပါတီဟာ ဒီရွေးကောက်ပွဲတစ်ခုတည်းပဲကြည့်ပြီး အလုပ်လုပ်တဲ့ပါတီမဟုတ်ပါဘူး။ နောက်မျိုးဆက်တွေအထိ ကြည့်ပြီးအလုပ်လုပ်မယ့် ပါတီဖြစ်ပါတယ်။

**ချစ်ခင်လေးစားရပါသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ရွေးကောက်ပွဲဝင်ရာမှာ အသုံးပြုမယ့် တံဆိပ်ကတော့ တဝဲလို့ ခတ်နှိပ်ထားတဲ့ ဒင်္ဂါးပြားနဲ့ ဒင်္ဂါးပြားအောက်ဘက်မှာ ထားဝယ်တိုင်းရင်းသားများပါတီလို့ ရေးထိုးထားပါတယ်။

ဒီဒင်္ဂါးပြား အမှတ်တံဆိပ်နံဘေးမှာ တုံးထုပြီးမဲပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။

ရွေးကောက်ပွဲအောင်နိုင်ပြီးတဲ့နောက်မှာ အခြားတိုင်းရင်းသား မဟာမိတ်တွေ၊ ဒီမိုကရေစီအင်အားစုတွေနဲ့ ပူးပေါင်းပြီး ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒီမိုကရေစီစနစ် တည်ဆောက်ရေးလုပ်ဆောင်သွားမယ်။

အဲဒီအချိန်မှာ ကိုယ့်ကိစ္စကိုတော့ ကိုယ်လုပ်မှ ကိုယ်ရမယ်ဆိုတာ လေးလေးနက်နက်ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားတွေအရေးအတွက် ဘယ်သူ့ကိုမှ မျှော်ကိုးနေလို့၊ အားကိုးနေလို့မရပါ။ ဒါကိုသမိုင်းက သက်သေပြပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကိုယ့်ကိစ္စကိုယ်လုပ်ကြစို့ပါ။

ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားများပါတီရဲ့ အောင်ပွဲသည် ထားဝယ်လူမျိုးများရဲ့ အောင်ပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားများပါတီရဲ့ အောင်ပွဲသည် ထားဝယ်လူမျိုးများရဲ့ ဂုဏ်သိက္ခာဖြစ်ပါတယ်။ ကျွန်တော်တို့ ထားဝယ်တိုင်းရင်းသားများပါတီရဲ့ အောင်ပွဲသည် ထားဝယ်လူမျိုးများရဲ့ သမိုင်းသစ်ဖြစ်ပါတယ်။

ဒါကြောင့် ဒို့လူမျိုး၊ ဒို့ဒေသ၊ ဒို့ပါတီ၊ ဒို့ယုံကြည်ပါ။
တို့ဒေသတိုးတက်ဖို့ ထားဝယ်ပါတီကို မဲပေးစို့ပါ။
ကျေးဇူးတင်ပါတယ်။

# ဖက်ဒရယ်ပြည်ထောင်စုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

**ဖက်ဒရယ်ပြည်ထောင်စုပါတီ ဒုတိယဥက္ကဋ္ဌ ဦးစဝ်သာဦး(ခေါ်) ဦးသီဟသူက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**"မိုင်ဆုန်ခ"မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။**

**လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား-**

ကျွန်တော်က ဖက်ဒရယ်ပြည်ထောင်စုပါတီ (federal union party)ရဲ့ ဒုတိယဥက္ကဋ္ဌ ဦးစဝ်သာဦး(ခေါ်) ဦးသီဟသူ ဖြစ်ပါတယ်။ FUP ပါတီအကြောင်းတင်ပြရာမှာ-

(၁) ပါတီ၏သမိုင်းကြောင်း
(၂) ပါတီတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်
(၃) ပါတီ၏ မူဝါဒ၊ သဘောထားနှင့်
(၄) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါတီ၏ပါဝင်မှုအခန်းကဏ္ဍဆိုပြီး ကဏ္ဍ(၄)ခုအနေဖြင့် တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

## (၁) ပါတီ၏သမိုင်းကြောင်း

ဖက်ဒရယ်ပြည်ထောင်စုပါတီ (FUP) ကို ၁၁၊ ၁၂ ဇွန်လ ၂၀၁၃ နေ့ ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျားဖြူပါတီရုံးချုပ်၌ ပြုလုပ်ခဲ့သော (၁၅)ကြိမ်မြောက် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF)၏ ၁၅ ပါတီပုံမှန်အစည်းအဝေးကြီးမှ NBF အဖွဲ့ဝင်ပါတီအားလုံး၏ တူညီသောသဘောဆန္ဒဖြင့် ဖက်ဒရယ်ပြည်ထောင်စုပါတီ (FUP) ပါတီကို ဖွဲ့စည်းတည်ထောင်ရန် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။

### ပါတီတည်ထောင်ခြင်း

FUP ပါတီကို ၈-၈-၂၀၁၃ နေ့တွင် ပါတီတည်ထောင်ရန် လျှောက်ထားခဲ့ရာ ၂၄-၁၂-၂၀၁၃ နေ့စွဲပါ စာအမှတ် ၃/နငရ-မပတ(၁)/ကမရဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် မှတ်ပုံတင်အမှတ် (၇၁) ဖြင့် တရားဝင်မှတ်ပုံတင်ရရှိခဲ့ပါတယ်။ ယခုအခါ NBF အဖွဲ့တွင် တိုင်းရင်းသားပါတီပေါင်း ၂၃ ပါတီအထိ တိုးတက်လာခဲ့ပြီး FUP သည်လည်း NBF အဖွဲ့ဝင်အဖြစ် အတူလက်တွဲဆောင်ရွက်နေပါတယ်။

## (၂) FUP ပါတီတည်ထောင်ခြင်း၏ အဓိကရည်ရွယ်ချက်များမှာ-

(i) မိခင်ပါတီများဖြစ်ကြသော NBF အဖွဲ့ဝင်တိုင်းရင်းသားစစ်စစ်ပါတီများသည် (၇)ပြည်နယ်တွင် အမိအရ ခြေကုပ်ယူထားပြီးဖြစ်သော်လည်း တိုင်းဒေသကြီးခုနစ်ခုတွင် အားနည်းနေခြင်းကို အပြည့်အဝ အားဖြည့်ပေးရန်။
(ii) တိုင်းဒေသကြီး (၇)ခုတွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုရန်။
(iii) လိုအပ်၍ မိခင်ပါတီများကတောင်းဆိုလာလျှင် (၇)ပြည်နယ်တွင် အားဖြည့်ပေးရန်နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရဖွဲ့နိုင်ရေးအတွက် ကူညီပေးရန်။
(iv) ပြည်မတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် နောက်ထပ်ပါတီကြီးတစ်ခုကို ရွေးချယ်နိုင်စရာ အခွင့်အလမ်းရရှိရန်။
(v) ငြိမ်းချမ်းသာယာသော ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်နှင့်
(vi) ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်အတူ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းရှိသော federal ပြည်ထောင်စုဖြစ်ပေါ်လာရန် စသည်တို့ ဖြစ်ပါတယ်။

### ဖက်ဒရယ်ပြည်ထောင်စုပါတီ၏ ယုံကြည်ချက်

ဖက်ဒရယ်ပြည်ထောင်စုပါတီဟာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့ရဲ့ စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတို့ကို ဖော်ဆောင်နိုင်မယ့်ပါတီဖြစ်တယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

ထို့အပြင် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တန်းတူညီသည့် ဥပဒေပြဌာန်းခွင့်၊ အုပ်ချုပ်စီမံခွင့်၊ တရားစီရင်ပိုင်ခွင့်နှင့် သယံဇာတအကျိုးကို ခံစားခွင့်တို့ကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကိုရရှိလာအောင် အခြေခံဥပဒေကို လည်းပြုပြင်၊ ဖြည့်စွက်၊ မလိုသည်ကို ပယ်ဖျက်သွားနိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

### ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

ဖက်ဒရယ်စနစ်ဆိုတဲ့ဝေါဟာရဟာ ယခင် ၁၉၆၂ ခုနှစ်ကစပြီး ၂၀၁၀ ခုနှစ်အထိ တိုင်းပြည်ခွဲထွက်ရေးမူပါဆိုပြီး အာဏာရှင်အဆက်ဆက်က ဝါဒမှိုင်းသွင်းခဲ့တဲ့အတွက် ပြည်သူတစ်ရပ်လုံးကြောက်လန့်ခဲ့တဲ့ စကားရပ်ဖြစ်ပါတယ်။ တကယ်တော့ ဖက်ဒရယ်ဆိုတာ ပေါင်းစည်းခြင်း၊ စုစည်းခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုတဲ့ အဓိပ္ပာယ်အပြင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းရှိတဲ့ ပြည်ထောင်စုဆိုတဲ့အဓိပ္ပာယ် ဖြစ်ပါတယ်။

ယခုအစိုးရလက်ထက်မှသာ ဖက်ဒရယ်ဆိုတဲ့စကားလုံးကို ကျွန်တော်တို့ ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း (NBF)က စတင် တွင်တွင်ကျယ်ကျယ် တရားဝင်အသုံးပြုလာခဲ့တာ ယခုအခါ အစိုးရ၊ လွှတ်တော်နှင့် အခြားအဖွဲ့အစည်းအားလုံးက လက်ခံလာပြီးဖြစ်တဲ့အပြင် အဲဒီရလဒ်အကျိုးကြောင့် ကျွန်တော်တို့" ဖက်ဒရယ်ပြည်ထောင်စုပါတီ"ကို ပီပီပြင်ပြင် တည်ထောင်လာနိုင်ပြီဖြစ်တဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်။

### တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

(၃) ဖက်ဒရယ်ပြည်ထောင်စုပါတီရဲ့ မူဝါဒ၊ သဘောထားအချို့ကို အကျဉ်းချုံးဖော်ပြလိုပါတယ်။

**နိုင်ငံရေး**

ပါတီစုံ ဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပီပီပြင်ပြင်တည်ဆောက်သွားပါမယ်။

**တိုင်းရင်းသားအရေး**

တိုင်းရင်းသားအားလုံး၏ တန်းတူညီမျှသောအခွင့်အရေးကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကာကွယ်စောင့်ရှောက်ပြီး တစ်ပြေးညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

တိုင်းရင်းသား (လူနည်းစု) မျိုးနွယ်များ မပျောက်ပျက်ရေးအတွက် အစွမ်းကုန်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားပါမယ်။

**နိုင်ငံခြားရေး**

လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမယ်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေကို လေးစားလိုက်နာမယ်။

တိုင်းပြည်တစ်ပြည်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းကို လုံးဝလက်မခံ။

**စီးပွားရေး**

လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ကို လက်တွေ့အကောင်အထည်ဖော်ပါမယ်။

နိုင်ငံသားလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကာကွယ်ဆောင်ရွက်သွားပါမယ်။

**လယ်ယာစိုက်ပျိုးရေး**

လယ်ယာလုပ်ကိုင်သူတိုင်း လယ်ယာပိုင်ဆိုင်ခွင့် လွှဲပြောင်း၊ ရောင်းချ ပေါင်နှံခွင့် ရှိရပါမယ်။

မိမိပိုင် လယ်ယာမြေတွင် နှစ်သက်ရာသီးနှံစိုက်ပျိုးခွင့်ရှိပြီး ထွက်ကုန်သီးနှံများကို လွတ်လပ်စွာ သယ်ယူသိုလှောင်ရောင်းချခွင့်ရှိရမယ်။

မတရားသိမ်းဆည်းခံထားရသောလယ်ယာမြေများကို ပြန်လည်ရရှိရေးအတွက် ဥပဒေဘောင်အတွင်းမှ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**ကျန်းမာရေး**

ခုခံအားကျဆင်းရောဂါ (HIV/AIDS)ဝေဒနာရှင်များအတွက် ဆေးဝါးစက်ရုံတည်ဆောက်ပြီး ရာသက်ပန် အခမဲ့ဖြန့်ဝေရေးကို ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**အလုပ်သမားရေး**

ဌာနဆိုင်ရာအားလုံးတွင် ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားရာ၌ မိမိဌာနမှ ဝန်ထမ်းများကိုသာ ဦးစားပေးရွေးချယ်ရမယ်။

**အမျိုးသမီးရေးရာကဏ္ဍ**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍအသီးသီး၌ အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုနှုန်းသည် နိုင်ငံတကာနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းပါးနေသည့်အတွက် လက်ရှိအနေအထားမှ ၃၀ ရာခိုင်နှုန်းအထက်ပါဝင်နိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်မယ်။

**လူငယ်ကဏ္ဍ**




- လူငယ်များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ပြည်တွင်းပြည်ပ သင်တန်းများ စေလွှတ်စေ၍ စနစ်တကျ စီမံချက်များ ရေးဆွဲရန်။
- လူငယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးရန်။
- တိုင်းရင်းသားပေါင်းစုံပါဝင်သော လူငယ်ညီလာခံတစ်ရပ်ကို အခါအားလျော်စွာကျင်းပနိုင်ရန်။

## (၄) ငြိမ်းချမ်းရေးကဏ္ဍ

ငြိမ်းချမ်းရေးမရရှိဘဲ ပြည်တွင်းစစ်ဖြစ်ပွားနေသောကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ သယံဇာတနှင့်ဝင်ငွေအများစုသည် နှစ်ဖက်စစ်ရေးတွင် အသုံးပြုနေသောကြောင့် တစ်နိုင်ငံလုံး စီးပွားရေးနစ်နာကျရှုံးနေရပါတယ်။

ဒါကြောင့် နိုင်ငံရေးနှင့် ပြည်သူများကြီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးကိုရရှိစေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

လက်ရှိ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)ဖြစ်မြောက်ရေးအတွက်လည်း ကျွန်တော်တို့ပါတီက သက်ဆိုင်ရာနှစ်ဖက်စလုံးကို အမြဲတိုက်တွန်းနေပါတယ်။ NCA စာချုပ်ချုပ်ပြီးနောက်ပိုင်း နိုင်ငံရေးမူဘောင်များ ရေးဆွဲညှိနှိုင်းပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက်မူဘောင် (Framework) ရေးဆွဲရာမှာလည်း ၅၆ ပါတီကိုယ်စားပြုမှာ ကျွန်တော်တို့ပါတီကလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်နေပါကြောင်း တင်ပြလိုပါတယ်။

နောက်ဆုံးအနေနဲ့တင်ပြလိုတာကတော့ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနဲ့ဖက်ဒရယ်ပြည်ထောင်စုအရေးတွေဟာ ယခု အစိုးရလက်ထက်မှာမှ အစပျိုးရုံသာ ရှိပါသေးတယ်။ ဒါကြောင့် ဒီအရေးတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် လာမယ့် ၂၀၁၅ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးချယ်ပေးရေးဟာ မဲဆန္ဒရှင်ပြည်သူအပေါင်းရဲ့တာဝန်ဖြစ်တာကြောင့် ကိုယ်စားလှယ်ရွေးချယ်ပေးရာမှာ ပါတီကိုလည်း စိစစ်ရွေးချယ်သင့်သလို ကိုယ်စားလှယ်လောင်းကိုလည်း သေချာစိစစ်ပြီး ရွေးချယ်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ ရွေးချယ်ရာမှာ အဓိကအချက်ကတော့ ပြည်သူများရဲ့ဆန္ဒနဲ့ဒေသအကျိုးကို စိတ်ရင်းစေတနာမှန်နဲ့ အမှန်တကယ်ဆောင်ရွက်ပေးမယ့် ပုဂ္ဂိုလ်တွေကိုပဲ အထူးဦးစားပေးရွေးချယ်ထားကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပါတီရဲ့ ဆောင်ပုဒ်ကတော့ **"ကိုယ်ကျိုးမဖက် ပြည်သူ့ဘက်က အမြဲရပ်တည် ဖက်ဒရယ်ပြည်ထောင်စုပါတီ"** ဖြစ်ပါကြောင်းနဲ့အတူ ကျွန်တော်တို့ FUP ပါတီဟာ ပြည်သူများရဲ့အကျိုးကို လိုလိုလားလားနဲ့သဘောထားဖြောင့်မတ်စွာ ဆောင်ရွက်ပါမယ်အကြောင်း ပြည်သူများအားလုံးရှေ့မှာ ဝန်ခံကတိပြုတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေခင်ဗျာ။

### တိုင်းရင်းသားတွေ လက်တွဲညီ အောင်ပွဲချီ

- [တို့ပြေ(ပြည်)ကို တို့ချစ်သည်၊ တို့မြေကို တို့ချစ်သည်
  ငါတို့ချစ်တဲ့ ပြည်ထောင်စုကို တိုးတက်စေရန်ရည်. . . .
  တိုင်းရင်းသားတွေ လက်တွဲညီ အောင်ပွဲချီ ဒီမိုကရေစီခေတ်သစ်
  လှမ်းတက်မည်. . ]၂
- ညီညွတ်မှုကို လေးစားယုံကြည် ထာဝရငြိမ်းချမ်းရေးကို မနှေးတည်ဆောက်မည် . . .
  ဖွံ့ဖြိုးတိုးတက်သာယာဝေစည် ကမ္ဘာ့အဆင့်မီ တက်လှမ်းချီ
  အမျိုးသားရေးတာဝန်အမှန်ဖြစ်သည် . . .
- [လွတ်လပ်သည် တန်းတူညီ တရားမျှတမှုအခြေတည်. . .
  ဖက်ဒရယ်စနစ်ကို ထူထောင်ကြမည် ခေတ်သစ်စနစ်ကို
  ဦးတည် . . . ]၂
- နိုင်ငံ့အကျိုးကို မျှော်ကာရည် စည်းလုံးမှုနဲ့ ဖော်ဆောင်မည် . . .
  တိုင်းရင်းသားတွေ လက်တွဲညီ အောင်ပွဲချီ ဖက်ဒရယ်
  ပြည်ထောင်စုပါတီ. . .

# ကချင်ဒီမိုကရက်တစ်ပါတီ

**လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်း မရှိပါ။**

## မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

### ရွေးကောက်ပွဲနေ့မှာ မှတ်ပုံတင် မဖြစ်မနေယူဆောင်သွားပါ။

- မဲရုံမပိတ်မီ တတ်နိုင်သမျှ စောစောသွားပါ။
- မဲပေးပုံ အဆင့်ဆင့်တိုင်း လုပ်ဆောင်ပါ။
- ဆန္ဒပြုရာတွင် အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကို ထင်ရှားစွာ ရိုက်နှိပ်ပါ။
- လွှတ်တော်သုံးရပ်အတွက် မဲသုံးမဲပေးရမည်ကို သတိပြုပါ။
- တတ်နိုင်ပါက မဲရေတွက်ရာတွင် ပါဝင်စောင့်ကြည့်နိုင်ပါသည်။

### ဒါတွေမလုပ်ပါနဲ့

- မဲရုံကို ဘာပစ္စည်းမှ မယူရပါ။
- မဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်မသွားရပါ။
- ပယ်မဲဖြစ်စေမယ့်အချက်များကို မပြုလုပ်ရပါ။
- အခြားမဲပေးသူများကို အနှောင့်အယှက်မပြုရပါ။
- **မဲရုံတစ်ရုံထက်ပိုပြီး မဲမပေးရပါ။**

### ဘာကြောင့် မဲပေးသင့်တာလဲ

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီဖြစ်စဉ်မှာ မဖြစ်မနေဖြတ်သန်းရတဲ့ အရာတစ်ခုပါ။ဒီမိုကရေစီဆိုတာ ပြည်သူအုပ်ချုပ်ခြင်း၊ ပြည်သူ့အစိုးရပါပဲ။ ဒီတော့ ရွေးကောက်ပွဲတွေဟာ ပြည်သူ့အတွက်၊ ပြည်သူ့ကိုယ်စား စီမံအုပ်ချုပ်ပေးမယ့် ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးချယ်ပေးရတဲ့ပွဲတစ်ခုပါ။ ပြည်သူလူထုဟာရွေးကောက်ပွဲတွေမှာ ပါဝင်မဲပေးရွေးချယ်ကြမှသာ ပြည်သူလူထုကို အမှန်တကယ်ကိုယ်စားပြုပြီး ပြည်သူ့အကျိုးကို အမှန်တကယ် သယ်ပိုးဆောင်ရွက်ပေးနိုင်မယ့် ကိုယ်စားလှယ်စစ်စစ်တွေပေါ်ထွက်လာနိုင်မှာ ဖြစ်ပါတယ်။ ယုံကြည်ချက်တူတဲ့ နိုင်ငံသားပေါင်းများစွာနဲ့ ဆန္ဒမဲပေါင်းများစွာကို ပေါင်းစည်းလိုက်ရင်တော့ အရာရာကို ပြောင်းလဲပစ်နိုင်တဲ့ အင်အားကြီး တစ်ရပ်ဖြစ်သွားမှာ အမှန်ပါပဲ။ ။





### မဲပေးပုံအဆင့်ဆင့်

၁။ မဲရုံသို့သွားရောက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ယူဆောင်သွားပါ။
၂။ ထိုသက်သေခံလက်မှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြသပြီး မဲစာရင်းစာရွက်ပေါ်ရှိ မိမိအမည်စာရင်းတွင် လက်မှတ်ထိုးပါ။
၃။ မဲလက်မှတ်ထုတ်ပေးသူထံမှ ဆန္ဒမဲလက်မှတ်ကို ထုတ်ယူပါ။
၄။ မဲလက်မှတ်ထုတ်ပြီးလျှင် လျှို့ဝှက်မဲပေးခန်း(သို့) လျှို့ဝှက်ဆန္ဒပြုရန်နေရာသို့သွားရောက်ပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်း၏အမည်နှင့် တံဆိပ်ဘေးရှိ ဆန္ဒပြုရန် လေးထောင့်ကွက်နေရာတွင် အမှန်အမှတ်အသား ပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုပါ။
၅။ ဆန္ဒပြုပြီးပါက မဲလက်မှတ်ကိုခေါက်၍ မဲပုံးရှိရာသို့ ယူဆောင်သွားပါ။
၆။ ဆန္ဒပြုထားသော မဲလက်မှတ်အခေါက်ကို သက်ဆိုင်ရာလွှတ်တော်မဲပုံးသို့ ကိုယ်တိုင်သွားရောက်၍ ထည့်ပါ။

မှတ်ချက်။ ။ အထက်ဖော်ပြပါအဆင့်များအတိုင်း လွှတ်တော်သုံးရပ်အတွက် ဆန္ဒမဲ သုံးကြိမ်ထုတ်၊ သုံးကြိမ် ဆန္ဒပြု၊ သုံးကြိမ် မဲထည့်ရမည်ဖြစ်သည်။ တိုင်းရင်းသားလွှတ်တော်အမတ်များအတွက် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးများမှ မဲတစ်မဲ ထပ်မံပေးရမည်။

### မဲဆန္ဒရှင်

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးကိုခေါ်ပါသည်။

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊
(ခ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊
(ဂ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ၊

### ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ

(က) သာသနာ့ဝန်ထမ်း၊
(ခ) ထောင်ဒဏ်ကျခံနေရသူ၊
(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်စာအုပ်မှ ထုတ်နတ်ဖော်ပြခြင်း ဖြစ်ပါသည်။

